
# နှင်းကျော်ညို

ဦးဟင်နိုင်ဦးဟင်နုတ်



၂၀၀၅

စာမူ ခွင့်ပြုချက်အမှတ် ၁၇၂/၉၄(၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၀၁/၉၄(၄)

ပထမအကြိမ်
၁၉၉၄ ခုနှစ်၊ [illegible] ဇွန်
တန်ဖိုး ၆၀/-၊ အုပ်ရေ [၄၀၀]

ထုတ်ဝေသူ ဦးတင်အုန်း(မြ၀၉၄၃)
မိုးမင်းစာပေ
အမှတ် ၉၃၊ ရိပ်သာလမ်း၊လေးဒေါင့်ကန်၊
သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ(မြ ၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ်(၁)၊ စပယ်ခြံ(၃)လမ်း၊
ကမာရွတ်၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန်(မြ၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

နန္ဒကျော်သူ

# 'ဉာဏ်နီဉာဏ်နက်'

[ပထမပိုင်း]

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး.... (ဒို့အရေး)
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... (ဒို့အရေး)
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... (ဒို့အရေး)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

နေရောင်ခြည်သည် ပူနွေးစွာ ကျရောက်နေ၏။

သစ်ရွက်များပေါ် တင်နေသော နှင်းများသည် နေရောင်ခြည် ထွက်ပေါ်လာသည်နှင့် အရည်ပျော်ကာ ကျလာလေသည်။

နေရောင်ခြည်အောက်ဝယ် နှင်းစက်ကလေးများသည် စိန်ပွင့်ကလေးများအသွင် တဖျပ်ဖျပ်နှင့် တောက်ပနေလေသည်။

'ယား....'

ထိုစဉ် မာန်သွင်းကာ အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်။

မြက်ခင်းပြင်ပေါ်ဝယ် အသက်ဆယ့်ရှစ်နှစ်ခန့်သာ ရှိသော လူငယ်လေးတစ်ယောက်က သိုင်းလေ့ကျင့်နေ၏။

သူသည် မာန်သွင်းကာအော်ဟစ်ရင်း အုတ်ကြွပ်ပြားတစ်ဆပ်ကို တံတောင်နှင့် ရိုက်ချလိုက်၏။

'ခွမ်း....'

ဟူသော မြည်သံနှင့်အတူ အုတ်ကြွပ်ပြားတစ်ထပ်မှာ ကျိုးပဲ့ကြေမွသွားလေသည်။

လူငယ်၏ မျက်နှာပေါ်တွင် ကျေနပ်သော အပြုံးတစ်ပွင့် ပေါ်ထွက်လာသည်။

ထို့နောက် လူငယ်သည် ဆက်လက်၍ သိုင်းကွက်များကို လေ့ကျင့်နေသည်။

လူငယ်တစ်ယောက်တည်း လေ့ကျင့်နေခြင်းဖြစ်သော်လည်း သူသည် တကယ့်ရန်သူတစ်ယောက်နှင့် တိုက်ခိုက်နေသည့်အလား အားမာန်အပြည့်နှင့် လျင်မြန်သွက်လက်စွာ လှုပ်ရှားနေလေတော့သည်။

....ဝ....

ခမ်းနားကြီးကျယ်သော အဆောက်အအုံတစ်ခု....

အဆောက်အအုံမှာ ပိသုကာလက်ရာ အလွန်မြောက်လှပြီး နှစ်ထပ်အဆောက်အအုံကြီးတစ်ခု ဖြစ်၏။



ထိုအဆောက်အအုံ၏ အပေါ်ထပ်လေသာဆောင်၌ လူကြီးတစ်ယောက် ရပ်နေ၏။

ထိုလူ၏ဥပဓိရုပ်က ခန့်ညားလှသလို ဝတ်စားဆင်ယင်မှုကလည်း အလွန် အထက်တန်းကျလှပေသည်။

ထိုလူသည်ကား....

ခန့်ကျင်းမြို့၏ အချမ်းသာဆုံးသော သူဌေးကြီး ဝမ်အင်းပင် ဖြစ်ပါသည်။

သူဌေးဝမ်အင်း ပိုင်ဆိုင်သော လယ်ယာများ၊ လုပ်ငန်းများကား ခန့်ကျင်းတစ်မြို့လုံး လက်ညှိုးထိုး၍ပင် မလွဲပါချေ။

သူဌေးကြီးဝမ်အင်းမှာ အလွန်ချမ်းသာသော်လည်း ဝင့်ကြွားမောက်မာခြင်း မရှိပါ။

သူသည် သဘောကောင်းသူတစ်ယောက်ဖြစ်၏။

အလှူအတန်းလည်း ရက်ရော၏။

ဆင်းရဲနွမ်းပါးသူများကိုလည်း ကူညီတတ်ပေသည်။

ထို့ကြောင့် ခန့်ကျင်းနယ်ရှိလူများက သူဌေးကြီးဝမ်အင်းအား ရိုသေလေးစားချစ်ခင်ကြပေသည်။

သူဌေးကြီးဝမ်အင်းမှာ လေသာဆောင်တွင်ရပ်ရင်းမှ သက်ပြင်းတစ်ချက် အသာချလိုက်၏။

ထို့နောက် ခေါင်းအသာခါယမ်းလိုက်၏။

'မဖြစ်ဘူး....မဖြစ်ဘူး'

ဟု အသံထွက်အောင်ပင် ညည်းတွားလိုက်လေသည်။

'ဘာတွေမဖြစ်တာလဲ သခင်ကြီး'

သူဌေးကြီးဝမ်အင်း၏ နောက်ဘက်မှ အသံထွက်ပေါ်လာသည်။

ဝမ်အင်းက လှည့်ကြည့်လိုက်ရာ သူ၏လူယုံတော် ဘဏ္ဍာစိုး ချီယုံချင်းအား တွေ့လိုက်ရ၏။

ချီယုံချင်းက ဝမ်အင်းအား အရိုအသေပြုကာ ဝမ်အင်း၏ အနီးတွင် ဝင်၍ရပ်လိုက်လေသည်။

ဝမ်အင်းက မေးငေါ့ပြလိုက်၏။

'ဟိုမှာကြည့်လေ'

ချီယုံချင်းက ဝမ်အင်းမေးငေါ့ပြရာသို့ လှမ်းကြည့်လိုက်၏။

မြက်ခင်းပြင်တွင် သိုင်းလေ့ကျင့်နေသော လူငယ်အား တွေ့လိုက်ရ၏။

ချီယုံချင်းက....

'သခင်လေးဝမ်လေ့ရဲ့ သိုင်းပညာက အတော်ကို အဆင့်မြင့်နေပါလား'

ဟု ချီးကျူးလိုက်၏။

ဝမ်အင်း၏မျက်နှာ မကြည်မလင်ဖြစ်သွား၏။

'တော်စမ်း'

ချီယုံချင်းက သူ့ပါးစပ်သူ အမြန်ပိတ်လိုက်၏။

သခင်ကြီးဝမ်အင်းသည် သူ၏သားဖြစ်သူ သိုင်းပညာ သင်ကြားလေ့ကျင့်ခြင်းကို မည်သည့်အခါမျှ သဘောကျနှစ်ခြိုက်ခြင်း မရှိသည်ကို သူက ကောင်းစွာ သိထားသည် မဟုတ်ပါလား။



ဝမ်အင်းက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး....

'ဒီကောင် အတော်ခက်တယ်၊ စီးပွားရေးလုပ်ငန်းကို လုံးဝစိတ်မဝင်စားဘူး'

ချီယုံချင်းက....

'သခင်လေးဟာ ထက်မြက်ပါတယ်၊ စာပေပညာမှာလဲ သူ့ကို ယှဉ်နိုင်တဲ့လူ ဒီမြို့မှာရှိလို့လား သခင်ကြီးရဲ့'

ဝမ်အင်း၏မျက်နှာပေါ်မှ တင်းမာမှု အရိပ်အယောင်များ လျော့ကျသွား၏။

ဝမ်အင်းက....

'ဟုတ်တယ်၊ ဒီကောင်က စာပေပညာတော့ အတော်သား၊ ဘာမဟုတ်တဲ့ သိုင်းပညာကို စိတ်ဝင်စားတာတော့ ဆိုးလွန်းတယ်ဗျာ'

ချီယုံချင်းက....

'သခင်လေးအသက် ငယ်ပါသေးတယ်၊ သူ အရွယ်ရောက်လာတဲ့အခါ သခင်ကြီးရဲ့လုပ်ငန်းတွေကို ဦးစီးနိုင်တဲ့ အရည်အချင်း သူ့မှာရှိပါတယ်'

ဝမ်အင်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'ကျုပ်မှာက သားတစ်ယောက်ပဲရှိတာ၊ ကျုပ်မျက်စိမမှိတ်ခင် သူက စီးပွားရေးလုပ်ငန်းတွေ ဦးစီးနိုင်တာကို တွေ့ချင်တယ်ဗျ၊ ချီယုံချင်း....'

'အမိန့်ရှိပါ သခင်ကြီး'

ဝမ်အင်းက တစ်ချက်စဉ်းစားလိုက်ပြီးမှ....

'သူ့ကို စီးပွားရေးလုပ်ငန်းတွေမှာ စိတ်ဝင်စားလာအောင် စည်းရုံးပါ၊ ဖျောင်းဖျပါ'

ချီယုံချင်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ သခင်ကြီး'

....၀....

ဝမ်လေ့က....

'ဘဘ....'

ချီယုံချင်းက မျက်ခုံးပင့်လိုက်ပြီး....

'ဘာများလဲ သခင်လေး'

ဝမ်လေ့က....

'ကျွန်တော့်ကို သိုင်းလောကအကြောင်း ပြောပြပါဦး'

ချီယုံချင်းက သက်ပြင်းချလိုက်၏။

'ခက်တယ် သခင်လေး'



ဝမ်လေ့က....

'ဘာခက်လို့လဲ ဘဘရဲ့'

ချီယုံချင်းက....

'သခင်ကြီးက သူ့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို သခင်လေး ဦးစီးဆောင်ရွက်လုပ်ကိုင်တာကို မြင်ချင်နေတယ်'

ဝမ်လေ့က ပြုံးလိုက်၏။

'ဘဘပြောတော့ ကျွန်တော့်ကို သိုင်းလောကမှာ နာမည်ကျော်တဲ့ သိုင်းသမားတစ်ယောက်ဖြစ်အောင် ကြိုးစားဆို'

ချီယုံချင်း မျက်လုံး ပြူးသွား၏။

မှန်ပေသည်။

ချီယုံချင် သည် တစ်ချိန်က သိုင်းလောကသား တစ်ယောက်ဖြစ်ခဲ့ပြီး အသက်အရွယ် ရလာမှ အေးချမ်းစွာနေလိုသည့်အတွက် သူဌေးကြီး ဝမ်အင်းထံတွင် ငင်ရောက် အမှုထမ်းခဲ့ခြင်း ဖြစ်၏။

သိုင်းသမား တစ်ယောက် ဖြစ်သော ချီယုံချင်းမှာ သိုင်းလောကအား စိတ်မကုန်ပါ။

ထို့ကြောင့်လည်း သိုင်းပညာ ထူးချွန်ထက်မြက်သော ဝမ်းလေ့အား သိုင်းလောကသား တစ်ယောက် ဖြစ်အောင် သူ တစ်ချိန်က တိုက်တွန်းခဲ့ခြင်း ဖြစ်ပေသည်။

စင်စစ် ဝမ်လေ့ သိုင်းပညာ စိတ်ဝင်စားလာခြင်းကား ချီယုံချင်း၏ ပယောဂ မကင်းပါ။

ဝမ်းလေ့ ငယ်စဉ်ကပင် သိုင်းလောက အကြောင်းများကို ပုံပြင်တစ်ပုဒ်သဖွယ် စိတ်ဝင်တစားဖြင့် ပြောပြခဲ့သည် မဟုတ်ပါလား....

ချီယုံချင်းက သက်ပြင်းချရင်း....

'အဲဒါပဲပြောပြော၊ တစ်နေ့ သခင်လေးက ဒီလုပ်ငန်းတွေကို ဦးစီးရမှာပဲ မဟုတ်လား၊ ဒါကြောင့် ကျွမ်းကျင်အောင် လေ့လာထားပါကွယ်'

ဟု ဖျောင်းဖျလိုက်၏။

ဝမ်းလေ့က....

'တစ်နေ့ဆိုတဲ့နေ့ မရောက်ခင်အထိတော့ ကျွန်တော်က သိုင်းလောကထဲ ဝင်ပြီး ကျင်လည် ကျက်စားမယ်၊ ထိပ်တန်း သိုင်းသမားတစ်ယောက် ဖြစ်အောင် ကြိုးစားမယ်'

ချီယုံချင်းက....

'ဒီလိုလဲ မဟုတ်သေးဘူး သခင်လေး'

သူသည် အမျိုးမျိုး လှည့်ပတ်ကာ ဖျောင်းဖျ ပြောဆိုလိုက်သည်။

အတန်ကြာသော့အခါ ဝမ်းလေ့က ထ,ရပ်လိုက်ပြီး....

'ဘာဘာချီ၊ ကျွန်တော် နားပူလာလို့ သွားခွင့်ပြုပါဦး'

ဟု ပြောင်စပ်စပ် ပြောရင်း အခန်းတွင်းမှ ပြေးထွက်သွားလေသည်။

ချီယုံချင်းမှာ ခေါင်းကို အသာ ခါယမ်းလိုက်သည်။



'မဖြစ်ဘူး၊ မဖြစ်တော့ဘူး'

ဟု အသံထွက်အောင်ပင် ညည်းတွား လိုက်မိလေတော့သည်။

....ဝ

ညနေဆည်းဆာအချိန်....

ခန့်ကျင်းမြို့ကလေး၏ ညနေဈေးတန်းသည် အတော်ပင် စည်ကားလျက် ရှိနေသည်။

အဝါရောင် ဝတ်စုံ စတ်ဆင်ထားသော လူတစ်ယောက်က ဈေးလမ်းအတွင်း ခပ်မှန်မှန်လျှောက်ရင်း မျက်လုံးကလည်း လူအများကို မသိမသာ အကဲခတ် ကြည့်နေသည်။

ထိုအခိုက် ကုန်သည်တစ်ယောက်ကမြင်းကိုဆွဲကာ ဈေးတန်းအတွင်း ဝင်ရောက်လာသည်။

အဝါရောင် ဝတ်စုံနှင့် လူ၏ မျက်လုံးများ တောက်ပသွားသည်။

သူသည် ကုန်သည်အနီး တိုးဝှေ့ကာ ချဉ်းကပ် သွားလိုက်သည်။

ခဏအကြာတွင် အဝါရောင် ဝတ်စုံနှင့်လူသည် ကုန်သည်၏ ငွေအိတ်ကို ကျွမ်းကျင်စွာ နှိုက်ယူလိုက်ပြီး ဖြစ်သည်။

ထို့နောက် ဈေးတန်းအတွင်းမှ ခပ်သွက်သွက် ထွက်သွားလေသည်။

သူသည် အမှောင်ရိပ် သန်းသော လမ်းကြားတစ်ခုအတွင်း ချိုးကွေ့လိုက်သည်။

သူ့လက်ထဲမှ ငွေအိတ်ကလေးအား ဖွင့်ကြည့်လိုက်သည်။

အဝါရောင် ဝတ်စုံနှင့် လူ၏ မျက်နှာ ပြုံးရွှင်သွားသည်။

'အများကြီးပါလား၊ ဒီတစ်ခါတော့ မွပြီ'

ဟု ဝမ်းသာအားရ ရေရွတ်လိုက်သည်။

ထိုစဉ် သူ၏ လက်တွင်းမှ ငွေထုပ်မှာ ရုတ်ခြည်းပျောက်ကွယ်သွားလေတော့သည်။

'ဟင်....'

အဝါရောင် ဝတ်စုံနှင့် လူက ထိတ်လန့်သွားပြီးနောက်လှည့်ကြည့်လိုက်သည်။

လူငယ်တစ်ယောက် ရပ်နေပြီး သူ၏လက်ထဲတွင် ငွေအိတ်ကလေး ကိုင်ထားသည်ကို တွေ့မြင်လိုက်ရသည်။

အဝါရောင် ဝတ်စုံနှင့် လူက မဲ့လိုက်ပြီး....

'မင်းက မိုက်ကြေး ခွဲချင်တဲ့ သဘောလား၊ ကျားကြီးကို ဘယ်သူမှ ဒီလို ကြောလို့ မရဘူး'

ဟု ဟိန်းဟောက်လိုက်သည်။



လမ်းကြားကလေးမှာ မှောင်နေသောကြောင့် လူငယ်၏ မျက်နှာအား ထင်ရှား သဲကွဲစွာ မတွေ့ရပါ။

လူငယ်က....

'ကျားကြီး ဟုတ်လား၊ ဒီငွေအိတ်ဟာ ခင်ဗျား၏ အိတ်မှ မဟုတ်ဘဲ'

ကျားကြီးက....

'ဟေ့သူငယ် ပြန်ပေးစမ်း၊ ကျုပ် ဒေါသထွက်လာရင် မင်း ဒုက္ခိတ ဖြစ်သွားမယ်'

လူငယ်က လှောင်ရယ်တစ်ချက် ရယ်မောလိုက်သည်။

'ကောင်းပြီ၊ဘယ်သူ ဒုက္ခိတဖြစ်မှာလဲသိချင်ရင် စမ်းကြည့်လိုက်ပါလား'

ဟု ရဲဝံ့စွာပင် ပြန်လည် စိန်ခေါ်လိုက်လေသည်။

ကျားကြီးမှာ ဒေါသ အလွန် ထွက်သွားသည်။

'မင်းလို မလောက်လေး မလောက်စားကောင်လေးကများ ကျားကြီးအကြောင်း သိစေရမယ်'

သူသည် ပြောပြီးသည်နှင့် လူငယ်၏မျက်နှာသို့ လက်သီး တစ်လုံး ပစ်သွင်းလိုက်သည်။

ကျားကြီး၏ အပေါင်းအသင်းများက ကျားကြီးအား အလွန် လက်မြန်သူဟု ချီးကျူးကြသည်။

ယခုလည်း သူ၏ လျင်မြန်လှသော လက်သီးချက်ကြောင့် လူငယ် လဲကျသွားမည်ဟု ထင်ထားခဲ့သည်။

သို့သော် လက်တွေ့တွင်ကား....

လူငယ်၏ လက်က သူ့ထက် များစွာ မြန်နေသည်။

လူငယ် သက်လှူပ်သည်ကိုပင် ကောင်းစွာ မတွေ့လိုက်ရဘဲ....
'မြန်း....မြန်း'

ကျားကြီး ခေါင်းတစ်ဘက် လှည့်သွားသည်။

သူ၏ပါးပြင် နှစ်ဘက်စလုံး ထူပူသွားသည်။
ကျားကြီးက ဖိုရှိ ဒေါသ ထွက်သွားသည်။
သူသည် လူငယ်ထံ အဘင်း တိုးဝင်ကာ လုံးသတ်လိုက်၏။
'မြန်း....'

ကျားကြီးမှာ နောက်ပြန် လဲကျသွားသည်။
သူ၏ ရင်ဝမှာ ဆယ်ပေါင်တူနှင့် အထုခံရသည့်အလား နာကျင်နေသည်။
ထိုစဉ် ခြေသံများ ကြားလိုက်ရပြီး ခါးပိုက်နှိုက် ခံရသော ကုန်သည်နှင့် အာဏာသား နှစ်ယောက် ရောက်ရှိလာသည်။
အာဏာသားများက ခါးပိုက်နှိုက်အား ခေါ်ဆောင်သွားပြီး လူငယ်ကလည်း ကုန်သည်အား ငွေအိတ် ပြန်ပေးလိုက်လေသည်။

....o....



'ကျေးဇူးတင်ပါတယ်'

လူငယ်က ပြုံးလိုက်ပြီး....

'မလိုပါဘူးဗျာ၊ ကူညီရမှာ ဝတ္တရားပါပဲ'

ကုန်သည်က....
'မိတ်ဆွေလေးရဲ့ သိုင်းပညာ အစွမ်းကို အဆင့်မြင့်တယ်ဗျ၊ မိတ်ဆွေလေးရဲ့ အမည်'

လူငယ်က....

'ဝမ်လွေ၊ ကျုပ်ရဲ့ သိုင်းပညာက ဒီလောက် မဟုတ်သေးပါဘူးဗျာ'

ကုန်သည်က....

'အို....ကျုပ်က မြှောက်ပြောတာ မဟုတ်ပါဘူး၊ ကျုပ်က ခရီးသွားနေတဲ့ လူပဲ၊ သိုင်းလောကသား အတော်များများနဲ့ လဲရင်းနှီးပါတယ်၊ မိတ်ဆွေလေးရဲ့ သိုင်းပညာဟာအမှန်ကို ကောင်းခဲ့တာပါ....'

ဝမ်လွေ ကျေနပ်သွား၏။

သူသည် သိုင်းလောကအကြောင်း အလွန် သိချင်သူ ဖြစ်သောကြောင့် ကုန်သည်အား မေးမြန်းမိသည်။

ထိုကုန်သည်ကလည်း စိတ်ရှည်လက်ရှည်ဖြင့် သိုင်းလောက အကြောင်းများကို ပြောပြလိုက်လေသည်။

ဝမ်လေ့မှာ ကုန်သည်ပြောပြသည့်သိုင်းလောကအကြောင်းများကို နားထောင်ရင်း သိုင်းလောကတွင် တစ်ကြိမ်လောက်ကျင်လည် ကျက်စားလိုသောစိတ်များ တဖွားဖွားနှင့် ပေါ်ပေါက်လာလေတော့သည်။

....၀....

နောက်တစ်နေ့....

ကုန်သည်သည် နံနက်စောစောပင် မြို့ထဲမှထွက်လာခဲ့၏။

သူသည် ခရီးဆက်ရဦးမည်မဟုတ်ပါလား။

ကုန်သည် မြို့တံခါးရောက်သောအခါ ဝမ်လေ့အား တွေ့လိုက်ရသဖြင့် အံ့သြသွားသည်။

ကုန်သည်က မြင်းလှည်းကိုရပ်လိုက်ပြီး....

'မိတ်ဆွေလေး ခိုင်ဖုံးဘက်ရောက်ရင် ဝင်လာခဲ့ပါ'

ဟု နှုတ်ဆက်ရင်း ဖိတ်ခေါ်လိုက်၏။



ဝမ်လေ့က တစ်ချက် ရယ်မောလိုက်ပြီး....

'ကျုပ် အခုလိုက်ရင်ကော မဖြစ်ဘူးလား'

ကုန်သည်က ရယ်မောလိုက်ပြီး....

'မိတ်ဆွေလေးက ရယ်စရာပြောနေပြန်ပြီ'

ဝမ်လေ့က....

'ကျုပ် ရယ်စရာပြောတာမဟုတ်ပါဘူး၊ ခင်ဗျားပြောတာနားထောင်ရင်၊ သိုင်းလောကဗဟုသုတရှာဖို့ ခရီးထွက်မလားလို့ဗျ'

ကုန်သည်က ဝမ်းသာသွား၏။

'မိတ်ဆွေလေးသာလိုက်မယ်ဆိုရင် ကျုပ်က ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုပါတယ်၊ ကဲ....ကဲ....လှည်းပေါ်တက်ပါ'

ဝမ်လေ့က မြင်းလှည်းပေါ်တက်လိုက်သည်နှင့် မြင်းလှည်းက ဆက်၍ ထွက်လာခဲ့လေသည်။

ဝမ်လေ့က နောက်တွင်ကျန်ခဲ့သော ခန့်ကျင်းမြို့ကို တစ်ချက် လှမ်းကြည့်လိုက်၏။

သူ၏ရင်မှာ တထိတ်ထိတ်နှင့် ခုန်နေသည်။

သူ့အတွက် ပထမဆုံး အတွေ့အကြုံ မဟုတ်ပါလား။

ဖော်မပြတတ်သော ခံစားမှုများလည်း ခံစားနေရလေသည်။

ဝမ်လေ့က အတွေးစများကို ဖြတ်တောက်လိုက်၏။

သူ အလွန်သွားလိုလှသော သိုင်းလောကအတွင်း မကြာမီ ကျင်လည်ရတော့မည် မဟုတ်ပါလား။

....o...

နေ့လည်ခင်းအချိန်....။

နေရောင်အောက်ဝယ် မြင်းလှည်းတန်းမှာ တရွေ့ရွေ့ သွားနေသည်။

ဝမ်လေ့မှာ မြင်းလှည်းပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ လှမ်းမျှော်ကြည့်နေလေသည်။

ထိုစဉ် အရှေ့ဘက်မှ အလံများ တလွင့်လွင့်ထူကာ လာနေသော မြင်းလှည်းတန်းတစ်ခုကို တွေ့လိုက်ရ၏။

ဝမ်လေ့က ကုန်သည်ဝူဘက်လှည့်ကာ....



'နောင်ကြီးဝူ၊ ရှေ့ကလာနေတာ ကုန်သည်တွေပဲလား'

ကုန်သည်ဝူက အရှေ့ဘက်လှမ်းကြည့်လိုက်ပြီး....

'ဩော်...ခေးနှစ်လက်အာမခံဌာနဗျ'

ဝမ်လေ့က မျက်မှောင်ကုတ်သွား၏။

'ခေးနှစ်လက်အာမခံဌာန ဟုတ်လား'

ကုန်သည်ဝူက....

'ဟုတ်တယ်'

သူသည် အာမခံဌာနအကြောင်းများ ပြောပြလိုက်၏။

ပြီးမှ....

'ခေးနှစ်လက် အာမခံဌာန ခေါင်းဆောင် တုကျူးဟာ သိုင်းလောကမှာ အတော်နာမည်ရတဲ့ လူတစ်ယောက်ပဲ၊ သူ့ရဲ့ သိုင်ကွာသမားမိန့် သိုင်းပညာဟာ အများကလေးစားကြရတယ်' ဟု ပြောပြလိုက်ပြန်၏။

ဝမ်လေ့က စိတ်ဝင်စားသွားသည်။

'ကျုပ် တုကျူးနဲ့ မိတ်ဆွေဖြစ်ချင်လိုက်တာ'

ကုန်သည်ဝူက....

'သာမန်ခရီးဆိုရင် တုကျူးကိုယ်တိုင်မပါဘူးဗျ၊ ရှေ့မြို့မှာ သူတို့နားမှာပါ၊ အဲဒီမှာဆုံတော့မှ ကျုပ် မိတ်ဆက်ပေးပါ့မယ်၊ ခေးနှစ်လက် အာခံဌာနကလူတွေနဲ့ ကျုပ် ရင်းနှီးပါတယ်'

ဝမ်လေ့မှာ အလွန်စမ်းသာသွားလေသည်။

နားရမည့်မြို့သို့ အမြန်ဆုံးရောက်လိုသော ဆန္ဒများ ဖြစ်ပေါ်လာလေတော့သည်။

....၀....

စားသောက်ဆိုင်တစ်ဆိုင်....

စားသောက်ဆိုင်တွင်းဝယ် ဓားနှစ်လက်အာမခံဌာနမှ လူများက စုဝေးကာ စားသောက်နေကြ၏။

ကုန်သည်ဝူက ဝမ်လေ့အားခေါ်ကာ ဓားနှစ်လက်အာမခံဌာန လူများနှင့် မိတ်ဆက်ပေးလိုက်သည်။

ဤတစ်ခေါက်တွင် ဓားနှစ်လက်အာမခံဌာနခေါင်းဆောင်တုကျူး မပါလာသည့်အတွက် ဝမ်လေ့၏ဆန္ဒ မပြည့်ဝပါ။

သို့သော် ဓားနှစ်လက်အာမခံဌာနမှ ဌာနခွဲမှူးတစ်ယောက်ဖြစ်သူ ယန်ကနှင့် သိကျွမ်းခွင့်ရလိုက်၏။



ယန်တမှာ ဝမ်လေ့ထက် လေးငါးနှစ်ခန့်မျှသာ ကြီးသော လူရွယ်တစ်ယောက်ဖြစ်သည်။

ထို့ကြောင့် သူတို့နှစ်ဦးမှာ တစ်ခဏအတွင်း ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်သွားကြလေတော့သည်။

ညနေစောင်းအချိန်တွင် ယန်တတို့လူစု ခရီးဆက် ထွက်သွားကြလေတော့သည်။

....၁....

ခိုင်ဖုံးမြို့....

ဝမ်လေ့မှာ ခရီးလမ်းဆုံးဖြစ်သော ခိုင်ဖုံးမြို့သို့ရောက်ရှိလာလေသည်။

ခိုင်ဖုံးမြို့မှာ အလွန်ကြီးကျယ်ခန်းနားလေသည်။

သူနေထိုင်ရာ စန့်ကျင်းမြို့နှင့် နှိုင်းယှဉ်လျှင် နှစ်ဆမက ကြီးမားသည်ဟု ဆိုရပေမည်။

ကုန်သည် ဝူ အိမ်တွင် ဝမ်လေ့က လိုက်လံတည်းခိုခဲ့၏။

နောက်တစ်နေ့တွင်....

ကုန်သည် ဝူက....

'ဝမ်လေ့... ခင်ဗျား ကံကောင်းတာပဲ'

ဝမ်လေ့က....

'ဘာဖြစ်လို့လဲ နောင်ကြီး ဝူ'

ကုန်သည်ဝူက....

'ခရေကျေးရွာမှာ သိုင်းပြိုင်ပွဲ ကျင်းပမယ်လို့ သတင်းရတယ်ဗျ'

ဝမ်းလေ့က အလွန်စိတ်ဝင်စားသွား၏၊

ကုန်သည်ဝူက....

'ခရေကျေးရွာက သုံးနှစ်တစ်ကြိမ် သိုင်းပြိုင်ပွဲ ပြုလုပ်ပြီး ပထမ၊ ဒုတိယ၊ တတိယရတဲ့လူတွေကို ဆုချီးမြှင့်တယ်၊ နေပြည်တော်မှာ အမှုထမ်းချင်ရင် အမှုထမ်းခွင့်ရအောင် ဆောင်ရွက်ပေးတယ်၊ ခင်ဗျားတို့လိုလူငယ်တွေ အများဆုံး လာပြိုင်ကြတယ်ဗျ'

ဝမ်လေ့က....

'အတော်ပဲ၊ ကျွန်တော် သွားကြည့်ချင်တယ်'

ကုန်သည် ဝူက....

'မပူနဲ့၊ ကျုပ် လိုက်ပို့ပါ့မယ်ဗျာ'

....၀....



ခရေကျေးရွာ....

ခရေကျေးရွာသည် ခိုင်ဖုံးမြို့၏ တောင်ဘက် ဆယ်မိုင်ခန့် အကွာတွင် ရှိပေသည်။

ခရေကျေးရွာဟုဆိုသည့်အတွက် ကျေးရွာတစ်ခုဟု ထင်ခဲ့သော ဝမ်လေ့မှာ ခရေးကျေးရွာအနီးရောက်မှပဲ သူ၏အထင်မှားသွားကြောင်း သိလိုက်ရ၏။

ခရေကျေးရွာဟူသည် ကျေးရွာတစ်ခု မဟုတ်ပါ။

ခြံဝင်းတစ်ခု၏ အမည်သာ ဖြစ်လေသည်။

ခရေကျေးရွာခြံဝင်းသည် သိုင်းလောကတွင် နာမည်ကျော်ကြားသော ခြံဝင်းတစ်ခု ဖြစ်ပေသည်။

ခရေကျေးရွာပိုင်ရှင်သည် အာဏာသား ခေါင်းဆောင်ကျန်လောက်ခန်းဖြစ်၏။

ကျန်လောက်ခန်းသည် အမှုထမ်းဘဝမှ အငြိမ်းစားယူခဲ့ပြီးနောက် ခရေကျေးရွာကို တည်ထောင်ခဲ့၏။

သိုင်းလောကအတွင်း လူတော်လူကောင်းများ ပေါ်ထွက်ရေးကို ဦးတည်ပြီး သုံးနှစ်တစ်ကြိမ်ကျ ပြိုင်ပွဲကျင်းပကာ ဆုချီးမြှင့်ပေးခဲ့၏။

ယနေ့တစ်ကြိမ်သည် တတိယအကြိမ်ပင် ရှိပြီဖြစ်ပါသည်။

....၀....

ခရေကျေးရွာဝင်းအတွင်း....

ခြံဝင်းမှာ ဆယ်ဧကခန့်မက ကျယ်ဝန်း၏။

ခြံဝင်းတစ်ဘက်တွင် ယာယီတဲများ ဆောက်လုပ်ပေးကာ ပြိုင်ပွဲဝင်များ နေထိုင်နိုင်ရန် ပြုလုပ်ပေးထား၏။

ပရိသတ်များကမူ ခိုင်ဖုံးမြို့နှင့် နီးသည့်အတွက် နေရာထိုင်ခင်း စီစဉ်ပေးရန် မလိုပါချေ။

ကျန်လောက်ခန်းက စာရင်းစာရွက်ကို ယူကြည့်လိုက်၏။

ပြိုင်ပွဲဝင်ပေါင်း နှစ်ဆယ်ကျော်မျှရှိသည်ကို တွေ့သောအခါ ကျေနပ်ဝမ်းသာသွား၏။

ပထမအကြိမ် ပြိုင်ပွဲကျင်းပစဉ်က လူနှစ်ဆယ်ခန့်သာ ရှိ၏။

ဆုငွေနည်းသည်ကြောင့် ဆုကြေးစား သိုင်းသမားများ မလာကြပါ။

ယခုမူ ဆုငွေနည်းသည် များသည်ထက် ခရေကျေးရွာဆုံရှင်အဖြစ် သိက္ခာသည် ပို၍အရေးပါလာခဲ့ပြီ ဖြစ်၏။

ထို့ကြောင့်လည်း ပြိုင်ပွဲဝင်သူ လူငယ်ဦးရေ များပြားလာခြင်း ဖြစ်ပါသည်။

ခြံဝင်းတွင်းရှိ ယာယီတဲတွင် ပြိုင်ပွဲဝင်သိုင်းသမားလေးဆယ်ခန့်သာ ရှိပေသည်။

ကျန်သူများက ခိုင်ဖုံးမြို့တွင်ပင် တည်းခိုပြီး နံနက်မှလာ၍ ယှဉ်ပြိုင်ကြမည် မဟုတ်ပါလော။

....ဝ....



လဆန်းသုံးရက်....

နံနက်နေထွက်ချိန်မှာပင် ပြိုင်ပွဲစင်မြင့်ရှေ့တွင် ပရိသတ်များ အတော်စုံနေပြီ ဖြစ်၏။

စင်မြင့်မှာ ပေသုံးဆယ်ကျယ်ပြီး ပေတစ်ရာနှစ်ဆယ်တိတိ ရှည်၏။

စုစုပေါင်း ပြိုင်ပွဲလေးပွဲစာ တစ်ပြိုင်နက် ကျင်းပခြင်း ဖြစ်၏။

ရှုံးထွက်ယှဉ်ပြိုင်ပြီး နောက်ဆုံး ကျန်သူသုံးယောက်သာ ရွေးချယ်သောစနစ် ဖြစ်သည်။

ကျန်လောက်ခန်းက ပရိသတ်များအား ပြောနေကျစကားများပင် ပြောကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်၏။

ဝမ်လေ့မှာ ပြိုင်ပွဲကို စိတ်ဝင်စားစွာ ကြည့်နေ၏။

သို့သော် ယှဉ်ပြိုင်သူ လူငယ်များအားကြည့်ရင်း အားမလိုအားမရစိတ်များ ဖြစ်ပေါ်မိ၏။

တစ်ကြိမ်တွင် သိုင်းသမားလူငယ်တစ်ယောက်မှာ ပြိုင်ဘက်လူငယ်အား အနိုင်ယူနိုင်သော သိုင်းကွက်လေးကွက်သာမက အသုံးမချတတ်ဘဲ လက်လွှတ်နေရသည်ကို တွေ့သောအခါ အားမလို အားမရဖြစ်ကာ ဝေဖန်မိ၏။

'နလိုက်တာ၊ ဗျိုင်းဖြူတောင်ပံဖြန့် သိုင်းကွက်သာသုံးရင် နိုင်သွားပြီ'

ထိုစဉ်....

'ဟုတ်တာပေါ့၊ ညီလေးဝမ်လေ့က ဘယ်ဆိုးလို့လဲ'

ဟူသောအသံက ဝမ်လေ့၏ နောက်ကျောမှ ထွက်ပေါ်လာ၏။

ဝမ်လေ့က လှည့်ကြည့်လိုက်ရာ ခေါ်းနှစ်လက်အာမခံဌာနမှ ယန်တာဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ယန်တာက ပြုံးပြလိုက်ပြီး....

'ကျုပ် ကုန်သည့်ဂူအိမ်ရောက်တယ်၊ ညီလေး ဒီသွားတယ်ဆိုလို့ လိုက်လာတာ'

ဝမ်လေ့က....

'ဟုတ်ကဲ့... သိုင်းပြိုင်ပွဲရှိတယ်ဆိုလို့ လာကြည့်တာပါ'

ယန်တာက....

'ကြည့်ရုံတင်ပဲလား'

ဝမ်လေ့က ကြောင်သွားပြီး....

'ဘာဖြစ်လို့လဲ'

ယန်တာက....

'ညီလေး ဝင်မပြိုင်ဘူးလား'

ဝမ်လေ့က ပြုံးလိုက်ပြီး....

'မပြိုင်ပါဘူး'

ယန်တာက....

'တကယ်ဆိုရင် ညီလေးပြိုင်သင့်တယ်'

ဝမ်လေ့က....

'ဘာဖြစ်လို့လဲ'



ယန်တာက....

'ညီလေးက သိုင်းလောကဇဟုသုတလိုချင်ရင်၊ တိုက်ပွဲအတွေ့အကြုံလိုချင်ရင် အခုလို ပြိုင်ပွဲမျိုးက အတွေ့အကြုံကိုအရင်ယူသင့်တယ်'

ဝမ်လေ့မှာ တွေဝေသွား၏။

ယန်တာက....

'ကဲ.... ဘယ်လိုလဲ ညီလေးပြိုင်မလား'

ဝမ်လေ့က....

'အစ်ကိုကော'

ယန်တာက ရယ်မောလိုက်ပြီး....

'အစ်ကိုက ပထမအကြိမ်ပြိုင်ပွဲမှာ ဒုတိယရခဲ့တယ်၊ ဝင်ပြိုင်ဖို့မလိုတော့ဘူး'

ဝမ်လေ့က....

'ဘယ်သူမဆို ပြိုင်လို့ရသလား'

ယန်တာက....

'သိပ်ရတာပေါ့၊ 'ကဲ....အစ်ကိုသွားပြီး စာရင်းသွင်းလိုက်မယ်'

သူသည် ပြောပြောဆိုဆိုနှင့် ထွက်သွားရာဝမ်လေ့မှာ ဟန့်တားရန်ပင် အချိန်မရ လိုက်ပါချေ။

.... ✿ ....

ခန့်ကျင်းမြို့....

သူဌေးကြီး ဝမ်အင်း၏ဂေဟာ....

ဧည့်ခန်းအတွင်း၌ ဝမ်အင်းက ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် နေ၏။

အတန်ကြာမှ ရပ်လိုက်ပြီး....

'ချီယုံချင်း'

ဟု ခေါ်လိုက်၏။

ချီယုံချင်းက....

'အမိန့်ရှိပါ သခင်ကြီး'

ဝမ်အင်းက....

'ဝမ်းလွှ ဒီမြို့မှာ မရှိတာ သေချာပြီပေါ့'

ချီယုံချင်းက....

'ဟုတ်ကဲ့....သခင်လေးက ကုန်သည်တစ်စုနဲ့ လိုက်ပါသွားတယ်လို့ သတင်းရပါတယ်'

ဝမ်အင်းက....

'သူက သိုင်းလောကထဲ ဝင်ကြည့်မလို့ဘဲ မဟုတ်ဘား'

ချီယုံချင်း ပါးစပ်ပိတ်ထားလိုက်၏။

ဝမ်အင်းက....

'သူ့ကို ခင်ဗျား နောက်ကလိုက်ကူညီပါ၊ သူ ဘယ်သွားတယ်ဆိုတာ အမြန်ဆုံ ရအောင်ရှာ၊ သတင်းမှန်မှန်ပို့၊ သူ့ကို ခင်ဗျား နောက်ကွယ်က စောင့်ရှောက်'

ချီယုံချင်း အံ့သြဝမ်းသာသွား၏။

'ဟုတ်....ဟုတ်ကဲ့....သခင်ကြီး'



ဝမ်အင်းက....

'ဒီအရွယ်မှာ သူလုပ်ချင်တာ စူးစမ်း လေ့လာချင်တာကို လွှတ်ပေးထားရမှာပဲ၊ သူ့ အန္တရာယ်ကို မရှိအောင် လမ်းမှန်ပေါ်ရောက်အောင် ထိန်းကျောင်းပေးရမှာက ကျုပ်တို့ရဲ့ ငတ္တရားပဲမဟုတ်လား၊ ကဲ သွားတော့ မနက်စောစောသွား၊ ငွေကြေး လုံလုံလောက်လောက် ထည့်သွား'

သိုင်းပြိုင်ပွဲ နောက်ဆုံးနေ့....

နောက်ဆုံးနေ့ ဖြစ်သည့်အတွက် ဖရိသတ်က ပို၍ များပြားနေ၏။

စင်မြင့်ပေါ်တွင် လူလေးယောက်သာ ကျန်တော့၏။

ထိုလူလေးယောက်မှာ နှစ်ပွဲ ယှဉ်ပြိုင်ကြရမည်ဖြစ်၏။

နောက်ဆုံးကျန်သူ တစ်ဦးက ပထမဆုရှင်ဖြစ်ပြီး ကျန် သုံးဦးတည်းမှ နှစ်ဦးက ဒုတိယနှင့် တတိယ ရကြမည်ဖြစ်၏။

ယခုလေးဦးမှာ ခရေကျေးရွာမှ ကျန်လောက်ခန်း၏တပည့် ကျန်ယု၊ ခိုင်ဖုံးမြို့မှ ရှဲနိုင်၊ ဝါးတစ်ရာဂေဟာမှ စုပိုက်နှင့် ဝမ်လွှေတို့ပင် ဖြစ်၏။

နေထွက်လာပြီဖြစ်၏။

ယှဉ်ပြိုင်မည့်သူ လေးယောက် စင်ပေါ်သို့ ရောက်ရှိလာကြပြီး ဒိုင်များကို ဂါဝရပြုလိုက်ကြ၏။

အိမ်ရှင်ဖြစ်သူ ကျန်ယုမှာ ပရိသတ်၏အားပေးမှု အခံရဆုံးပင် ဖြစ်ပေသည်။

ဒိုင်ဖြစ်သူ ကျန်ယုမှာ ပရိသတ်ဘက်လှည့်၍....

'ပြိုင်ပွဲတစ် ကျန်ယုနဲ့ ရှဲနိုင်၊ ပြိုင်ပွဲနှစ် စုပိုက်နဲ့ ဝမ်လေ့'

ဟု ကြေညာပေးလိုက်၏။

ပြိုင်ပွဲနှစ်ပွဲစလုံး တစ်ပြိုင်တည်း ကျင်းပလိုက်လေသည်။

ဝမ်လေ့မှာ စုပိုက်နှင့် ယှဉ်ပြိုင်မိသည်နှင့် လွယ်ကူစွာ အနိုင်ယူနိုင်ကြောင်း သိလိုက်၏၊

သူသည် နောက်တစ်ပွဲ ယှဉ်ရဦးမည် ဖြစ်သောကြောင့် အချိန်ဆွဲမနေဘဲ ပွဲကို မြန်မြန်သိမ်းကာ အနိုင်ယူလိုက်၏။

ကျန်ယုနှင့် ရှဲနိုင်ပွဲမှာမူ အတော်ပင် ကြည့်ကောင်းပေသည်။

သိုင်းကွက်တစ်ရာကျော် ယှဉ်ပြိုင်ပြီးမှ ကျန်ယုက အနိုင်ရရှိသွားလေသည်။

နောက်ဆုံးပြိုင်ပွဲ မစမီ ပြိုင်ဘက်နှစ်သင်းစလုံးအား အနားပေးထား၏။

ကျန်ယုမှာ အိမ်ရှင်ဖြစ်သောကြောင့် သူ့အနီးတွင် လူများဝိုင်းနေ၏။

ဝမ်လေ့၏အနီးတွင်မူ ယန်တ တစ်ဦးတည်းသာရှိ၏။

ယန်တက....

'ညီလေးရဲ့သိုင်းပညာက အဆင့်မြင့်တယ်၊ တိုက်ပွဲ အတွေ့အကြုံသာ ရှိခဲ့ရင် ညီလေးက ကျန်ယုကို သိုင်းကွက် ဆယ်ကွက်လောက်နဲ့ပဲ အနိုင်ယူနိုင်မှာ သေချာတယ်'

ဝမ်လေ့က ပြုံးရုံသာ ပြုံးလိုက်၏။

သူက ယန်တအား ဘာမှပြန်မပြောပါ။

ထိုစဉ်....ပြိုင်ပွဲစရန် အချက်ပေးသံကို ကြားလိုက်ရ၏။



ဝမ်လေ့က စင်မြင့်ပေါ်တက်ကာ ကျန်ယုနှင့် ယှဉ်ပြိုင်လိုက်၏။

ကျန်ယု၏ လက်ဝါးသိုင်းပညာသည် မဆိုးလှပါ။

ဝမ်လေ့အား သိုင်းကွက်သုံးဆယ်အတွင်း အနိုင်ယူ သွားလေတော့သည်။

ပရိသတ်၏ သြဘာသံများကား ခရေကျေးရွာအတွင်း ဟိန်းထွက်သွားလေတော့သည်။

....၀....

ထိုနေ့ည....

စားသောက်ဆိုင် တစ်ခုအတွင်း ဝင့်ကြွားစွာနှင့် ယန်တတို့ထိုင်နေကြ၏။

ယန်တက ...

'ညီလေး၊ ကျန်ယုကို ဘာကြောင့် အရှုံးပေးလိုက်တာလဲ'

ဟု ရုတ်တရက်မေးလိုက်၏။

ဝမ်လေ့ကာ....

'အရှုံးပေးတာ မဟုတ်ပါဘူး၊ ကျန်ယုရဲ့ သိုင်းပညာကိုက ကျွန်တော့်ထက် သာနေလို့ပါ'

ယန်တာက မဲ့လိုက်၏။

'ညီလေး၊ ကျုပ်က သိုင်းလောကထဲ ကျင်လည်ခဲ့တာ ခုနစ်နှစ် ရှိခဲ့ပြီ၊ တိုက်ပွဲအတွေ့အကြုံလဲ မနည်းတော့ဘူး အမှားအမှန်ကို ကောင်းကောင်း ခွဲခြားနိုင်ပါတယ်'

ဝမ်လေ့ ဝါးစပ်ပိတ်သွား၏။

မှန်ပေသည်။

သူသည် တမင်ပင် ပထမဆု မယူလိုသဖြင့် ကျန်ယူအား အရှုံးပေးလိုက်ခြင်း ဖြစ်၏။

ခရေကျေးရွာ၏ ပထမဆုကို သူမမက်မောပါ။

သူ့အတွက် သိုင်းလောကအတွေ့အကြုံသာ ရှာလိုခြင်းအတွက် တမင် ဝင်ပြိုင်ခြင်းဖြစ်၏။

ကျန်ယုကား ထိုပြိုင်ပွဲမှတစ်ဆင့် အမှုထမ်းဘဝ တက်မည့်သူ ဖြစ်သောကြောင့် သူက တမင် ကျန်ယူအား အရှုံးပေးလိုက်ခြင်း ဖြစ်၏။

ယန်တာက....

'ညီလေးအနေနဲ့ ကျန်ယုကို အရှုံးပေးတာ ဘာကြောင့်လဲ' ဟု ထပ်မေးလိုက်၏။

ဝမ်လေ့က လိမ်ညာမရတော့မှန်း သိလိုက်သဖြင့် အမှန်အတိုင်း ပြောပြလိုက်လေသည်။



ယန်တာက....

'ညီလေးရဲ့စိတ်ထားကို ချီးကျူးပါတယ်၊ ဒြော်....ဒါထက် ညီလေးကို ကျုပ် တစ်ခါတည်း နှုတ်ဆက်ခဲ့မယ်'

ဝမ်လေ့က မျက်မှောင်ကုတ်သွားပြီး...

'အစ်ကိုက သွားတော့မလို့လား'

ယန်တာက....

'ဟုတ်တယ်၊ အစ်ကိုတို့ဌာနချုပ် ခုံမင်းဆီက သတင်းလာတယ်၊ အမြန်ပြန်ရမယ် ခရီးထွက်စရာရှိဘယ်လေ'

ဝမ်လေ့က....

'ကျွန်တော် လိုက်ချင်လိုက်တာ'

ယန်တာက သက်ပြင်းချလိုက်၏။

'အစ်ကိုလဲ ခေါ်ဖို့ စိတ်ကူးထားပါတယ်၊ ဒါပေမယ့်....'

ဝမ်လေ့က....

'ဒါပေမယ့်....ဘာဖြစ်လို့လဲ'

ယန်တာက....

'ဒီဘစ်ခေါက် အရေးကြီးလို့ နှစ်ဖွဲ့ ပေါင်းသွားရမယ်တဲ့၊ ဒါကြောင့် နောင် ကြုံတဲ့အခါမှ အစ်ကိုခေါ်ပါ့မယ်'

ဝမ်လေ့ကလည်း အလိုက်သိစွာဖြင့် ဆက် မပြောတော့ပါချေ။

မင်းလမ်းမတစ်ခု....

မင်းလမ်းမပေါ်ဝယ် လူသွားလူလာများဖြင့် စည်ကားနေ၏။

ဤ မင်းလမ်းမကား ချင်ကုန်းမြို့၏ အနောက်ဘက် ယွန်းယွန်းတွင် ရှိလေသည်။

ချင်ကုန်းမြို့သည် ကြီးမားသော မြို့တစ်ခုမဟုတ်သော်လည်း စီးပွားရေး အချက်အခြာကျသော နေရာတစ်ခုဖြစ်၏။

အနယ်နယ်အရပ်ရပ်သို့ သွားရာ လမ်းဆုံမြို့ တစ်မြို့လည်း ဖြစ်ပေသည်။

ထိုအခိုက်....

'ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

မင်းလမ်းပေါ်တွင် မြင်းစီးသမားတစ်စု လျင်မြန်စွာ ခရီးဆက်လာနေသည်ကို တွေ့မြင်ရ၏။

မြင်းစီးသမားအချို့သည် အလံများ ကိုင်ဆောင်လာ၏။

လေထဲတွင် တလူလူလွင့်နေသော လေများကလည်း အလွန်အမင်းပင် ကြည့်ကောင်းပေသည်။

အလံများမှာ ရောင်စုံအလံများဖြစ်ပြီး အလံပေါ်တွင် ဓားနှစ်လက်ကို ကြက်ခြေခတ်သဏ္ဍာန် ရွှေချည်ဖြင့်ရက်ကာ ပုံဖော်ထားလေသည်။

ထိုအလံများကို တွေ့သည်နှင့် ထိုမြင်းစီး သမားများသည် ဓားနှစ်လက် အာမခံဌာနမှ ဖြစ်ကြောင်း သိလိုက်ကြ၏။

လုယန်၊ ခိုင်ဖုံး၊ ချင်ကုန်းမြို့ထဲတစ်လျှောက်တွင် ဓားနှစ်လက် အာမခံဌာနသည် နာမည်ကျော်ကြားသည် မဟုတ်ပါလား။



ဓားနှစ်လက် အာမခံဌာနခေါင်းဆောင် တကျူးသည် သိုင်းပညာ ထက်မြက်သည့်အပြင် မိတ်ဆွေအပေါင်းအသင်းများသူဖြစ်၏။

သူသည် လူတိုင်းနှင့် အဆင်ပြေအောင် ပေါင်းသင်းတတ်သောကြောင့် သူ၏အာမခံဌာနအား နှောင့်ယှက်သူကင်းမဲ့သဖြင့် တစ်နေ့ခြား နာမည်ကျော်ကြားလာခဲ့ခြင်း ဖြစ်ပါသည်။

ယခုလည်း ဓားနှစ်လက်အာမခံဌာနမှ ချီတက်လာနေရာ သူတို့သည် တစ်စုံတစ်ခုအား သယ်ဆောင်လာကြောင်း သိသာပေသည်။

မြင်းစီးသမားများက လျင်မြန်သောအရှိန်အဟုန်ဖြင့်ချီတက်လာခဲ့ရာ မကြာမီ ချင်ကုန်းမြို့အနီးသို့ ရောက်ရှိလာလေသည်။

....၀....

ဓားနှစ်လက် အာမခံဌာနအလံသည် လေထဲတွင် တလူလူလွင့်နေ၏။

မကြာမီ ဓားနှစ်လက် အာမခံဌာနသားများသည် ချင်ကုန်းမြို့အတွင်းသို့ ဝင်ရောက်လာလေသည်။

အာမခံဌာနသားများအား ဦးဆောင်လာသူမှာ ယန်တာပင် ဖြစ်ပါသည်။

ယန်တာက ချန်ကုန်းမြို့လယ်ကို ဖြတ်ကျော်လာခဲ့၏။

မြို့အနောက်ဘက် ဆင်ခြေဖုံးရပ်ကွက်တစ်ခုသို့ ရောက်သောအခါ ခြံဝင်းကျယ်တစ်ခုရှေ့တွင် ဓားနှစ်လက်အာမခံဌာနအလံ တစ်ခု စိုက်ထူထားသည်ကို တွေ့လိုက်ရ၏။

ယန်တာတို့လူစုက ခြံဝင်းထဲသို့ ဝင်သွားကြလေသည်။

ခြံဝင်းထဲတွင် ဓားနှစ်လက်အာမခံဌာနသား သုံးလေးဦးက သူတို့အား စောင့်ကြိုနေ၏။

အာမခံဌာနသား တစ်ဦးက....

'ဆရာယန်တာ၊ ခေါင်းဆောင်ကြီး အထဲမှာ စောင့်နေပါတယ်'

ဟု သတင်းပို့လိုက်၏။

ယန်တာက မြင်းပေါ်မှဆင်းလိုက်ပြီး အဆောက်အအုံအတွင်းသို့ လှမ်းဝင်သွားလေသည်။

သူ့အား ခေါင်းဆောင်ကြီးတုကျူးက အမြန်လိုက်လာရန် မှာလိုက်သောကြောင့် ကိစ္စအရေးကြီးမည်ဟု တွက်ဆထား၏။

ယခုအစ်ဖန် ခရီးထွက်ရာတွင် ခေါင်းဆောင်ကြီး တုကျူးကိုယ်တိုင် လိုက်ပါလာသောကြောင့် သူ့အတွေး မှန်ရမည်ဟု ပို၍ ယုံကြည်သွားလေသည်။

ယခုနှစ်ပိုင်းအတွင်း သူတို့အာမခံဌာနအနေနှင့် အရေးကြီးသောပစ္စည်း ပို့ပေးရခြင်းမျိုး မရှိခဲ့ပါ။

ယန်တာမှာ ပို၍ သွက်လက်လာ၏။



ယန်တာသည် ရှည်လျားသောစင်္ကြံကို ဖြတ်ကျော်ကာ အခန်းတစ်ခုအတွင်းသို့ လှမ်းဝင်လိုက်၏။

အခန်းထဲတွင် တုကျူးကို တွေ့လိုက်ရ၏။

ယန်တာက ချက်ချင်းပင် ဦးညွှတ်အရိုအသေပြုကာ....

'ကျွန်တော် ယန်တာ ရောက်လာပါပြီ ခေါင်းဆောင်ကြီး'

ဟု သတင်းပို့လိုက်၏။

တုကျူးမှာ အသက်ငါးဆယ်ခန့်ရှိ၏။

ဥပဓိရုပ်က မြင်သူတိုင်း လေးစားထိုက်သော ရုပ်ရည်မျိုး ရှိ၏။

တုကျူးသည် သဘောကောင်းသူဖြစ်သည့်အတွက် ငယ်သားများက အလွန်လေးစား ချစ်ခင်ကြပေသည်။

တုကျူးက....

'အချိန်မီပဲ၊ ခဏနေရင် ကျုပ်တို့ ပစ္စည်းလက်ခံရမယ်'

ယန်တာက....

'အရေးကြီးတဲ့ပစ္စည်းထင်တယ်'

တုကျူးက ပြုံးလိုက်ပြီး....

'ပို့ဆောင်ခဟာ ကျုပ်တို့ရဲ့ တစ်နှစ်ဝင်ငွေထက်မက ရမှာပဲလေ'

ယန်တာ အံ့ဩသွား၏။

'ဒါ...ဒါဆို တစ်သောင်းကျော်တာပေါ့'

တုကျူး၏မျက်နှာ တည်ကြည်သွား၏။

'ဟုတ်တယ်'

ယန်တာ၏ရင်ထဲ လေးလံသွားသည်။

ပို့ဆောင်ခငွေ ဤမျှများပြားလျှင် ပို့ဆောင်ပေးရမည့် ပစ္စည်းတန်ဖိုးမှာလည်း နည်းမည်မဟုတ်ပါ။

ဤသတင်းသာ ပေါက်ကြားလျှင် ရန်သူအား ဖိတ်ခေါ်သည်နှင့် အလွန်တူပေတော့မည်။

တုကျူးက....

'ဒါကြောင့်လဲ မင်းနဲ့ ဆရာဟိုကို အမြန်မှာလိုက်တာ'

ယန်တက....

'ဆရာဟို ရောက်ပြီလား'

တုကျူးက....

'အခုပဲရောက်တယ်၊ သူက စန်ကျူးယန့်နဲ့ စကားပြောနေတယ်'

ယန်တဲ မျက်မှောင်ကုတ်သွားသည်။

သိုင်းဆရာ စန်ကျူးယန်ကို သူကောင်းစွာသိ၏။

သိုင်းဆရာ စန်ကျူးယန်သည် သူတို့အာမခံဌာနနှင့် အပြိုင်ရှေနဂါးအာမခံဌာနမှ လူတစ်ယောက် မဟုတ်ပါလော။

ယန်တက...

'စန်ကျူးယန် ဘာလာလုပ်တာလဲ ခေါင်းဆောင်ကြီး'

တုကျူးက...

'သူလဲ ပစ္စည်းပို့ဖို့ တာဝန်ယူရမယ်လေ'

'ခင်ဗျာ'

ယန်တမှာ အလွန်အံ့ဩသွား၏။



တုကျူးက....

'စန်ကျူးယန်တင်မကဘူး၊ ဝေတင်ကွမ်းလဲ ရောက်နေတယ်၊ မင်း သွားတွေ့လိုက်ဦး'

ယန်တ၏မျက်လုံးများ ပို၍ ပြူးကျယ်သွား၏။

သူသည် ကြားရသောစကားများကိုပင် မယုံကြည်နိုင်အောင် ဖြစ်နေမိလေသည်။

ဝေတင်ကွမ်းကိုလည်း သူကောင်းစွာသိ၏။

ဝေတင်ကွမ်း၏ သံပုဆိန်သိုင်းပညာသည် သိုင်းလောကတွင် အတော်နာမည်ရသည်။

ဝေတင်ကွမ်းသည် ကျားနက် အာမခံဌာနတွင် ဌာနခွဲမှူးအဖြစ် လုပ်ကိုင်နေသူတစ်ယောက်လည်း ဖြစ်ပေသည်။

သာမန်အားဖြင့် ပစ္စည်းပို့ဆောင်ရာတွင် အာမခံဌာနတစ်ခုတည်းကသာ လျှို့ဝှက်စွာ ဆောင်ရွက်၏။

ယခုလို အာမခံဌာန နှစ်ခုသုံးခု ပူးပေါင်းပို့ဆောင်ပေးခြင်းမျိုးကား မဖြစ်စဖူး ဖြစ်ရပ်တစ်ခုသာ ဖြစ်၏။

လူများလျှင် စကားများသည်။

စကားများခြင်းသည် လျှို့ဝှက်ချက်ကို ပေါက်ကြားစေတတ်၏။

လျှို့ဝှက်ချက် ပေါက်ကြားခြင်းသည် ရန်သူအား ဖိတ်ခေါ်ခြင်းပင်ဖြစ်သည် မဟုတ်ပါလော။

ယန်တက ခေါင်းဆောင်ကြီး တုကျူးအား မော့ကြည့်လိုက်ပြီး....

'ပစ္စည်းရှင်က သူတို့တွေကိုပါ ရောပြီးအပ်တာလား'

တုကျူးက ခေါင်းခါလိုက်၏။

'မဟုတ်ဘူး'

ယန်တက....

'ဒါဆို သူတို့က...'

တုကျူးက သက်ပြင်းချလိုက်ရင်း....

'ဒီကစ်ကြိမ် ခရီးဝေးတယ်၊ တန်ဖိုးကြီးတယ်၊ ဒါကြောင့် ကျုပ်ကိုယ်တိုင် သူတို့ထံက အကူအညီတောင်းခံလိုက်တာပါ'

ဟု ရှင်းပြလိုက်၏။

ယန်တက....

'ဘာပစ္စည်းများ ပို့ရမှာလဲ ခေါင်းဆောင်ကြီး'

တုကျူးက....

'ဒါဟာ လျှို့ဝှက်ချက်ပဲ၊ ဌာနခေါင်းဆောင်တွေ ဖြစ်တဲ့ ကျုပ်တို့တောင် ပစ္စည်းလက်ခံတဲ့အချိန်ကျမှ သိရမယ်'

ယန်တက....

'ပစ္စည်းရှင်ကကော'

တုကျူးက...

'သူဌေးကြီး ချူယီဖုံး'

ယန်တက....

'ပစ္စည်းက ဘယ်တော့ လက်ခံရမှာလဲ'

တုကျူးက....

'ကနေ့ည၊ ကဲ....ကဲ...မင်းလဲ ခရီးပန်းလာမယ်၊ သွားပြီး အနားယူလိုက်ပါဦး'



ယန်တက တုကျူးအား အရိုအသေပြုကာ အခန်းထဲမှထွက်သွားလေတော့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးလာ၏။

လကွေးကလေးပင် ထွက်ပေါ်နေပြီ ဖြစ်၏။

ခြံဝန်းအတွင်း မီးများ ထိန်လင်းနေအောင် ထွန်းညှိထား၏။

ခြံဝန်းအတွင်း၌ အာမခံဌာန သုံးဖွဲ့မှ အမှုထမ်းများက သတိနှင့် စောင့်ကြပ်နေကြလေသည်။

ဧည့်ခန်းတွင်း၌ လူလေးယောက် ထိုင်နေ၏။

ယန်တာ၊ ဆရာဟိုနှင့် ရွှေနဂါးဌာနခွဲမှူးစန်ကျူးယန်၊ ကျားနက်ဌာနခွဲမှူး ဝေတင်ကွမ်းတို့ပင် ဖြစ်၏။

သူတို့သည် ထွေရာလေးပါး ပြောဆိုနေကြသော်လည်း မျက်လုံးများကမူ မကြာခဏ ဆိုသလိုပင် ခြံဝဘက်သို့ လှမ်းမျှော်ကြည့်နေကြလေသည်။

ထိုစဉ်မှာပင်....

'ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံနှင့်အတူ မြင်းလှည်းဘီးသံကို ကြားလိုက်ရ၏။

ဝေတင်ကွမ်း၏ ခန္ဓာကိုယ် ဆတ်ခနဲ ဖြစ်သွားပြီး....

'ပြန်လာကြပြီ'

ဆရာဟိုက ...

'ယန်တာ၊ ထွက်ကြိုလိုက်'

ယန်တက ချက်ချင်း ထွက်လာခဲ့၏။

မြင်းလှည်းက အဆောက်အအုံရှေ့တည့်တည့်တွင် ရပ်တန့်သွား၏။

မြင်းလှည်းပေါ်မှ တုကျူး၊ ပေဟွား၊ မောင်ကျန်တို့ ဆင်းလာကြ၏။

ထို့နောက် အလွန်ဝဖြိုးသော လူတစ်ယောက်က အောက်ဆင်းလာ၏။

တုကျူးက မြင်းလှည်းပေါ်မှ သေတ္တာအား အောက်သို့ချရာ ယန်တကက ကူညီချပေးလိုက်၏။

သေတ္တာမှာ သံမဏိသေတ္တာဖြစ်ပြီး အလျားတစ်ပေခွဲ၊ အနံတစ်ပေ၊ အမြင့်တစ်ပေနီးပါးရှိ၏။

သော့ခလောက် ၁ုံးလုံးဖြင့် ခတ်ထားသည်ကို တွေ့ရ၏။

လူဝကြီးက....

'ကဲ....ကျုပ် သွားမယ်၊ နှစ်ဆယ့်ရှစ်ရက်နေ့အရောက် ကျုပ်ဂေဟာကို ပို့ဆောင်ပေးပါ'

တုကျူးက....

'စိတ်ချပါ သူဌေးကြီး'

ထိုလူဝကြီးမှာ သူဌေးကြီး ချူယီဖုံးပင် ဖြစ်ပါသည်။

ချူယီဖုံးက ..

'ကျုပ်ပစ္စည်းတွေ မပျောက်ဆုံးရအောင် ဂရုစိုက်ပါ'

ဟု ထပ်၍ မှာကြားလိုက်၏။

တုကျူးက....

'စိတ်ချပါ သူဌေးကြီး၊ နှစ်ဆယ့်ရှစ်ရက်နေ့အရောက် ကျုပ်တို့ ပို့ဆောင်ပေးပါမယ်'



ချူယီဖုံးမှာ မပြောတော့ဘဲ မြင်းလှည်းပေါ် ပြန်တက်သွား၏။

ထို့နောက် မြင်းလှည်းက ခြံဝင်းအတွင်းမှ ထွက်ခွာသွားလေတော့သည်။

....o....

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

ယန်တတို့လေးယောက်မှာ ညှော်ခန်းတွင်းဝယ် ထိုင်နေကြ၏။

ယနေ့ည သူတို့ အိပ်ရမည် မဟုတ်ပါ။

ပစ္စည်း ထည့်ထားသော သေတ္တာကို စောင့်ပေးရမည်မဟုတ်ပါလား။

ယန်တမှာ စိတ် လှုပ်ရှားနေ၏။

ဤတစ်ခေါက် အလွန် အရေးကြီးလှ၏။

ပစ္စည်းပို့ဆောင်ခတွေ မြို့မြို့မြက်မြက်ရသလို တာဝန်လည်း ကြီးလှ၏။

အကယ်၍ ပစ္စည်း ပျောက်ဆုံးခဲ့ပါလျှင်....

ယန်တာ တွေးပင် မတွေးရဲပါ။

သူတို့ဓားနှစ်လက် အာမခံဌာနအား ရောင်း၍ လျော်ကြေး ပေးရန်ပင် လောက်မည် မဟုတ်ပါ။

ထို့ကြောင့် သူက လုံးဝ မခေပါဆရဲတဲ့ သတိအပြည့်နှင့် စောင့်ကြပ်ခနခြင်း ဖြစ်ပါသည်။

ညတာ ရှည်လျားလှ၏။

သို့သော် ယန်တာစိတ်ပူသလို မည်သည့်အန္တရာယ်မှ ကျရောက်ခဲ့ခြင်းမရှိဘဲ အရုဏ်တက်ချိန်သို့ပင် ရောက်ရှိလာခဲ့တော့သည်။

ခြံဝင်းအတွင်း မြင်းလှည်းရှစ်စီးက နေရာယူထားပြီး ဖြစ်၏။

ပစ္စည်းသေတ္တာအား တုကျူးက စတုတ္ထမြင်းလှည်းပေါ် တင်ကာ သူကိုယ်တိုင် မြင်းလှည်းပေါ် တက်လိုက်၏။

ရှေနဂါး အာမခံဌာန ခေါင်းဆောင် ပေဟွားနှင့် ကျားနက် အာမခံခေါင်းဆောင် မောင်ကျန်တို့က တုကျူးအား နှုတ်ဆက်လိုက်သည်။

တုကျူးက....

'ခင်ဗျားတို့ရဲ့ ကူညီမှုကို ကျုပ်မမေ့ပါဘူး'

လွှဲစာစဉ်
အမှတ် ၁၉/၁၃၈၊ ၆ လမ်း
၂၁၄၄၄



မောင်ကျန်က ရယ်မောလိုက်ပြီး

'မလိုပါဘူးဗျာ၊ အချင်းချင်းတွေပဲ၊ ကျုပ်လူတွေကိုခင်ဗျားရဲ့ အမိန့်အတိုင်း နာခံလိုက်နာဖို့ မှာကြားပြီးပါပြီ'

တုကျူးက အားလုံးကို နှုတ်ဆက်လိုက်၏။

ထို့နောက် ခရီးစထွက်ရန် အမိန့်ပေးလိုက်လေတော့သည်။

....o....

ချန်ကုန်းမြို့မှ တင်းပေါင်မြို့အထိ....

ရှည်လျားသောခရီး....

ဆယ့်ငါးရက်ခန့် သွားရမည့်ခရီးဖြစ်၏။

ခရီးရှည်သည့်အတွက် တုကျူးက အမှားအယွင်းမခံနိုင်ပါ။ လုံခြုံရေးအတွက် တင်းကျပ်စွာ စီစဉ်ခဲ့၏။

သူသည် မိမိတစ်ဖွဲ့တည်း အင်အားကို စိတ်မချပါ။

ထို့ကြောင့်လည်း ရှေနဂါး အာမခံ ဌာနနှင့် ကျားနက် အာမခံဌာနတို့ကို အကူအညီ တောင်းခံခဲ့ခြင်း ဖြစ်၏။

ပေဟွားနှင့် မောင်ကျန်တို့မှာ တုကျူး၏ အကူအညီ တောင်းမှု ကြားစဉ်က အလွန်ပင် အံ့ဩသွားခဲ့ကြ၏။

နောက်မှ အလွန် တန်ဖိုးကြီးမားသော ပစ္စည်းကို သယ်ယူပို့ဆောင်ပေးရမည် ဖြစ်ကြောင်း သဘောပေါက် သွား၏။

ထို့ကြောင့် ပေဟွားက သူ၏ ညာလက်ရုံး စန်ကျူးယန်နှင့် သိုင်းဆရာ ငါးဦးကို တုကျူးနှင့် ထည့်ပေးသလို၊ မောင်ကျန်ကလည်း ယောင်ကွမ်းနှင့် သိုင်းဆရာ ငါးဦးထည့်ပေး၏။

ထိုသိုင်းဆရာဆယ်နှစ်ယောက်စလုံးမှာအတွေ့အကြုံရင့်ကျက်ကြသူများ ဖြစ်ကြပြီး အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင် ကျော်လွှား နိုင်သူများလည်း ဖြစ်ပေသည်။

ထို့အပြင် ပေဟွားနှင့် မောင်ကျန်တို့က သူတို့၏ သိုင်းဆရာ ဆယ်ဦး ခန့်အား လမ်းရှင်းပေးရန်လည်း ကြိုတင်စေလွှတ်ပေးခဲ့သည်။

ထိုသိုင်းဆရာများသည် ကုန်သည်ပွဲစား၊ ဈေးသည်၊ လယ်သမား စသည် စသည့်ပုံစံ အမျိုးမျိုးဖြင့် လမ်းခရီးတစ်လျှောက် ရှေ့မှ ကြိုတင်သွားကာ ရန်သူအခြေအနေကို အကဲခတ်ကာ တုကျူးထံ သတင်းပို့ပေးကြလေသည်။

အာမခံသုံးခုပူးပေါင်းကာ စီစဉ်ဆောင်ရွက်ထားမှုများသည် အလွန်ပင် ကောင်းမွန်လုံခြုံလှပေသည်။

သူတို့၏ အစီအစဉ်များမှာ မှားယွင်းမှု ချွတ်ချော်မှု မရှိနိုင်အောင်ပင် ပြည့်စုံ ကောင်းမွန်၏။



သို့သော်လည်း တုကျူးမှာ စိတ်မအေးနိုင်ပါ။

တုကျူးနည်းတူပင် ပေဟွားနှင့် မောင်ကျန်တို့ မှာလည်း စိုးရိမ်ပူပန်မှု ရှိနေကြပေသည်။

ထိုပစ္စည်းအား တင်းပေါင်မြို့သို့ အရောက်ယူဆောင်သွားပြီး သူဌေးကြီး ချူယာဖိုးထံပေးအပ်မပြီးမချင်းသူတို့ စိတ်ပူနေရဦးမည်သာ မဟုတ်ပါလား။

....၁....

အာမခံဌာနမှ မြင်းသည်တော် ခုနစ်ယောက် လျှင်မြန်စွာ ဖြတ်သန်းသွားလေသည်။

ထိုမြင်းသည်တော် ခုနစ်ဦးမှာ ရှေ့ပြေးအဖွဲ့ ဖြစ်၏။

ထိုမြင်းသည်တော် ခုနစ်ဦး ဖြတ်သန်းသွားပြီး မကြာမီပင် လမ်းပေါ်သို့ မြင်းလှည်းတန်းက ရောက်ရှိလာသည်။

မြင်းလှည်း ရှစ်စီးက ရှေ့ဆင့်နောက်ဆင့် တစ်ဆက်တည်း လိုက်ပါလာလေသည်။

မြင်းလှည်းတစ်စီးစီး၏ နံဘေးတွင် မြင်းသည်ဘော်နှစ်ဦးစီက လိုက်ပါ၍ စောင့်ကြပ်နေသည်။

မြင်းလှည်းတန်းနောက်တွင်မူ မြင်းသည်တော် နှစ်ဆယ်က လေးယောက် တန်းစီ၍ စီးနင်းလိုက်ပါလာသည်။

မြင်းသည်တော်တိုင်းသည်လက်တစ်ဘက်က မြင်းဇက်ကြိုးကို ကိုင်၍ ကျန်တစ်ဘက်က ဓားရှိုးပေါ် အသင့် တင်ထားသည်။

သူတို့၏ မျက်လုံးများကလည်း ပတ်ဝန်းကျင်ကိုတစ်ချက်မျှ အလစ်မပေးပဲ အကဲခတ် နေကြသည်။

သူ လူစု ည် လျှင်မြန်စွာ ချီတက်နေခြင်းမဟုတ်ဘဲ ဖြည်းဖြည်းမှန်မှန်သာ ချီတက်လာကြသည်။

လမ်းကွေ့တစ်ခု ကျော်လွန်ပြီးသောအခါ ရှေ့တွင် မြို့ တစ်မြို့ကို လှမ်းမြင်လိုက်ရသည်။

မြင်းသည်တော် အားလုံး စိတ်လက်ပေါ့ပါးသွားသည်။

သူတို့၏ ခရီးဆုံးရာ တင်းပေါင်မြို့ကို လှမ်းမြင်နေရပြီ မဟုတ်ပါလော။

အားလုံး စိတ်လက် ပေါ့ပါး သွားသော်လည်း သတိ မလွှတ်ကြပါ။

သူတို့သည် တင်းပေါင်မြို့တွင်း မရောက်မချင်း သတိအပြည့် အဝ ထားရမည်ကို ကောင်းစွာ သိရှိထားသော သူများပင် မဟုတ်ပါလော။

စတုတ္ထမြင်းလှည်းပေါ်တွင် တုကျူးက လိုက်ပါလာ၏။

သူ၏ ခါးတွင် ဓားတစ်လက် ချိတ်ဆွဲထားပြီး သူ၏ ကျော ပေါ်တွင် ဓားတစ်လက်လွယ်ပိုးထားသည်။



တုကျူး၏ ဓားနှစ်လက်သိုင်းပညာသည် သိုင်းလောကတွင် ထင်ဆန်လှသည်။

တုကျူးအနီးတွင် မြင်းလှည်းမောင်းသမား ရှိ၏။

ထိုမြင်းလှည်း မောင်းသမားမှာ အခြားသူမဟုတ်ပါ။

ဓားနှစ်လက် အာမခံဌာနမှ ဆရာဟိုပင်ဖြစ်သည်။

တုကျူး ဓားနှစ်လက်အာမခံဌာန စတင်တည်ထောင်စဉ်ကပင် ဆရာဟိုလည်း ပါဝင်ခဲ့သည်မှာ ယခုအထိပင် ဖြစ်ပါသည်။

တုကျူးက အားအထားရဆုံး လူနှစ်ယောက်မှာလည်း ဆရာဟိုနှင့်ယန်တတ္တိုပင် ဖြစ်၏။

ဆရာဟိုမှာ တုကျူးနှင့်အသက် ရွယ်တူခန့်ဖြစ်ပြီး သူတို့နှစ်ဦးမှာ ညီအစ်ကိုများသဖွယ် ချစ်ခင်ကြသူများလည်း ဖြစ်သည်။

ဆရာဟိုက မြင်းလှည်းမောင်းရင်း သူတို့ခရီးထွက်ခဲ့သည်မှာ တစ်ဆယ့်နှစ်ရက်မျှသာ ရှိသေးသည်ကို သတိပြုမိ၏။

မူလကခရီးစဉ်ကို တစ်ဆယ့်ငါးရက်ဟု တွက်ဆသတ်မှတ်ထားသည်။

သို့သော် လုံခြုံရေး အစီအစဉ်ကောင်းမွန်၍ အန္တရာယ်လည်းမရှိသော ကြောင့်ခရီးတွင်ခဲ့ပြီး ဆယ့်နှစ်ရက်မျှဖြင့်နေအထိ ရောက်လာခဲ့ရာ ပိုင်ရှင်သက်သို့ သုံးရက်ပင်စော၍ အပ်နိုင်တော့မည်ဖြစ်၏။

ပိုင်ရှင်လည်း ကျေနပ်ဝမ်းသာပေမည်။

သူလည်း ပို့ဆောင်ခကျန်ငွေကို ယူကာပြန်ရုံပင်။

ပို့ဆောင်ခဲ့ငွေသည် အလွန်များသည် မဟုတ်ပါလား။

ဤတစ်ကြိမ်သူတို့၏ အောင်မြင်မှုက သူတို့၏အာမခံဌာန၏ ဂုဏ်သိက္ခာကိုပို၍ တိုးတက်စေသည်မှာ သေချာ၏။

ဆရာဟိုက တုကျူးအား လှမ်းကြည့်လိုက်၏။

တုကျူးမှာ ငေးမောနေသည်ကို တွေ့လိုက်ရ၏။

ဆရာဟိုက....

'ခေါင်းဆောင်ကြီး'

တုကျူးက သတိဝင်သွားပြီး....

'ဘာ....ဘာလဲဗျ....ဟိုကျောင်း'

ဟု ပြန်မေးလိုက်၏။

ဆရာဟိုက မျက်မှောင်ကုတ်သွား၏။

သူ၏ အမည်ရင်းက ဟိုကျောင်းဖြစ်၏။

သို့သော် တုကျူးအပါအဝင် မည်သူမဆိုသူ့အား ဆရာဟိုဟုသာ ခေါ်တတ်ကြ၏။

ဆရာဟိုက စိတ်ထဲကတစ်မျိုး ဖြစ်သွား၏။

ပြီးမှ သူသိချင်သည်များ မေးလိုသောကြောင့် ထိုအချက်ကို ပြောမနေတော့ဘဲ မေးလိုက်သည်။

'ကျွန်တော်တို့ စိတ်အေးသွားရပြီ'

တုကျူးက ..

'ပစ္စည်းရှင်လက်ထဲ မရောက်မချင်း စိတ်မချနဲ့ဦးဗျ'

ဆရာဟိုက....

'တင်းပေါင်မြို့ကို လှမ်းမြင်နေရပါပြီ...ပြီးတော့ လမ်းဘစ်လျှောက် ရှင်းနေတာပဲ မဟုတ်လား'



တုကျူးက....

'ဘာပဲဖြစ်ဖြစ် ပိုင်ရှင်လက်ထဲရောက်အောင် ပို့ပြီးမှပဲ စိတ်ချရမှာဗျ'

ဆရာဟိုက....

'ဟုတ်ကဲ့ ..ကျုပ်တစ်ခုမေးပါ ရစေ'

တုကျူးက....

'မေးပါ....မေးပါ'

ဆရာဟိုက....

'ဒီတစ်ခါခရီးစဉ်က အလွန်လျှို့ဝှက်တယ်.... ပို့ဆောင်ပေးရတဲ့ပစ္စည်းက ဘာပစ္စည်းလဲဆိုတာ သိခွင့်မရတာတော့အဘော်ကို ဆိုးလွန်းပါတယ်ဗျာ'

ဟု ပြောလိုက်၏။

'ဒီကိစ္စကိုကို ကျုပ်တို့ခေါင်းဆောင် သုံးယောက်စလုံး သိကြပါတယ်ဗျာ'

ဆရာဟိုက...

'သူတို့က သူတို့ရဲ့တပည့်တွေကို မပြောပြဘဲ နေမလား'

တုကျူးက မျက်မှောင်ကုတ်သွားပြီး....

'ဒါတော့ ကျုပ်လဲ မပြောတတ်တော့ဘူး'

ဆရာဟိုက....

'သူသာပြောပြခဲ့ရင်.... ဒီကိစ္စဟာလျှို့ဝှက်ထားတဲ့ ကိစ္စမဟုတ်တော့ပါဘူး'

တုကျူး တွေးဝေသွား၏။

ဆရာဟိုက....

'ခရီးလမ်းဆုံးလဲ ရောက်တော့မယ်... ဒီကိစ္စကို ခေါင်းဆောင်ကြီးလျှို့ဝှက်ထားလဲ ပြဿနာမရှိနိုင်တော့ပါဘူး'

တုကျူးက....

'မှန်ပါတယ်'

ဆရာဟိုက....

'ကျန်တဲ့လူတွေသိနိုင်တဲ့ ကိစ္စတစ်ခုကို ကျုပ်လဲသိသင့်ပါယ်လို့ ခေါင်းဆောင်ကြီး မထင်ဘူးလား'

တုကျူးက သက်ပြင်းချလိုက်၏။

'ခင်ဗျား ဒီကိစ္စကို အတော်စိတ်ဝင်စားနေပါလားဗျ'

ဆရာဟိုက....

'ကျုပ် ဓားနှစ်လက်အာမခံဌာနမှာလုပ်ခဲ့တဲ့ သက်တမ်းဟာ ဓားနှစ်လက်အာမခံဌာနရဲ့ သက်တမ်းနဲ့ အတူတူပါပဲ၊ ဒီတစ်ကြိမ်ပဲ ပို့ဆောင်ပေးရတဲ့ပစ္စည်းကို စိတ်ဝင်စားဖူးတယ်'

တုကျူးက....

'ခင်ဗျား သိချင်တယ်ပေါ့'

ဆရာဟိုက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့'

တုကျူးက....

'သိုင်းလောကထဲ ခင်ဗျားရောက်ခဲ့တာ ဘယ်လောက်ကြာခဲ့ပြီလဲ'

ဆရာဟိုက တစ်ချက်စဉ်းစားလိုက်ပြီးမှ....



'နှစ် နှစ်ဆယ်ကျော်ပါပြီ'

တုကျူးက...

'ဒါဆို သိုင်းလောက ရတနာသုံးမျိုးကို ကြားဖူးမှာပေါ့'

ဆရာဟိုက ခေါင်းညိတ်လိုက်၏။

တုကျူးက ...

'ဘာတွေလဲ၊ ပြောပါဦး'

ဆရာဟိုက....

'လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က သိုင်းသမားကြီး ရှောင်ပင်ကိုင်ဆောင်ခဲ့တဲ့ လိပ်ပြာဓား'

'ဟုတ်ပြီ၊ နောက်တစ်မျိုးကော'

'နောက်တစ်ခုက ကျွားသစ်ဝူကျိန်ရဲ့ ဓားတစ်ရာကြွေပန်းချီဆိုတဲ့ ကြွေအိုး'

'နောက်ဆုံးတစ်မျိုးကကော'

'ဘုရင့်ကိုယ်ရံတော် ဟွားလုံ ကိုင်ဆောင်ခဲ့တဲ့ ရတနာပုဆိန်တို့ပဲ ဖြစ်ပါတယ်'

တုကျူးက ခေါင်းညိတ်လိုက်၏။

'မှန်တယ်၊ ခင်ဗျား ဒီပစ္စည်းတွေကို မြင်ဖူးသလား'

ဟု ထပ်မေးလိုက်၏။

ဆရာဟိုက ပခုံးတစ်ချက် တွန့်လိုက်ပြီး....

'ဘယ်လိုလုပ်မြင်ဖူးမှာလဲ၊ အဖိုးတန်လှပြီး အလွန်ရှားပါးတဲ့ ဒီပစ္စည်းသုံးမျိုးကို မြင်ဖူးဖို့ဆိုတာ အလွန်ဝေးပါတယ်'

တုကျူးက တည်ကြည်သွားပြီး....

'ကောင်းပြီ၊ ခင်ဗျား ဒီပစ္စည်းသုံးမျိုးကို မမြင်ဖူးပေမယ့် ဒီပစ္စည်းတွေကို တစ်ဆယ့်နှစ်ရက်တိုင်တိုင် စောင့်ရှောက်ပေးခဲ့တယ်လို့ မှတ်ထားလိုက်ပေတော့'

'ဗျာ....'

ဆရာဟိုမှာ အံ့ဩလွန်း၍ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

အတန်ကြာမှ....

'ဒီစကားကို ကျုပ်ရဝ်ကော့ပြီး ပြောနိုင်တော့မယ် ထင်တယ်'

ဟု ပြောလိုက်၏။

'ဟုတ်တယ်၊ ကျုပ်တို့ တစ်သက်မှာ အကောင်းဆုံး အလုပ်တစ်ခုပ ါပဲ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်'

ဆရာဟိုက....

'ဘာများလဲ ခေါင်းဆောင်ကြီး'

တုကျူးက....

'ပစ္စည်းပိုင်ရှင်လက်ထဲကို ပစ္စည်းတွေ မအပ်ရသေးခင်မှာတော့ ခင်ဗျား ရင်ကော့ပြီး မပြောပါနဲ့ဦးဗျာ'

ဆရာဟိုက ရယ်မောလိုက်၏။

'စိတ်ချပါ ခေါင်းဆောင်ကြီး'

သူတို့က စကားတပြောပြောနှင့် ခရီးဆက်လာခဲ့ရာ တင်းပေါင်မြို့ရှိ အနီးသို့ပင် ရောက်ရှိလာ၏။



ထိုစဉ် ကုန်သည်ဟန်တူသော လူသုံးယောက်က လမ်းပေါ်ထက်လာလေသည်။

ဆရာဟို ရင်ထိတ်သွားသည်။

'ရန်သူထင်တယ်'

ဟု တုကျူးအား သတိပေးရင်း လက်ကလည်း ခါးမှ ဓားရိုးပေါ် အသင့်တင်ထားလိုက်လေသည်။

ဆရာဟို ဣန္ဒြေပျက်သွားသော်လည်း တုကျူးကမူ အလွန်ပင် တည်ငြိမ်လှပေသည်။

ကုန်သည်သုံးယောက်က ဦးညွတ်ရင်း....

'မားနှစ်လက်အာမခံဌာန ဘေးရန်ကင်းပါစေ၊ ကျုပ်တို့ကုန်တွေကို စင်းဝှာမှာထားတယ်၊ အမြန်သယ်နိုင်ရင် သယ်ပေးပါ'

ဟု အော်ပြောလိုက်၏။

တုကျူးက....

'စိတ်ချ....စိတ်ချ'

ကုန်သည် သုံးယောက်က လမ်းပေါ်မှ ပြန်ဆင်းသွား၏။

ဆရာဟိုက...

'တော်တော် ရှုပ်တာပဲ၊ အလုပ်အပ်တာ မြို့ထဲရောက်မှ လာတွေ့ပြီး အပ်လဲရတာပဲ'

တုကျူးက....

'ဒီလောက် စိတ်ပူမနေပါနဲ့၊ အားလုံး ဘေးကင်းတယ်၊ ကျုပ်တို့နားမယ်ဆိုရင် စင်းဝှာမှာနားဖို့ အသင့်ပြင်ထားတယ်ဆိုတာ လာသတင်းပေးတာပါဗျာ'

ဆရာဟိုမှာ ယခုမှပင် တုကျူးက ခရီးစဉ်အခုအဆုံးအတွက် ကြိုတင်စီစဉ်ထားကြောင်း ရိပ်စားမိသွား၏။

တုကျူးအပေါ်လည်း ယခင်ကထက် လေးစားသွားလေသည်။

ထိုစဉ် သူတို့ မြင်းလှည်းတန်းက တင်းပေါင်မြို့ဘက်သို့ တရွေ့ရွေ့နှင့် ဝင်ရောက်လာခဲ့ပြီ ဖြစ်ပါသည်။

---

သူဌေးကြီးချူယီဖုံး....

သူဌေးကြီးချူယီဖုံးသည် တင်းပေါင်မြို့၏ အချမ်းသာဆုံးသော သူဌေးတစ်ယောက် ဖြစ်၏။

သို့သော် တင်းပေါင်မြို့သည် ဆေးငယ်သောမြို့ဖြစ်သည့်အတွက် သူဌေးကြီးချူယီဖုံး၏ ချမ်းသာကြွယ်ဝမှုမှာ စာဖွဲ့လောက်သည် မဟုတ်ပါချေ။

ကျန်းနန်နယ်၏ အချမ်းသာဆုံး သူဌေးဆယ်ယောက်တွင် ပင် ပါဝင်နိုင်သူတစ်ယောက် မဟုတ်ပါ။

ချူယီဖုံးသည် သိုင်းလောကနှင့် စိမ်းသူတစ်ယောက် မဟုတ်ပါ။



သူသည် တစ်ချိန်က သိုင်းလောကတွင် မထင်မရှား ကျင်လည် ကျက်စားခဲ့သူတစ်ယောက် ဖြစ်၏။

ယခု သူသည် သိုင်းလောက၏ ရတနာသုံးပါးကို ရှိသမျှငွေကြေးပုံပေးကာ ဝယ်ယူခဲ့သည်။

ထိုသို့ ဝယ်ယူနိုင်ရန် ဆက်သွယ်ပေးသူမှာ ပွဲစားစီဝမ်ဖေးပင် ဖြစ်သည်။

ပစ္စည်းဝယ်ယူမှုကိုလည်း ပွဲစားစီဝမ်ဖေ မှတစ်ပါး အခြားသူ မသိပါ။

ချူယီဖုံးကလည်း ထိုကိစ္စအား မည်သူ့မျှအသိမပေးပါ။

သို့သော် သူသည် ချန်ကုန်းမှ တင်းပေါင်အထိ ထိုပစ္စည်းများကို သယ်ဆောင်မသွားဝံ့သည့်အတွက် ဓားနှစ်လက်အာမခံဌာနကို ငှားရမ်းသည့်အခါ တုကျူး သိခွင့်ရသွား၏။

တုကျူး သိပြီးသည့်နောက် တဖြည်းဖြည်း သိသူအတော်များသွား၏။

မည်သို့ဆိုစေ ပြဿနာမရှိပါ။

သိသူတိုင်းသည် နှုတ်လုံကာ စိတ်ချရသူများ မဟုတ်ပါလား။

ချူယီဖုံးမှာ ပစ္စည်းများကို ဓားနှစ်လက် အာမခံဌာနအား အပ်နှံပြီးနောက် သူက တင်းပေါင်သို့ အမြန်ပြန်လာခဲ့၏။

ထို့နောက် ပစ္စည်းရောက်လာလျှင် လက်ခံရန် စိတ်အေးချမ်းသာစွာ စောင့်နေလိုက်၏။

ဓားနှစ်လက်အာမခံဌာနသည် အတော်ပင် စိတ်ချရသော အာမခံဌာနတစ်ခု ဖြစ်သည်။

အချိန်တန်လျှင် မားနှစ်လက် အာမခံဌာနမှ သူ၏ပစ္စည်းအား အရောက်လာပို့မည်ဟု ကောင်းစွာ ယုံကြည်ထားပေသည်။

ချူယီဖုံး ယုံကြည်ထားသလိုပင် တုကျူးတို့လူစုသည် ပစ္စည်းနှင့်အတူ တင်းပေါင်မြို့သို့ ရောက်ရှိလာပြီ မဟုတ်ပါလော....

....၀....

မားနှစ်လက်အာမခံဌာနမှ သိုင်းသမားများသည် တင်းပေါင်မြို့တွင်းသို့ ခြေချမိသည်နှင့် အတော်ပင် ပျော်ရွှင်သွားကြလေသည်။

ကြာမီ အချိန်အတွင်း သူတို့၏ တာဝန်ဝတ္တရားများ ပြီးဆုံးတော့မည် မဟုတ်ပါလား။

ထိုအခါ ဆယ်နှစ်ရက်လုံးလုံး အရက်သေစာ သောက်စားခြင်း၊ နှစ်ခြိုက်စွာအိပ်ခြင်း၊ အစားအသောက်ကောင်း စားခြင်းများ မပြုနိုင်ခဲ့ရပေ။

လုပ်ငန်းပြီးမှသာ သူတို့စိတ်လွတ်ကိုယ်လွတ် နေနိုင်တော့မည် ဖြစ်ပေသည်။



တုကျူးကလည်း တင်းပေါင်မြို့တွင် သူ၏အဖွဲ့သားများကို တစ်ညဉ့်ခွင့်ပေးပြီး စားသောက်ပွဲ ကျင်းပပေးရန် စိတ်ကူးလိုက်သည်။

ထိုသို့ တာဝန်ပြီးဆုံးတိုင်း စားသောက်ပွဲ ကျင်းပလေ့ ရှိသည်မှာ မားနှစ်လက် အာမခံဌာန၏ အစဉ်လိုပင် ဖြစ်နေခဲ့သည်။

အားလုံးမှာ တာဝန်ပြီးဆုံးတော့မည့်အချိန်ကို တွေးတောကာ စိတ်ပေါ့ပါးနေကြ၏။

တင်းပေါင်မြို့တွင်း ဝင်မိမှ ဘာရန်သူမျှ ပူနေစရာ မလိုတော့ပြီ မဟုတ်ပါလား။

တုကျူးတို့လူစု သူဌေးကြီးချူယီဖုံး၏ ခြံသို့ရောက်သောအခါ မှောင်ရိပ်သန်းစပြုနေပြီ ဖြစ်၏။

တုကျူး တွေးထင်ထားသည့်အတိုင်းပင် သူတို့က သတ်မှတ်ရက်ထက် သုံးရက်စော၍ ရောက်လာသောကြောင့် သူဌေးကြီးချူယီဖုံးက ကြိုဆိုရန် အစီအစဉ်ချထားခြင်း မရှိသည်ကို တွေ့လိုက်ရလေသည်။

တုကျူးတို့လူစု ချူယီဖုံး ခြံဝင်းအဝသို့ ရောက်သောအခါ အစောင့်များ၏ တားဆီးခြင်းကို ခံလိုက်ရလေသည်။

သို့သော် တုကျူး၏ မားနှစ်လက် အာမခံဌာနကို တွေ့သောအခါ ချက်ချင်းပင် ဝင်ခွင့်ပြုလိုက်လေတော့သည်။

....၀....

တုကျူးက မြင်းလှည်းရှစ်စီးပေါ်မှ သေတ္တာရှစ်လုံးအာ ချလိုက်၏။

သေတ္တာတိုင်းက တစ်ပုံစံတည်း ပင် ဖြစ်၏။

ရတနာသုံးမျိုး ထည့်ထားသောသေတ္တာမှာ တစ်လုံးသာ ဖြစ်၏။

လမ်းတွင် လုယက်သူများနှင့် တွေ့ပါက မျက်စိလှည့်စားရန် သူက ပုံစံတူ သေတ္တာများ ထပ်၍ ပြုလုပ်ထားခြင်း ဖြစ်သည်။

ရန်သူအနေဖြင့် မည်သည့် သေတ္တာကိုယူရမှန်းသိမည်မဟုတ်ပါချေ။

ထိုသေတ္တာများတွင် ကျောက်ခဲများ ထည့်ထားသည် ဆို၏။

ထိုအစီအစဉ်မှာ သူဌေးကြီး ချူယဲဖုံး၏အစီအစဉ် ဖြစ်ပါသည်။

'ဆရာဟို သေတ္တာတွေ အထဲသွင်းခဲ့'

ဟု တုကျူးက အမိန့်ပေးလိုက်ပြီး အတွင်းသို့ ဝင်လာခဲ့သေးသည်။

ဆရာဟိုက ချက်ချင်းပင် သေတ္တာတစ်လုံးပြီးတစ်လုံး ထမ်းကာ အတွင်းသို့ ပို့ဆောင်ပေးလိုက်ပြီး တုကျူးနှင့်အတူ အခန်းသို့ ဝင်သွားလေတော့သည်။

....၁....



အချိန်များ တရွေ့ရွေ့ကုန်သွား၏။

ညဥ့်ကား တစ်စထက်တစ်စ နက်လာ၏။

အထဲဝင်သွားသော တုကျူးနှင့် ဆရာဟိုတို့ကား ပြန်လည်ထွက်လာကြခြင်း မရှိသေးပါ။

အာမခံဌာနသားများမှာ စောင့်ရင်းမှ အာလေးဝင်နေကြ၏။

ယန်တမှာလည်း စိတ်ပူနေသည်။

ထိုစဉ် ဝေတင်ကွမ်းနှင့် စန်ကျူးယန်တို့က ယန်တအနီးသို့ ရောက်ရှိလာသည်။

စန်ကျူးယန်က....

'ခေါင်းဆောင်ကြီး ဝင်သွားတာ အတော်ကြာပြီ'

ယန်တက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့... ခုထက်ထိ ပြန်ထွက်မလာသေးတော့ ဘာများဖြစ်နေသလဲ မသိဘူး'

ဝေတင်ကွမ်းက မျက်မှောင်ကုပ်သွား၏။

'ပြဿနာ ရှိနိုင်လို့လား'

ယန်တက....

'ပြဿနာ မရှိဘူးဆိုရင် ဘာသို့ သူတို့က ဒီလောက် ကြာနေကြမှာလဲ'

ဝေတင်ကွမ်း ရင်ထိတ်သွား၏။

စန်ကျူးယန်က....

'ဘာပြဿနာများလဲ'

ယန်တက ခေါင်းခါယမ်းလိုက်၏။

'ကျုပ်လဲ မပြောတတ်ဘူး'

ဝေထင်ကွမ်းက....

'ကျုပ်တို့ ဘာလုပ်ကြမလဲ'

ယန်တာက....

'ကျုပ် အထဲလိုက်ဝင်သွားမလား စဉ်းစားနေတာ'

ဝေထင်ကွမ်းက တံခါးဝတွင်စောင့်ကြပ်နေသော အစောင့်များဘက် တစ်ချက် လှမ်းကြည့်ပြီး....

'သူတို့က ဝင်ခွင့်ပြုပုံမရဘူးဗျ'

စန်ကျူးယန်က ဘာမှမပြောမနေဘဲ တံခါးဝဆီသို့ လျှောက်သွား၏။

သို့သော် အစောင့်များက လုံးဝ ဝင်ခွင့်မပြုပါချေ။

အစောင့်များ၏ အပြုအမူကြောင့် အာမခံဌာနသားတို့မှာ ဒေါသထွက်သွားကြလေသည်။

ဆရာဟိုနှင့် တုကျူးတို့ ပြန်ထွက်လာခြင်းကား မရှိပါ။

ယန်တာက ဆုံးဖြတ်လိုက်၏။

'နောင်ကြီး ဝေထင်ကွမ်း၊ ဒီကသူတွေကို ကျွန်တော့်ကိုယ်စား အုပ်ချုပ်ထားပါ'

ဝေထင်ကွမ်းက မျက်မှောင်ကုတ်သွားပြီး....

'ခင်ဗျား ဘယ်သွားမလို့လဲ'

ယန်တာက....

'အထဲဝင်ကြည့်မှ ဖြစ်တော့မယ်ဗျ'

စန်ကျူးယန်က မဲ့လိုက်ပြီး....



'မင်းကို ဘယ်သူက ဝင်ခွင့်ပြုမှာလဲ၊ စောစောက ကျုပ်ဝင်ဖို့ ကြိုးစားတာတောင် ဝင်ခွင့်မပေးဘဲ အတော်ရိုင်းပြတဲ့ အစောင့်တွေဗျ'

ယန်တာက ပခုံးတွန့်လိုက်၏။

'ကျုပ် မရ ရအောင်ပြောပြီး ဝင်မယ်၊ ဝင်ခွင့် မပြုခဲ့ရင် ရတဲ့နည်းနဲ့ဝင်မယ်၊ အပြင်မှာ စောင့်နေတဲ့အဖွဲ့သားတွေ ဆာလို့ ဒုက္ခဖြစ်တော့မယ်၊ ပြီးတော့ အထဲမှာလဲ ဘာဖြစ်နေမှန်း မသိဘူးဗျ'

စန်ကျူးယန်နှင့် ဝေထင်ကွမ်းတို့ ပါးစပ်ပိတ်သွား၏။

သူတို့ကိုယ်တိုင်သည်း အတွင်း၌ ပတ်စုံတင်ခု ဖြစ်နေပြီဟု ယုံကြည်ထားကြသည် မဟုတ်ပါလား။

ယန်တာ ဝင်သွားနိုင်လျှင် တစ်စုံတစ်ရာ အကျိုးအကြောင်း သိလာနိုင်မည် ဖြစ်ပေသည်။

ယန်တာက စန်ကျူးယန်နှင့် ဝေထင်ကွမ်းတို့ ဟန့်တားခြင်း မပြုတော့သည့်အတွက် ဝမ်းသာသွားပြီး တံခါးဝသို့ လျင်မြန်စွာ လျှောက်သွားလိုက်၏။

သူက အကျိုးအကြောင်းပြော၍ ဝင်ခွင့်တောင်းရန် စိတ်ကူးမထားပါ။ လျှပ်တပြက် အထဲဝင်ရန်သာ စိတ်ကူးထား၏။

ထို့ကြောင့် သူက တံခါးအနီးအရောက်တွင် လျှပ်တစ်ပြက်အတွင်းသို့ ခုန်ဝင်မည်အပြု အထဲမှထွက်လာသောလူရိပ်ကြောင့် ကိုယ်ရှိန် သပ်လိုက်ရလေသည်။

ထို့နောက် ထွက်လာသူကို လှမ်းကြည့်လိုက်၏။

ယန်တာ၏မျက်ဝန်း လက်သွား၏။

'ခေါင်းဆောင်ကြီး ပြန်လာပြီကိုး'

ဟု ငမ်းသာအားရ နှုတ်ဆက်လိုက်၏။

ထွက်လာသူမှာ တုကျူးပင် ဖြစ်၏။

တုကျူးမှာ ယန်တာ၏အခမ်းအနား ကြားဟန်ပင် မတူပါ။ ငူငူငေါင်ငေါင်ဖြင့် ထွက်လာနေ၏။

သူ၏မျက်နှာပေါ်တွင် စိတ်ပျက်ခြင်း၊ ခံပြင်းခြင်းစသော အမူအရာများ အထင်းသားပေါ်လွင်နေ၏။

တုကျူး၏နောက်မှ ဆရာဟိုက ကပ်၍ ပါလာ၏။

ဆရာဟိုက....

'အပြင်မှာ ဘယ်လိုလဲ ယန်တာ'

ယန်တာက....

'အားလုံး စောင့်နေပါတယ်၊ ဒါပေမယ့် အဖွဲ့သားအားလုံး ဆာနေကြတယ်၊ ဆရာဟိုတို့ ကြာလိုက်တာဗျာ၊ ကိစ္စတော့ပြီး ပြတ်သွားပြီ မဟုတ်လား'

ဆရာဟိုက သက်ပြင်းချရင်း....

'တို့ကိစ္စ ပြီးပြတ်သွားပြီ၊ ကျုပ်တို့ အာမခံဌာနဟာ ဒီတစ်ကြိမ် ပျက်စီးသွားပြီ'

'ဗျာ....'

ယန်တာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

သူသည် အံ့အားသင့်လွန်း၍ ဘာခေါ်ရမှန်းမသိ ဖြစ်နေ၏။

ဆရာဟိုက စိတ်ပျက်သဖြင့်....

'ကျုပ်တို့သယ်လာတဲ့ပစ္စည်း ပျောက်သွားပြီကွ....'

'ဗျာ....'



ယန်တာ မျက်လုံးများ အလွန်ပင် ပြူးကျယ်သွား၏။

တုကျူးက....

'ဆရာဟို၊ ဒီကိစ္စ နောက်မှပြောလဲ ရတယ်၊ အဖွဲ့သားတွေ အားလုံး ဆာနေတာ၊ စားမဝင်ဘဲ ဖြစ်သွားမယ်၊ အားလုံး အခုအချိန်မှာ ပင်ပန်းနေတယ်ဆိုတာ မမေ့ပါနဲ့'

ဟု သတိပေးလိုက်၏။

ဆရာဟိုက....

'ကျုပ်တို့ ဝေတင်ကွမ်းတို့အတွက် ဂုဏ်ပြုညစာစားပွဲ ကျင်းပပေးရမယ်'

ယန်တာက....

'ဟုတ်ကဲ့၊ စင်းဝှားမှာ အသင့်စီစဉ်ထားပြီးပြီ၊ ဒီက ကိစ္စပြီးတာနဲ့ အားလုံး သွားကြရုံပါပဲ'

တုကျူးက....

'ကောင်းပြီ၊ အားလုံး စင်းဝှာစားသောက်ဆိုင်ကို သွားဖို့ အမိန့်ပေးလိုက်ပါ၊ အားလုံး ပျော်ပျော်ပါးပါး စားသောက်ပြီးမှပဲ ဒီပြဿနာကို ပြောပြကြတာပေါ့'

ယန်တာက ချက်ချင်း နောက်ပြန်လှည့်သွား၏။

ထို့နောက် အာမခံအဖွဲ့သားတို့သည် စင်းဝှာစားသောက်ဆိုင်သို့ ဦးတည် ထွက်ခွာသွားလေတော့သည်။

—၀—

စင်းဝှာစားသောက်ဆိုင်....

စင်းဝှာစားသောက်ဆိုင်သည် တင်းပေါင်မြို့တွင် နာမည်အကြီးဆုံး စားသောက်ဆိုင်တစ်ခု ဖြစ်ပေသည်။

စင်းဝှာ စားသောက်ဆိုင်မှ အစားအသောက်များသည် အနံ့အရသာနှင့် ပြည့်စုံသည့်အပြင် စားသောက်ဖွယ်ရာ အမျိုးအမည် စုံလင်လှပေသည်။

သို့သော် စင်းဝှာစားသောက်ဆိုင်မှ ဟင်းလျာများသည် အခြားသော ဆိုင်များထက် ဈေးနှုန်းပိုကြီးပေသည်။

ထို့ကြောင့် စင်းဝှာစားသောက်သို့ ငွေကြေး တတ်နိုင်သူများသာ လာရောက် စားသောက်တတ်ကြပေသည်။

ယန်တ၏ လူများသည် စင်းဝှာစားသောက်ဆိုင် အပေါ်ထပ်တစ်ခုလုံးကို ကြိုတင် ငှားရမ်းထား၏။

ထို့ကြောင့် စင်းဝှာစားသောက်ဆိုင်သို့ ရောက်ရှိသောအခါ အပေါ်ထပ်တစ်ခုလုံးတွင် စားသောက်ရန် အသင့်ပြင်ထားပြီး ဖြစ်သည်ကို တွေ့ရ၏။

ထိုမျှသာမက....

လမ်းတစ်လျှောက် ကြိုတင်စေလွှတ်ထားသူ အားလုံးလည်း ရောက်ရှိနေကြသည်ကို တွေ့လိုက်ရလေသည်။

တုကျူးက စားပွဲရှည်ထိပ်တွင် နေရာယူလိုက်ရာ လူအားလုံးတလည်း ကိုယ်စီကိုယ်ငှ နေယူလိုက်၏။

တုကျူးသည် ငယ်သားများ မရိပ်မိအောင် စိတ်ပျက်မှုကို အတတ်နိုင်ဆုံး ဖြေဖျောက်ကာ ပြုံးထား၏။

တုကျူးက အရက်ခွက်ကို မြှောက်လိုက်ပြီး....



'ကဲ....ကျုပ်တို့ ညီအစ်ကိုတွေအားလုံး ပင်ပန်းနေကြပြီ၊ ဗီခရီးရှည် ပြီးဆုံးတဲ့အနေနဲ့ အားလုံး လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး စားသောက်ကြပါစို့'

ဟု ပြောရင်း အရက်ခွက်အား တရှိန်ထိုး မော့ချလိုက်၏။

တုကျူးသည် လက်အောက်ငယ်သားများအား အမှုထမ်းဟူသော အသိဖြင့် ခွဲခြားဆက်ဆံလေ့ မရှိပါ။

သူသည် အဖွဲ့သားအားလုံးကို မိသားစု တစ်ခုတည်းပမာ ပြောဆိုဆက်ဆံတတ်၏။

ထို့ကြောင့်လည်း အားလုံး၏ ရိုသေလေးစားမှုကို ခံရခြင်း ဖြစ်၏။

တုကျူး၏ စကားအဆုံးတွင် အားလုံးက ပျော်ရွှင်စွာ လက်ခုပ်သြဘာ တီးလိုက်ကြပြီး စတင် စားသောက်လိုက်ကြလေသည်။

စားသောက်ခန်းမတစ်ခုလုံး စကားသံများဖြင့် ဆူညံသွားလေတော့သည်။

အာခစ်ဌာန အဖွဲ့သားများမှာ ပင်ပန်း ဆာလောင် နေသမျှ အတိုးချကာ စာသောက်ကြ၏။

တစ်လမ်းလုံး စိတ်ပင်ပန်းခဲ့သမျှ ယခုမှ စိတ်သက်သာရပါသွားကြရသည် မဟုတ်ပါလား။

သို့သော် စားသောက်သူများထဲတွင် ဆရာဟိုနှင့် ယန်တတို့မှာမူ အားရပါးရ စားသောက်ခြင်းမရှိပါ။

ယန်တမှာလည်း ပြဿနာအား သိချင်စိတ် စောနေသည့်အတွက် စားသောက်မရ ဖြစ်နေ၏။

ထို့အတူ ဆရာဟိုမှာလည်း ပြဿနာအဝဝကို သိရှိထားသူ ဖြစ်သည့်အလျောက် အစားအသောက်များကို မျိုမကျဘဲ ဖြစ်နေလေသည်။

ဝေတင်ကွမ်းနှင့် စန်ကျူးယန့်တို့မှာမူ အားရပါးရ စားသောက်နေ၏။

တစ်ခဏအကြာတွင် ဝေတင်ကွမ်းက ဆရာဟိုအား မော့ကြည့်လိုက်၏။

အကင်းပါးလှသော ဝေတင်ကွမ်းသည် ဆရာဟို အမူအရာပျက်နေသည်ကို ချက်ချင်း ရိပ်စားမိသွားလေသည်။

သူသည် လက်ထဲမှတူကို ချလိုက်ပြီး....

'ဆရာဟို....ခင်ဗျား ဘာဖြစ်နေတာလဲ'

ဟု မေးလိုက်၏။

ဆရာဟိုက ချက်ချင်းပြုံးလိုက်ပြီး....

'ဘာမှ မဖြစ်ပါဘူးဗျာ'

ဟု ကမန်းကတန်း ပြန်ဖြေလိုက်၏။

ဝေတင်ကွမ်းက ခေါင်းအသာယမ်းလိုက်ပြီး....

'ဆရာဟို...ကျုပ်တို့ အချင်းချင်းတွေပါ၊ တစ်ယောက်နဲ့တစ်ယောက် ထိန်ဝှက်ထားရမယ့်ကိစ္စ မရှိဘူး ထင်ပါတယ်၊ ဒီကနေ့ ခင်ဗျား တစ်စုံတစ်ခုဖြစ်နေတယ်၊ အားလုံး ပျော်ပျော်ရွှင်ရွှင် စားသောက်နေချိန်မှာ ခင်ဗျား မူပျက်နေတာ သဘာဝမကျဘူး'

ဟု ပြောလိုက်၏။

ဆရာဟိုက ဖုံးကွယ်၍မရမှန်း သိလိုက်၏။



ဆရာဟိုက....

'ပြီးတော့ ပြောပါမယ်ဗျာ၊ 'ကဲ....ကဲ....အေးအေး ဆေးဆေး စားသောက်ကြပါဦး'

ဝေတင်ကွမ်း ရင်ထိတ်သွား၏။

ဆရာဟို၏ အမူအရာကိုကြည့်ကာ အလွန်ကြီးကျယ်သော ပြဿနာတစ်ရပ် ပေါ်ပေါက်နေပြီ ဖြစ်ကြောင်း ရိပ်စားမိလိုက်၏။

ဝေတင်ကွမ်းက ရုတ်ခြည်းပင် တူကျူးအက် လှမ်း၍ အကဲခတ် ကြည့်လိုက်၏။

တူကျူးမှာ တည်ငြိမ်သောမျက်နှာထားနှင့် ရှိနေ၏။

စန်ကျူးယန်မှာ သူတို့နှင့်အတူ ထိုင်နေခြင်းဖြစ်ရာ ထိုစကားများကို ကြားသွား၏။

စန်ကျူးယန်က ဝေတင်ကွမ်းကဲ့သို့ ထိန်းချုပ်နိုင်သူ တစ်ယောက် မဟုတ်ပါချေ။

ဆရာဟို ပြောပြမည့်ကိစ္စကို ချက်ချင်း သိချင်လာ၏။

သို့သော် မေးလည်း ဆရာဟိုက ချက်ချင်း ပြောမည် မဟုတ်ကြောင်း ကောင်းစွာသိလိုက်၏။

ထို့ကြောင့် သူက မတ်တတ်ထရပ်ကာ လက်ခုပ် သုံးလေးချက်မျှ ကျယ်လောင်စွာ တီးလိုက်၏။

'အားလုံး....အားလုံး....နားထောင်ကြပါ'

သူ၏ ကျယ်လောင်သောအသံသည် အာမခံဌာနသား အားလုံး၏အသံကို ထိုးဖောက်ကာ ထွက်ပေါ်လာ၏။

အားလုံး တိတ်ဆိတ်သွား၏။

အဖွဲ့သားအားလုံးက စန်ကျုံးယန်အား လှမ်းကြည့်ကြ၏။

စန်ကျုံးယန်က အဖွဲ့သားအားလုံးကို လက်နှစ်ဘက်အုပ်ကာ ဂါရဝပြုလိုက်ပြီး ကျယ်လောင်သောအသံဖြင့်....

'အားလုံး... ခဏ... နားထောင်ကြပါ'

အားလုံးက ငြိမ်သက်စွာ နားထောင်လိုက်ကြ၏။

စန်ကျုံးယန်က....

'ဒီကနေ့ ကျုပ်တို့လုပ်ငန်း အောင်မြင်မှုမရှိတာကို အားလုံးသိဖို့လိုပြီ ထင်ပါတယ်'

'ဟာ....'

'ဟင်....'

သူ၏စကားအဆုံးတွင် လူအားလုံး ထိတ်လန့်အံ့ဩသွားကြလေသည်။

မည်သူမျှ ဆက်လက်စားသောက်နိုင်စွမ်း မရှိတော့ပါ။

ဆရာဟိုက....

'နောင်ကြီး စန်ကျုံးယန် ဘာတွေပြောနေတာလဲ'

ဟု ငင်ဟန့်လိုက်၏။

စန်ကျုံးယန်က....

'ကျုပ်က အဖြစ်မှန်ကို ပြောနေတာပါ'

ဆရာဟိုက....

'ခင်ဗျား အရက်မူးနေပြီထင်တယ်'

စန်ကျုံးယန်က ဆရာဟိုအား အရေးမစိုက်ပါ။

သူသည် တုကျုံးဘက်လှည့်ကာ....

'ခေါင်းဆောင်ကြီး'



သူသည် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွား၏။

တုကျုံး၏မျက်နှာသည် အလွန်ဖြူလျော်နေ၏။

နာရီပိုင်းအတွင်းမှာပင် ဆယ်နှစ်စာခန့် အိုစာသွားသကဲ့သို့ရှိနေ၏။

တုကျုံး၏အမူအရာကို တွေ့ရသောအခါ စန်ကျုံးယန်မှာ မည်သို့ဆက်မေးရမည်မသိ ဖြစ်သွားလေသည်။

ဝေတင်ကွမ်းက တုကျုံးဘက်လှည့်ကာ အသံတိုးတိုးဖြင့်....

'ခေါင်းဆောင်ကြီး ပြဿနာတစ်ခုရှိနေတာ အမှန်ပဲမဟုတ်လား၊ အခြေအနေကို အမှန်အတိုင်းပြောပြပါ၊ ဒါမှ ကျုပ်တို့အားလုံး စုပေါင်းပြီး နည်းလမ်းရှာဖွေလို့ရမယ်၊ ကုန်ကုန်ပြောမယ်၊ ပစ္စည်းပျောက်ဆုံးသွားရင်တောင်မှ ကျုပ်တို့ လိုက်ရှာကြတာပေါ့၊ ဘာမှ စိတ်ပျက်စရာမရှိပါဘူး'

ဟု ပြောလိုက်၏။

ဝေတင်ကွမ်း၏စကားကြောင့် တုကျုံးမှာ စိတ်ဓာတ် ပြန်လည်တက်ကြွလာဟန် ပေါ်လာလေသည်။

တုကျုံးက သက်ပြင်းချလိုက်ပြီး....

'ကဲ....ကဲ....အားလုံး ဆက်ပြီးစားကြပါ၊ စားသောက်ပြီးမှ စကားပြောကြတာပေါ့'

သူသည် ပြောရင်း ကိုယ်တိုင်လည်း ထမင်းနှင့်ဟင်းများကို စားသောက်လိုက်ရာ အားလုံးက ပြန်လည်စားသောက်လိုက်ကြလေတော့သည်။

သို့သော် အားလုံး၏ရင်ထဲ၌ သိလိုစိတ်က အလွန်မြင်းပြ နေရာ အစားအသောက်များကို မည်သို့မျှ ဆက်၍မစားသောက်နိုင်တော့ပါ။

စားသောက်ပွဲတစ်ခုလုံး ခြောက်ကပ်ကပ်နိုင်သွားလေသည်။

တစ်ခဏအကြာတွင် စားသောက်ပွဲ ပြီးသွား၏။

တုကျူးက အရက်တစ်ခွက် သောက်လိုက်ပြီး....

'ကျုပ်တို့ သယ်ဆောင်လာတဲ့ပစ္စည်း ပျောက်ဆုံးသွားပြီ'

'ဟာ....'

'ဟင်....'

အားလုံး အံ့သြထိတ်လန့်သွား၏။

တုကျူးက လက်ကာလိုက်ရာ အား လုံး ငြိမ်ကျသွား၏။

တုကျူးက....

'ကျုပ်ရှင်းပြပါမယ်'

သူသည် အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာလေတော့သည်။

....၀....



ချူယိဖုံး၏ ဒီးသန့်ခန်း....

တုကျူးနှင့် ဆရာကုတ်တို့က ရတနာသုံးမျိုးထည့်ထားသော သေတ္တာကို ကျူယိဖုံးရှေ့သို့ ချပေးလိုက်၏။

ချူယိဖုံးက....

'ခင်ဗျားတို့က မျှော်ဟင့်ထားတာထက် စောရောက်လာတာကိုးဗျ'

ဟု ဝမ်းသာအားရ ပြောလိုက်၏။

တုကျူးက...

'လမ်းခရီး သာယာအေးချမ်းတဲ့အတွက် ခရီးတွင်သွားတာပါ၊ ကဲ..ပစ္စည်းတွေ စစ်ဆေးသက်ခံပါဦး'

ချူယိဖုံးက ခေါင်းညိတ်လိုက်၏။

ထို့နောက် အင်္ကျီကြားမှ သော့တွဲကို ထုတ်လိုက်၏။

သေတ္တာတွင်ခတ်ထားသော သော့ခလောက် သုံးလုံးအား တစ်လုံးပြီးတစ်လုံး ဖွင့်လိုက်၏။

ထို့နောက် သေတ္တာအဖုံးအား လှန်လိုက်၏။

မူလထည့်ထားသည့်အတိုင်းပင် ကတ္တီပါအထုပ် သုံးထုပ်ကို တွေ့လိုက်ရလေသည်။

ချူယိဖုံးက ရှည်မျှောမျှော ကတ္တီပါထုတ်ကိုယူကာ ဖွင့်ကြည့်လိုက်၏။

ရွှေဟောင်းဓားတစ်လက် ထွက်ပေါ်လာ၏။

ချူယိဖုံးက ဓားကို အပြန်ပြန်အလှန်လှန် စစ်ဆေးလိုက်ပြီး....

'မှန်တယ်၊ ဒါ လိပ်ပြာခေါ်အစစ်ပဲ'

ဟု ပြောလိုက်၏။

တုကျူးက ပြုံးသွား၏။

သူတို့က ထိုပစ္စည်းများကို လက်ဖျားနှင့်ပင် မတို့ပါ။

တစ်လမ်းလုံး ဂရုတစိုက်နှင့် ကာကွယ်စောင့်ရှောက်လာခဲ့သည် မဟုတ်ပါလော။

တုကျူးက....

'ကျန်တဲ့ပစ္စည်းတွေ စစ်ဆေးပါဦး'

ချူယိဖုံ က....

'မလိုတော့ပါဘူး'

တုကျူးက....

'စစ်ဆေးပါ၊ ဒါဟာ အလုပ်ကိစ္စပဲ၊ ပြီးရင် ကျုပ်တို့ သွားမယ်'

ဟု ပြတ်ပြတ်သားသား ပြောလိုက်၏။

'ခင်ဗျားကို ကျုပ်ယုံပါတယ်၊ ဒါပေမယ့် စစ်ဆေးဆိုတော့လဲ စစ်ဆေးရမှာပေါ့'

သူသည် အထုပ်သေးကိုယူကာ ဖွင့်လိုက်၏။

အထဲမှ ပန်းအိုးတစ်လုံး ပေါ်ထွက်လာ၏။

ကြွေပန်းအိုးကလေးပင် ဖြစ်၏။

ပန်းအိုးပေါ်တွင် ခါးကလေးများကို သရုပ်ဖော် ရေးဆွဲထား၏။

ချူယိဖုံးက ထိုကြွေပန်းအိုးကလေးများအား အသေအချာ စစ်ဆေးလိုက်၏။



တစ်ခဏအတွင်း သူ၏မျက်နှာ တစ်စထက်တစ်စ ပျက်ယွင်းလာသည်။

သူ၏မျက်နှာ သွေးမရှိသလို ဖြူလျော်လာ၏။

ချူယိဖုံး၏ အမူအရာကြောင့် တုကျူးက အံ့သြသွားပြီး....

'ဘာဖြစ်လို့လဲ၊ တစ်ခုခုမှားသွားပြီလား'

ဟု မေးလိုက်၏။

သူဌေးကြီး ချူယိဖုံးထံမှ အထိတ်တလန့်သံ ထွက်ပေါ်လာ၏။

'ဒါ....ဒါ....အတု....အတုကြီးပဲ'

'ဗျာ....'

သူဌေးကြီး ချူယိဖုံး၏စကား ကြားလိုက်ရသောအခါ တုကျူး၏ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွား၏။

ဆရာဟူမှာလည်း ထိတ်လန့်သွား၏။

ချူယိဖုံးက....

'သေသေချာချာ စစ်ဆေးကြည့်ပါဦး၊ ဒီပစ္စည်းက အတုဆိုတာ သေလို့လို့လား'

ဟု ကမန်းကတန်း ပြောလိုက်၏။

သူဌေးကြီး ချူယိဖုံးက ထပ်မံစစ်ဆေးလိုက်၏။

ပြီးမှ....

'သေချာတယ်၊ ဒါ အတုပဲ'

သူသည် တုကျူးအား စိုက်ကြည့်လိုက်ပြီး....

'ဒီပစ္စည်းအပ်တဲ့အခါကဲ ခင်ဗျားလဲအမြင်ပဲ၊ ဒါကို သေသေချာချာကြည့်၊ အတုဆိုတာ အသိသာချည်းပဲ'

ဟု ပြောရင်း ကြွေပန်းအိုးကလေးအား စစ်ဆေးရန်တုကျူး
အား လှမ်းပေးလိုက်သည်။

ကြွေပန်းအိုးမှာ သာမန် ပန်းအိုးသာ ဖြစ်သည်။

လမ်းဘေး တွင် အလွယ်တကူရနိုင်သော ကြွေပန်းအိုးတစ်အိုး
မျှသာ ဖြစ်ပေသည်။

တုကျူး၏မျက်နှာ ဖြူလျော်သွားလေသည်။

ချူယီဖုံးက ဒေါသဖြင့် ပြောလိုက်သည်။

'ဒီ စားတစ်ရာ ကြွေပန်းချီဟာ အတုလား၊ အစစ်လား'

တုကျူး ပါးစပ် ပိတ်သွားသည်။

ဆရာဟိုက....

'ဒုက္ခပဲ ဘယ်လို ဖြစ်နိုင်မှာလဲ'

ချူယီဖုံးက....

'မင်းပါးစပ် ပိတ်ထားပါ၊ အခု အတုဆိုတာ မင်းတို့ ခေါင်း
ဆောင်ကိုယ်တိုင် ဝန်ခံနေပြီ'

သူသည် နောက်ထပ် တစ်ခုကို လျင်မြန်စွာ ထုတ်ကြည့်
လိုက်သည်။

ရတနာပုဆိန် ဖြစ်သည်။

ဆရာဟို ကြားဖူးသည်က ရတနာပုဆိန်၏ အရိုးတွင် ပုလဲလုံး
တစ်ဆယ့်ရှစ်လုံးတိတိ စီခြယ်ထားသည်ဟု ကြားဖူး၏။

ယခု ပုဆိန်မှာ ရိုးရိုးပုဆိန် ဖြစ်သည်။

လက်ကိုင်ရိုးတွင်လည်း မည်သည့် ပုလဲမျှ မပါပါချေ။

ချူယီဖုံးက ပုဆိန်ကို ကြမ်းပေါ် ပစ်ချလိုက်သည်။

သူသည် တုကျူးအား စိုက်ကြည့်လိုက်ပြီး....



'ဘယ်လိုလဲ ပစ္စည်းအစစ်တွေ ဘယ်ရောက်သွားပြီလဲ၊ ဘယ်
လိုလုပ် အတုတွေက ဒီအထဲ ရောက်လာရတာလဲ'

ဟု ခပ်ထန်ထန် မေးလိုက်သည်။

တုကျူးမှာ မျက်လုံးပြူးနေသည်။

သူ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။

ချူယီဖုံးက....

'ခင်ဗျားတို့ ပစ္စည်း အတုနဲ့ အစစ် အလဲခံရတာကိုတောင်
မသိကြဘူးလားဗျို့'

ဟု အော်ဟစ်လိုက်သည်။

တုကျူးက ခေါင်းခါယမ်းလိုက်သည်။

'မလဲဘူး၊ ဘယ်သူမှ မလဲနိုင်ဘူးဗျ၊ တစ်လမ်းလုံး ဘယ်သူမှ
ကျုပ်တို့ အနီးကို မကပ်နိုင်ဘူး၊ ဘယ်လိုလုပ် ဘယ်သူက လာပြီး
ယူနိုင်မှာလဲ'

ချူယီဖုံး လှောင်ရယ် ရယ်မောလိုက်သည်။

'သေချာသလား'

တုကျူးက....

'သေချာတယ်'

ချူယီဖုံးက....

'ဒီလိုဆိုရင် ပစ္စည်းချင်း လဲလှယ် ယူလိုက်တဲ့ လူဟာ အပြင်
လူထဲက မဖြစ်နိုင်တော့ဘူး'

ဟု အေးတိအေးစက် ပြောလိုက်သည်။

တုကျူးမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သူဌေးကြီး ချူယိဖုံး၏ စကားသည် သူတို့၏ အပွဲသားများအား စွပ်စွဲလိုက်ခြင်းပင် မဟုတ်ပါလား....

ထိုစကားအတိုင်းပင် ဖြစ်နေသည်လော ...

လောလောဆယ် သူ ဘာမျှ ပြန်မပြောတတ်အောင် ဖြစ်နေသည်။

ထို့ကြောင့် နှုတ်ဆိတ်နေမိသည်။

သူဌေးကြီး ချူယိဖုံးက...

'ကဲ...အခု ကိစ္စကို ခင်ဗျား ဘာလုပ်မလဲဆိုတာ ကျုပ်သိချင်တယ်'

ဟု ပြတ်ပြတ်သားသား မေးလိုက်သည်။

ဆရာဟိုက....

'ကျုပ်တို့ ယူလာတဲ့ သေတ္တာ မှားလို့များလား'

တုကျူးက ခေါင်းခါလိုက်သည်။

'ဒီသေတ္တာပါပဲ၊ အမှတ်အသားလဲ ရှိပါတယ်'

ချူယိဖုံးက...

'ကျုပ် ဒီပစ္စည်းတွေ ပျောက်ဆုံးမှာ စိုးလို့ ကျုပ်ကိုယ်တိုင် တောင် မသယ်သွားရဲလို့ ခင်ဗျားတို့ရဲ့ အာမခံဌာနကိုငှားရမ်း ခဲ့တာ၊ ပြီးတော့ တန်ဖိုး ကြီးလွန်းတာကြောင့် သယ်ဆောင်ခ ကိုလဲ ကျုပ်ဘက်က ထိုက်ထိုက်တန်တန် ပေးခဲ့တယ်'

တုကျူးပါးစပ်ပိတ်သွားသည်။

ဆရာဟိုက....

'ကျုပ်တို့လဲ ဂရုစိုက် သယ်ဆောင်ခဲ့တာပဲ'



ချူယိဖုံး မဲ့လိုက်သည်။

'ခင်ဗျားတို့သာ ဂရုစိုက် သယ်ဆောင်ခဲ့ရင် အခုလို ပျောက်ဆုံးပါ့မလားဗျ'

ဆရာဟို ပါးစပ်ပိတ်သွားသည်။

ချူယိဖုံး၏မျက်နှာ တင်းမာလာသည်။

သူသည် တုကျူးအား စိုက်ကြည့်လိုက်ပြီး....

'ပစ္စည်းအပ်စဉ်က သူများထက် ငွေပိုပေးခဲ့သလိုပျောက်ဆုံးရင်လဲ အလျော်ပေးရမယ်လို့ သဘောတူခဲ့တယ်'

တုကျူးခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ချူယိဖုံးက....

'ဒီသဘော တူညီမှုကို ကျုပ်က ပါးစပ်နဲ့မဟုတ်ဘူး၊စာချုပ် စာတမ်းနဲ့ လုပ်ခဲ့တာနော်'

ဟု ထပ်ပြောလိုက်သည်။

တုကျူး၏မျက်နှာ ဖြူလျော်သွားသည်။

သူသည် သက်ပြင်းချရင်း အင်္ကျီအိတ်အတွင်းမှ စာရွက် တစ်ရွက်ကို ဆွဲထုတ်လိုက်သည်။

ထိုစာရွက်မှာ သူဌေးကြီး ချူယိဖုံး၏ပစ္စည်း သယ်ဆောင်ခ မှုနှင့် ပတ်သက်သည့် ကတိစာချုပ်ပင် ဖြစ်သည်။

ချူယိဖုံးက...,

'အခု ကျုပ်ရဲ့ပစ္စည်းပျောက်ဆုံးသွားပြီဆိုတော့ကတိအတိုင်း ဆက်ပြီး လုပ်ကြတာပေါ့'

ဟု အေးစက်စွာ ပြောလိုက်လေသည်။

တုကျူး၏မျက်နှာ မြင်မကောင်းအောင်ပင် ပျက်ယွင်းသွား
လေသည်။

ထိုစာချုပ်တွင် အကယ်၍ ပစ္စည်း ပျောက်ဆုံးပါက ပစ္စည်း
တစ်ခုအတွက် ငွေသား တစ်သိန်းတိတိ ပေးလျော်ရမည်ဟု
ပါရှိသည်။

ယခုအတိုင်းဆိုလျှင် ငွေနှစ်သိန်းတိတိ ပေးလျော်ရမည်ကဲ့သို့
ဖြစ်နေသည်။

ထိုစာချုပ်သည် တုကျူး၏ လည်မျိုအား တစ်စစနှင့် ရစ်
ပတ်လာသော ကြိုးကွင်းတစ်ခုနှယ်ဖြစ်နေသည်။

သို့သော် သူ ဘာများ တတ်နိုင်မည်နည်း။

သူ့ဘက်မှ ချွတ်ယွင်းချက်ကြောင့် ပစ္စည်း ပျောက်ဆုံးခဲ့ရပြီ
ဖြစ်သည်။

အလျော်တောင်းသော ချူယမ်ဖုံးအား အပြစ်တင်၍
မရပါ။

မည်သူမဆို မိမိပစ္စည်း ပျောက်ဆုံးမှုအတွက် အစား ပြန်
လိုချင်သည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။

သူ့အနေနှင့် လည်စင်းခံရုံသာ ရှိတော့သည် မဟုတ်ပါ
လော....

တုကျူးမှာ ဘာဆိုဘာမှ ပြန်ပြောဆိုရန် စကားလုံးကိုပ
ရှာ၍ မတွေ့နိုင်အောင် ရှိနေလေသည်။

သူဌေးကြီး ချူယမ်ဖုံးက ဆက်ပြောလိုက်သည်။



'ဒီအကြောင်း ကျုပ်က အာဏာပိုင်တွေကို တိုင်တန်းမယ်
ဆိုရင် ခင်ဗျားအဖမ်းခံရမယ်၊ ဒါ့အပြင် ကျုပ်တို့ တန်ရာတန်ဖိုး
ပေးလျော်ရဦးမှာပဲ'

တုကျူးက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်၊ သူဌေးကြီး ဘယ်လိုလုပ်ချင်သလဲ'

ချူယမ်ဖုံးက စိတ်ပျက်ဟန်ဖြင့် ခေါင်းတစ်ချက် လှုပ်လိုက်
လေ၏။

'ခင်ဗျား အာမခံငွေနကို ရောင်းချပြီး ပေးလျော်ရင်လဲ
ကျုပ်ရဲ့ တန်ရာတန်ကြေးကို ရမယ်မထင်ပါဘူး'

တုကျူး ဘာမျှပြန်မပြောပါ။

သူဌေးကြီး ချူယမ်ဖုံး၏စကားက မှန်ကန်သည် မဟုတ်ပါ
လား။

ချူယမ်ဖုံးက....

'ပြီးတော့ ကျုပ်ကလဲ ငွေထက် ဒီပစ္စည်းကို ပိုပြီး တန်ဖိုး
ထားတယ်၊ ငွေရှိပေမယ့် ဒီပစ္စည်းမျိုး နောက်တစ်ကြိမ်ရနိုင်ဖို့
အခွင့်အလမ်း ရှိချင်မှရှိမှာ'

ဆရာဟိုက မနေနိုင်ဘဲ ဝင်မေးလိုက်၏။

'သူဌေးကြီး ဘယ်လိုဖြစ်ချင်သလဲ၊ ပွင့်ပွင့်လင်းလင်းသာ
ပြောပါ'

ချူယမ်ဖုံးက....

'ကျုပ်ဆန္ဒထက် ဖြစ်သင့်တာကို ကျုပ် စဉ်းစားနေတယ်'

ဆရာဟုိက....

'အခုအချိန်မှာတော့ သူဌေးကြီး စိတ်တိုင်းကျ ဆောင်ရွက်ပါလို့ပဲ ပြောရတော့မှာပဲ'

သူဌေးကြီး ချူယိဖုံးက....

'ဒီသတင်းပေါက်ကြားသွားခဲ့ရင် ခင်ဗျားတို့ အာမခံဌာနဟာ ဆက်ပြီး ရပ်တည်လို့ ရမှာ မဟုတ်တော့ဘူး'

ဆရာဟုိက ခေါင်းညိတ်လိုက်၏။

'မှန်ပါတယ်'

သူဌေး ကြီး ချူယိဖုံးက....

'ပြီးတော့ ကျုပ်မှာလဲ ငွေကြေးများစွာ ဆုံးရှုံးနစ်နာရမယ်၊ ဒီတော့....'

ဆရာဟုိက....

'ပြောပါ သူဌေးကြီး'

ချူယိဖုံးက..

'ခင်ဗျားတို့ဆီက လျော်ကြေးငွေအပြည့် ရဝမရနိုင်တဲ့အတူ ကျုပ်ပစ္စည်းပြန်ရအောင်သာ လုပ်ပေးပါ'

ဟု တောင်းဆိုလိုက်၏။

တုကျူးက....

'တကယ်လို့ ပြန်မရရင်ကော'



ချူယိဖုံး၏မျက်လုံးများ အေးစက်သွားသည်။

'ပြန်မရရင်တော့ ကျုပ်က တာကိုမှ ထောက်ထားငဲ့ညှာနေမှာ မဟုတ်ဘူး'

တုကျူးမှာ ဒေါသထွက်သွား၏။

ထို့အတူ ဆရာဟုိမှာလည်း ဒေါသခြောင်းခြောင်း ထွက သွားသည်။

သို့သော် သူတို့ ယခုအချိန်တွင် ဒေါသဖြစ်၍လည်း မဖြစ်နိုင်ကြောင်း ကောင်းစွာ နားလည်ထားသောကြောင့် စိတ်ကို အမြန်ဆုံး ချုပ်တီးလိုက်ကြရလေသည်။

တုကျူးက အံကို တင်းတင်းကြိတ်လိုက်ပြီး....

'ဒီကိစ္စမှာ ကျုပ်က တာဝန်အရှိဆုံးပါ၊ ဒီတော့ ကျုပ်အသက်ကိုပဲ ယူလိုက်ပါတော့ဗျာ'

ဟု အလွန်စိတ်ခုတ်ကျသော လေသံဖြင့် ပြောလိုက်၏။

သူဌေးကြီး ချူယိဖုံးက ခေါင်းခါလိုက်၏။

'ဘယ်ဖြစ်မှာလဲ၊ ပျောက်ဆုံးသွားတဲ့ ပစ္စည်းတန်ဖိုးက ခင်ဗျားအသက်ထက်ပိုပြီး တန်ဖိုးရှိတယ်'

တုကျူး၏မျက်နှာ နီရဲသွား၏။

ဆရာဟုိမှာ သူဌေးကြီး ချူယိဖုံး၏ စော်ကားသော စကားကို ကြားသောအခါ ဒေါသမထိန်းနိုင်ဘဲ ဖြစ်သွားသည်။

'ခင်ဗျား စကားပြော ဆင်ခြင်စမ်း'
ဟု အော်ဂေါက်ရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

တုံကျူးက....
'ဆရာဟုံ မလုပ်နဲ့'
ဟု အလျင်အမြန် ဟန့်တားလိုက်ရလေသည်။
ဆရာဟုံမှာ မကျေမနပ်ဖြင့် နောက်သို့ဆုတ်သွားသည်။
တကျူးက သူဌေးကြီး ချူယံဖုံးအား စေ့စေ့ကြည့်လိုက်ပြီး....

'ခင်ဗျား ဘာလုပ်ချင်သလဲဆိုတာ ရှင်းရှင်းပြောပါ'
ဟု မေးမြန်းလိုက်၏။

သူဌေးကြီး ချူယံဖုံးက....
'ကျုပ်ပစ္စည်း ပြန်လိုချင်တယ်၊ နှစ်လအတွင်းရအောင် ပြန်ရှာပေးပါ၊ နှစ်လပြည့်ရင် ကျုပ်က သက်ဆိုင်ရာကိုတိုင်ကြားပြီး လုပ်စရာရှိတာလုပ်ရမယ်'
ဟု ပြောလိုက်၏။

ထိုစကားကြားလိုက်ရသောအခါ တကျူးနှင့် ဆရာဟုံတို့မှာ အသက်ရှူ အနည်းငယ် ချောင်သွားသလို ခံစားလိုက်ရလေသည်။

တကျူးက....
'ကျုပ်ကို အခုလို နှစ်လအချိန်ပေးတာ ကျေးဇူးတင်ပါတယ်'



ချူယံဖုံးက....
'ကျေးဇူးတင်ရင် ကျုပ်ပစ္စည်းကို အမြန်ဆုံးပြန်ရအောင် ရှာဖွေပေးပါ'

တကျူးက....
'ကျုပ် အတတ်နိုင်ဆုံး ကြိုးစားပါမယ်၊ ကျုပ်ကို ခွင့်ပြုပါဦး'

ချူယံဖုံးက လက်ကာပြလိုက်၏။

'နေဦး၊ ဒီအတိုင်းသွားလို့ မရသေးဘူး'

တကျူးက....
'ဘာကိစ္စများ ကျန်သေးလို့လဲ'

ချူယံဖုံးက....
'ခင်ဗျားက ကျုပ်ပစ္စည်းကို နှစ်လအတွင်းရှာဖွေပြီး အပ်နှံပါမယ်ဆိုတဲ့ ကတိစာချုပ် ရေးပေးခဲ့ပါ'
တကျူး၏လည်ပင်းတွင် နောက်ထပ်ကြိုးကွင်းတစ်ခု လာရောက်စွပ်လိုက်သကဲ့သို့ ခံစားလိုက်ရလေသည်။

သို့သော် သူ့တွင် ငြင်းပယ်ရန် ခွန်အားမရှိပါ။

သူဌေးကြီး ချူယံဖုံးသဘောကျ ကတိစာချုပ်တစ်စောင် ထပ်မံရေး၍ လက်မှတ်ထိုးပေးလိုက်ရသည်။
ချူယံဖုံးက ကတိစာချုပ်အား သေသေချာချာ ဖတ်ပြီးမှ....

'ကောင်းပြီ၊ နှစ်လအတွင်း ကျုပ်ပစ္စည်းကို ပြန်လာပို့နိုင်ပါစေလို့ ကျုပ် ဆုတောင်းပါတယ်'

တကျူးက အံကြိတ်ထား၏။

သူသည် ဘာမျှပြန်မပြောတော့။

ဆရာဟုန်နှင့်အတူ ချုယ်ဖုံး၏အခန်းတွင်းမှ ထွက်လာခဲ့လေတော့သည်။

....ဝ....

တကျူးက မောသွားဟန်ဖြင့် အရက်ခွက်ကို ကောက်ယူကာ မော့သောက်လိုက်၏။

လူလေးဆယ်ကျော် ငါးဆယ်မျှရှိသော စားသောက်ခန်းမအတွင်း မည်သည့်အသံမှမရှိဘဲ တိတ်ဆိတ်နေ၏။

အားလုံးပင် မျက်စိမျက်နှာ ပျက်နေကြသည်။



အမှတ် ၁၅/၁၃၈၊ ၆ လမ်း

တုကျူး ရှင်းပြသော စကား[illegible]ပြီးနောက် အားလုံး ထိတ်လန့်တုန်လှုပ်သွားကြ၏။

ထို့နောက် အားလုံး စိတ်ထိခိုက် ဝမ်းနည်းကြေကွဲ သွားကြ၏။

ပျောက်ဆုံးသွားသော ပစ္စည်းများအတွက် ပေးလျော်ရန်ငွေနှစ်သိန်းအား မည်သို့မျှ မရှာနိုင်ကြောင်း အားလုံး သိနေသည်။

ဓားနှစ်ဂဏ်အာမခံဌာန၊ ရွှေနဂါးအာမခံဌာနနှင့် ကျားနက် အာမခံဌာနသုံးခုစလုံး ရောင်းချလျှင်ပင် ငွေနှစ်သိန်းပြည့်မည် မဟုတ်ပါချေ။

စားပွဲပေါ်တွင် အရက်နှင့် စားသောက်ဖွယ်ရာ အတော်များများပင် ရှိနေသေး၏။

သို့သော် မည်သူမျှ လက်ဖျားနှင့်ပင် မတို့ကြတော့ပါ။

ဝေတင်ကွမ်းက....

'ဒီပစ္စည်းတွေကို ခေါင်းဆောင်ကြီးကိုယ်တိုင် စစ်ဆေးပြီးလက်ခံခဲ့တာလား'

ဟု မေးလိုက်၏။

တုကျူးက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

ဝေတင်ကွမ်းက တစ်ချက်စဉ်းစားလိုက်ပြီး....

'ဒါဆို ဘယ်နေရာမှာ အလှဲခံလိုက်ရသလဲ၊ ဒါမှမဟုတ် ဘယ်နေရာမှာ ပျောက်ဆုံးသွားတာလဲဆိုတာကို ကျွန်တော်တို့ စဉ်းစားကြည့်ဖို့ လိုလာပြီ'

ဟု ပြောလိုက်၏။

ဝေတင်ကွမ်း ဇာတိပြလာပြီ ဖြစ်၏။

သူသည် မည်သည့်အခက်အခဲနှင့် ကြုံတွေ့သည်ဖြစ်စေ စိတ်မပျက်တဲ့ နည်းလမ်းများ ရှာဖွေတတ်သူတစ်ယောက် ဖြစ်သည်။

ဝေတင်ကွမ်း၏ စကားကြောင့် အလွန် စိတ်ဓာတ်ကျနေသော တုကျူး၏မျက်နှာမှာ ပြန်လည် တောက်ပလာ၏။

သူ စိတ်ပျက် အားလျော့နေ၍ မဖြစ်ပါ။

သူ ဖြစ်ပျက်သမျှ ခေါင်းငုံ့ခံနေရန် မသိုပါ။

သူ့တွင် နှစ်လအချိန် ရှိ၏။

ထိုနှစ်လအတွင်း ပျောက်ဆုံးသွားသော ပစ္စည်းများကို ရအောင်ပြန်လည် ရှာဖွေရမည် ဖြစ်၏။

ရအောင်သာ ပြန်လည် ရှာဖွေနိုင်ပါက ခေါ်းနှစ်လက် အာမခံငွေ ပျက်စီးမည့်အရေးမှ ကာကွယ်နိုင်သည့်အပြင် ခေါ်းနှစ်လက်အာမခံငွေအား လျှမ်းလျှမ်းတောက်ကျော်ကြားသွားစေနိုင်မည် မဟုတ်ပါလော။



တုကျူးက စိတ်ဓာတ်တက်ကြွသော လေသံဖြင့်....

'ဟုတ်ပြီ... ကျုပ်တို့ဒီလိုထိုင်ပြီး စိတ်ပျက်အားလျော့ နေမယ့်အစား ပစ္စည်းတွေပြန်ရအောင် ဘယ်လိုရှာဖွေ လုပ်ကိုင်ကြမယ်ဆိုတာ နည်းလမ်းရှာဖွေရမယ် ပစ္စည်းကို လဲ့ပြောင်းယူလိုက် နိုင်တာပဲ'

ဟု ပြောလိုက်၏။

ဆရာဟိုက မကျေနပ်သော လေသံဖြင့်....

'ကျုပ်လဲဒီ ပိုပဲ တွေးတောခဲ့တယ်၊ ဒါထက် ပစ္စည်းယူသွားတာ ဘယ်သူများ ဖြစ်နိုင်သလဲ'

ဝေတင်ကွမ်းက တစ်ချက်ရယ်မောလိုက်၏။

'ကျုပ်သိမှတော့ ဒီလူကိုဖမ်းပြီးပြီပေါ့၊ သိပ်လဲပူမနေပါနဲ့၊ အချိန်တန်ရင် သိလာရမှာပဲ'

တုကျူးက ခေါင်းဘဆတ်ညိတ်လိုက်၏။

ဝေတင်ကွမ်းက....

'တစ်ခုလောက် မေးပါရစေ ခေါင်းဆောင်ကြီး'

ခေါင်းဆောင်ကြီး တုကျူးက....

'မေးပါ...မေးပါ'

ဝေတင်ကွမ်းက....

'ပစ္စည်းလက်ခံပြီးတဲ့ နောက်မှာ လဲယူဖို့ဆိုတာ သိပ်မဖြစ်နိုင်တော့ဘူး၊ ဒါကြောင့် ရတနာတွေ အပ်တဲ့အချိန်မှာပဲ လဲလှယ်လိုက်တာလား စဉ်းစားစရာရှိတယ်၊ ခေါင်းဆောင်ကြီးက ပစ္စည်းကိုသေသေချာချာ လက်ခံယူရဲ့လား'

ဟု မေးမြန်းလိုက်၏။

သူ၏စကားမှာ တုကျူးအား မသက်သာသည့်စကားမျိုး ဖြစ်သည်။

ဆရာဟိုတို့မှာ ထိုမေးခွန်းအတွက် ဝေတင်ကွမ်းအား အလွန်ပင် ဒေါသထွက်သွားကြလေသည်။

သို့သော် တုကျူးက လက်ဝေ့ပြလိုက်၏။

သူသည် စိတ်ဆိုးခြင်း အလျဉ်းမရှိပါ။

တုကျူးက....

'မဖြစ်နိုင်ဘူး၊ ပစ္စည်းအပ်တဲ့အချိန်မှာ သူတို့ဘယ်လိုမှလဲယူဖို့ မလွယ်ပါဘူး၊ ပစ္စည်းကိုကျုပ်ရှေ့မှာတင် သူဌေးကြီးချူယီဖုံးက သေတ္တာထဲထည့်ပြီး သော့ခတ်လိုက်တယ်၊ အဲဒီနောက် သော့ကိုလုံးဝ မဖွင့်တော့ပါဘူး'

ဟု ရှင်းပြလိုက်၏။



ဝေတင်ကွမ်းက လက်နှစ်ဘက်ဆုပ်လိုက်ပြီး....

'ကျုပ်ရဲ့ မေးခွန်းတွေဟာ ခေါင်းဆောင်ကြီးတို့ ထိခိုက်မယ်ဆိုရင် ခွင့်လွှတ်ပါ'

ဟု တောင်းပန်းလိုက်၏။

တုကျူးက ပြုံးလိုက်ပြီး ..

'ကိစ္စမရှိဘူး၊ သိချင်တာအားလုံး မေးနိုင်ပါတယ်'

ဝေတင်ကွမ်းက ...

'ဘာကြောင့် ဒီလိုမေးခွန်းတွေ မေးနေရသလဲဆိုတော့ ကျုပ်တို့စောင့်ကြပ်လာတဲ့ ကြားထဲကပဲ ပစ္စည်းက ပျောက်ဆုံးသွားခဲ့တယ်၊ ဒီတော့ ရှိသမျှလူအားလုံးဟာ သံသယဖြစ်စရာကောင်းနေပါတယ်၊ ကျုပ်အပါအဝင် အားလုံးပေါ့လေ၊ ဘယ်သူ့ကိုမှ ယုံကြည်စိတ်ချရမှာ မဟုတ်တော့ဘူး'

ဟု ဆက်ပြောလိုက်၏။

ဝေတင်ကွမ်း၏ စကားကြောင့် အားလုံးသောလူများမှာ ထိတ်လန့်တုန်လှုပ် သွားကြသည်။

တုကျူးက....

'ဒီလိုမပြောပါနဲ့ဗျာ.... ကျုပ်လူတွေအားလုံးနဲ့ ခင်ဗျားတို့ ရှေ့နဂါး အာမခံဌာနက လူတွေရယ်.... ကျားနက်အာမခံဌာနကလူတွေရယ်၊ ကျုပ်ရယ် ကျုပ်ဘယ်သူ့ကိုမှ သံသယမရှိဘူး

လုံးဝယုံကြည်ပါတယ်၊ ဒါဟာကျုပ်တို့ကို အကြောင်းသိတစ်ဦးက လှလှပပတစ်ပတ်ရိုက်သွားတာမျိုးပဲ ဖြစ်ရမယ်'

ဟု ပြောလိုက်၏။

တုံကျူး၏ စကားကြောင့် ဝေတင်ကွမ်းနှင့် စန်ကျူးယန်တို့မှာ စိတ်သက်သာရာ ရသွားသည်။

ပြဿနာ ဖြစ်လာသည့်အခါ အကူအညီလိုက်လာခဲ့သောသူတို့ အာမခံဌာနနှစ်ခုမှ လူများအပေါ် အားလုံးက သံသယဝင်နိုင်သည်။

ထိုအချက်ကို ဝေတင်ကွမ်းက တွေးမိ၍ ကြိုတင်ပြောလိုက်ခြင်းဖြစ်သည်။

ယခုတုံကျူးက သူတို့အားယုံကြည်သည်ဟု ပြောဆိုလာသဖြင့် စိတ်သက်သာရာ ရသွားခြင်းဖြစ်ပါသည်။

စန်ကျူးယန်က တုံကျူးအား ဂါရဝပြုလိုက်ပြီး....

'ခေါင်းဆောင်ကြီးက ကျုပ်တို့ကို ယုံကြည်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့ရွှေနဂါး အာမခံဌာနဟာ မတရားတဲ့အမှု ဘယ်တော့မှုမပြုပါဘူး၊ အသက်နဲ့ထပ်ပြီး သစ္စာပြုရဲပါတယ်....'

တုံကျူးက....

'ကျုပ်နဲ့ပါလာတဲ့ လူတွေအပေါ် ကျုပ်က ခြွင်းချက်မရှိ ယုံကြည်ပါတယ်'



ဝေတင်ကွမ်းက....

'ဒါဆို အားလုံး တစ်ယောက်အပေါ် တစ်ယောက် ယုံကြည်ကြပြီဆိုရင် အဖြေကို ရအောင် ရှာနိုင်မှာပါပဲ'

တုံကျူးက....

'ကျုပ်လဲ ဒီအတိုင်း ယုံကြည်ပါတယ်'

ဝေတင်ကွမ်းက....

'ကျုပ် သိချင်တာလေးတွေ မေးခွင့်ပြုပါ ခေါင်းဆောင်ကြီး'

တုံကျူးက ခေါင်းညိတ်လိုက်၏။

'မေးပါ၊ သိချင်တာ မှန်သမျှ မေးနိုင်ပါတယ်'

ဟု မေးခွင့်ပြုလိုက်သည်။

ဝေတင်ကွမ်းက....

'ပစ္စည်းတွေ လက်ခံစဉ်က အနီးမှာ ဘယ်သူတွေများ ရှိပါသလဲ'

ဟု စတင်မေးလိုက်သည်။

တုံကျူးက တစ်ချက်စဉ်းစားလိုက်ပြီး....

'ကျုပ်ရယ်၊ သူဌေးကြီးချူယဲ့ဖုံးရယ်၊ ပြီးတော့ ပွဲစားရယ် ဒီသုံးယောက်ပဲ ရှိပါတယ်'

ဝေတင်ကွမ်းက.....

'ကျန်တဲ့ သေတ္တာခုနစ်လုံးကကော'

တုကျူ:က...

'ကျန်သေတ္တာတွေက သူဌေးကြီးချူယီဖုံးရဲ့ အစီအစဉ်နဲ့ အသင့်ပိတ်ထားတာပါ'

ဝေတင်ကွမ်းက....

'သေတ္တာတွေက အရွယ်အစားအတူတူပဲ မဟုတ်လား'

တုကျူးက....

'သေတ္တာရှစ်လုံးစလုံးကို တစ်ပုံစံတည်း ပြုလုပ်ထားတာပါ'

ဝေတင်ကွမ်းက....

'ဒါဆိုရင် ပ်စွည်းထည့်ထားတဲ့သေတ္တာကို ဘယ်လိုလုပ် ရွေးချယ်မှာလဲ'

တုကျူးက....

'သေတ္တာမှာ အမှတ်အသားပြုထားပြီး ကျုပ်ကိုယ်တိုင်မှတ်သားခဲ့ပါတယ်'

ဝေတင်ကွမ်းက...

ဒီသေတ္တာကို ဘယ်သူတာဝန်ယူ စောင့်ရှောက် ...'

သူ့စကားမဆုံးခင် တုကျူးက ဖြတ်ပြောလိုက်၏။



'တစ်လမ်းလုံး ဒီသေတ္တာဟာ ကျုပ်နဲ့အတူ ရှိနေပါတယ်'

ဝေတင်ကွမ်း မျက်မှောင်ကုတ်သွားသည်။

ပစ္စည်းပါသော သေတ္တာသည် တုကျူး၏လှည်းတွင် တင်ဆောင်လာခြင်း ဖြစ်သည်။

ထို့ကြောင့် ပျောက်ဆုံးသွားရန်မှာ မည်သည့်နည်းနှင့်မျှ လွယ်ကူမည် မဟုတ်ပါ။

သိုင်းပညာ အဆင့်မြင့်သော တုကျူးမသိရအောင် မည်သူမျှ မြင်းလှည်းအနီးကပ်လာနိုင်မည် မဟုတ်ပါ။

ထို့ကြောင့် တုကျူးမသိဘဲ ပစ္စည်းလဲလှယ်ယူသွားနိုင်ရန် အကြောင်းရင်း တစ်စုံတစ်ရာမျှပင် မရှိပါချေ။

ဝေတင်ကွမ်းမှာ အတန်ကြာ စဉ်းစားနေပြီးမှ...

'ဒါထက် ပစ္စည်းအတုနှစ်ခုကကော'

ဟု မေးလိုက်သည်။

တုကျူးက....

'သူဌေးကြီးချူယီဖုံးထံမှာပဲ ကျန်ခဲ့တယ်'

ဝေတင်ကွမ်းက....

'ပစ္စည်းအစစ်သာ သူနဲ့ဆိုင်ပါတယ်၊ ပစ္စည်းအတုကတော့ သူနဲ့မဆိုင်ဘူးထင်တယ်'

ဆရာဟိုက...

'ခင်ဗျား ဆိုလိုတာက....'

ဝေအောင်ကွမ်းက....
'ဒီပစ္စည်းအတုနှစ်ခုကို ပြန်ယူရမယ်'

ဆရာဟိုက....
'ဘာကြောင့်လဲဗျ'

ဝေတင်ကွမ်းက....
'ဒီပစ္စည်းအတုနှစ်ခုမှာ သဲလွန်စများ ရှိလို့ရှိငြား ကြည့်ချင်လို့ပါဗျာ'

တကျူးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။
'ဟုတ်တယ်၊ ဒီတင်ချက်ကို ကျုပ် မေ့လျော့သွားခဲ့တယ်၊ ဒီပစ္စည်းမှာ သဲလွန်စရှိချင်ရှိမှာဗျ'

ဆရာဖုံမှာလည်း စိတ်လှုပ်ရှားသွား၏။

'ဒါဆို ဒီပစ္စည်းတွေ ပြန်ယူမှဖြစ်မှာပေါ့'

တကျူးက....
'သွားယူရမှာပေါ့'
ဆရာဟုံက ချက်ချင်းထရပ်လိုက်၏။
'ကျုပ်ပဲ သွားယူလိုက်ပါ့မယ်'

တကျူးက....
'ကောင်းတယ်.... ယန်တပါလိုက်သွား၊ ဘာပြောပြော ဒီအချိန်မှာ တတ်နိုင်သမျှ သည်းခံကြဖို့ ကျုပ်က မှာကြားလိုက်ပါရစေ'



ဆရာဟိုက သက်ပြင်းချလိုက်ပြီး....

'စိတ်ချပါ ခေါင်းဆောင်ကြီး'

ယန်တနှင့် ဆရာဟိုတို့မှာ ချက်ချင်းပင် စင်းဝှာစားသောက်ဆိုင်မှ ထွက်ခွာသွားလေတော့သည်။

တကျူးက....

'ကဲ....အားလုံး စိတ်ခေတ်မကျပါနဲ့၊ ရှေ့ဆက်လုပ်ရမယ့် ကိစ္စအများကြီး ရှိသေးတယ်၊ အားလုံး ခွန်အားပြည့်အောင် စားသောက်ထားကြပါ'
ဟု တိုက်တွန်းလိုက်၏။

အားလုံးက တကျူးစကားကို နားထောင်ကာ ပြန်လည်စားသောက်လိုက်ကြလေတော့သည်။

....၀....

ညဉ့်နက်နေပြီ ဖြစ်၏။

လမ်းမတစ်လျှောက် လူသွားလူလာပင် အတော်ပြတ်နေပြီ ဖြစ်ပါသည်။

ထိုစဉ် လမ်းမဘက်မှ ခြေသံ ထွက်ပေါ်လာ၏။

ထိုလူနှစ်ဦးမှာ ယန်တနှင့် ဆရာဟိုတို့ပင် ဖြစ်ပါသည်။

ယန်တနှင့် ဆရာဟိုတို့မှာ စိတ်ခေလာနေ၏။

ထို့ကြောင့် သူတို့နှစ်ဦး၏ ခြေလှမ်းများကလည်း အလွန်ပင် သွက်လက်နေလေသည်။

မကြာမီ ယန်တနှင့် ဆရာဟိုတို့သည် သူဌေးကြီး ချူယီဖုံး၏ဂေဟာအနီး ရောက်ရှိလာ၏။

ချူယီဖုံးဂေဟာ ဝင်းတံခါး ပိတ်ထား၏။

အိမ်တစ်ခုလုံး မီးမှိတ်ထားပြီ ဖြစ်၏။

ယန်တက ဆရာဟိုအား လှမ်းကြည့်လိုက်၏။

ဆရာဟိုက ပခုံးတွန့်လိုက်ပြီး....

'အိပ်နေလဲ နှိုးရမှာပဲ'

ယန်တက ဘာမှမပြောတော့ပါ။

ခြံဝန်းတံခါးမှ သံကွင်းကို လှုပ်ယမ်းကာ ခေါက်လိုက်၏။

'ဂျောက်... ဂလောက်....ဂျောက်'

တိတ်ဆိတ်နေသောကြောင့် သံကွင်းခေါက်သံက အလွန်ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ယန်တက လူရိပ်မမြင်မချင်း သံကွင်းကို ဆက်ခေါက်နေ၏။

တစ်ခဏအကြာတွင်....

'ဘယ်သူတွေ လာသောင်းကျန်းနေတာလဲ'



ဟူသော ဒေါက်ငန်းသံနှင့်အတူ မှောင်ရိပ်ထဲမှ အစောင့်တစ်ယောက် ထွက်ပေါ်လာလေသည်။

ဆရာဟိုက...

'ကျုပ်တို့ ဓားနှစ်သက် အာမခံဌာနကပါ'

အစောင့်က....

'ဘာကိစ္စရှိလို့လဲ'

ဆရာဟိုက....

'သူဌေးကြီးနဲ့ အရေးတကြီး တွေ့စရာရှိလို့ပါ'

အစောင့်က ခေါင်းတစ်ချက် ကုပ်လိုက်ပြီး....

'သူဌေးကြီး အိပ်နေပြီ ထင်တယ်၊ မနက်မှလာကြပါလား'

ယန်တမှာ ဒေါသထွက်သွား၏။

ဆရာဟိုက လက်အသာကုပ်လိုက်ပြီး ...

'ကျုပ်တို့ မနက်စောစော ဒီကထွက်သွားကြတော့မှာ ဆိုတော့ အချိန်မရှိလို့ပါ'

အစောင့်က တစ်ခဏမျှ စဉ်းစားပြီး ဝင်းတံခါးဖွင့်ပေးလိုက်၏။

'လာ...လာ....ကျုပ်သွားပြီး အကြောင်းကြားပေးပါမယ်'

ဆရာဟိုနှင့် ယန်တမှာ အထဲဝင်လာခဲ့၏။

မကြာမီ ဧည့်ခန်းဆီသို့ ရောက်ရှိလာ၏။

အစောင့်က ဧည့်ခန်းတွင်းမှ မီးအိမ်ကို ထွန်းညှိလိုက်ပြီး....

'ဒီမှာ ခဏစောင့်နေကြပါ၊ ကျုပ် သွားပြီး အကြောင်းကြားလိုက်ပါမယ်'

ဟု ပြောပြီး အတွင်းဘက်သို့ ဝင်ရောက်သွားကြလေသည်။

ယန်တနှင့် ဆရာဟိုတို့မှာ ဧည့်ခန်းတွင်းထိုင်ကာ စောင့်နေလိုက်ကြ၏။

အချိန်များ တရွေ့ရွေ့ ကုန်သွား၏။

အချိန် အတန်ကြာသည်အထိ သူဌေးကြီး ချူယိဖုံး ထွက်ပေါ်လာခြင်း မရှိသေးပါချေ။

ယန်တမှာ သည်းမခံနိုင်သလို ဖြစ်လာ၏။

ဆရာဟိုမှာလည်း စောင့်ဆိုင်းနေရသည်ကို စိတ်မရှည်နိုင်သလို ဖြစ်လာမိလေသည်။

ထိုစဉ် ခြေသံကို ကြားလိုက်ရ၏။

မကြာမီ ဧည့်ခန်းတွင်းသို့ လူတစ်ယောက် ဝင်ရောက်လာလေသည်။

ဝင်လာသူမှာ သူဌေးကြီး ချူယိဖုံး မဟုတ်ပါ။

သူဌေးကြီး ချူယိဖုံး၏ ဘဏ္ဍာစိုးသာ ဖြစ်၏။

ဘဏ္ဍာစိုးယ ဆရာဟိုအား တွေ့သောအခါ အံ့သြသွားဟန်ဖြင့်....

'ခင်ဗျားတို့ ညကြီးမိုးချုပ် ဘာလာလုပ်တာလဲ၊ ပျောက်သွားတဲ့ပစ္စည်း ပြန်ရပြီလား၊ ဒီလောက်အချိန်အတွင်း ရအောင်ရှာနိုင်တာ ခင်ဗျားတို့ တကယ်တော်ပါလား'

ဟု ထင်ရာမြင်ရာ စွတ်ပြောလာလေသည်။

ဆရာဟိုက လက်ကာပြပြီး....

'နေဦး၊ ခင်ဗျားပြောတာ တစ်ခုမှမဟုတ်သေးဘူးဗျ'



ဘဏ္ဍာစိုးက....

'ဒါဆို ဘာလို့ ရောက်လာတာလဲ၊ ခင်ဗျားတို့ပစ္စည်း လိုက်ရှာဖို့ ကောင်းနေပြီဗျ'

ဆရာဟိုက....

'ကျုပ်တို့ ရှာဖွေမှု စတင်နေပါပြီ၊ ဒီကိုလာတာကလဲ ပစ္စည်း ပြန်ရှာနားဖို့ကိစ္စနဲ့ ဆိုင်ပါတယ်'

ဘဏ္ဍာစိုးက....

'ဩော်...ဟုတ်လား၊ ပြောပြော ဘာကိစ္စရှိသလဲ'

ဆရာဟိုက....

'အလဲခံရတဲ့ပစ္စည်းအတု နှစ်မျိုး လိုချင်လို့ပါ'

ဘဏ္ဍာစိုးက....

'အတု ဟုတ်လား ဘာလုပ်ဖို့လဲဗျ၊ ခင်ဗျားတို့နဲ့ ဘာဆိုင်လို့လဲ၊ ခင်ဗျားတို့....'

ဆရာဟိုက လက်ကာပြလိုက်၏။

'သူဌေးကြီးရဲ့ပစ္စည်းကအစစ်ပဲ၊ ဒီအတုတွေက သူဌေးကြီးရဲ့ပစ္စည်းမှ မဟုတ်တဲ့၊ ခင်ဗျားတို့နဲ့ ဘာမှ မပတ်သက်ပါဘူး၊ ဒါကြောင့် ပြန်လာယူတာပါ'

ဘဏ္ဍာစိုးမှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ဆရာဟို ပြောသည်မှာ မှန်၏။

သူ့ပစ္စည်းအတုသည် သူတို့နှင့် ဘာမျှမပတ်သက်ပါ။

အကယ်၍ ပြန်မပေးလျှင် ထိုပစ္စည်းများသည် အစစ်ပင် လာဟုပင် သံသယဝင်နိုင်သည်ကို တွေးလိုက်မိ၏။

ဘဏ္ဍာစိုးက...

'ရပါတယ်၊ ဒါထက် ဒီအတုတွေကကော ပစ္စည်းအစစ် ရှာဖွေဖို့နဲ့ ပတ်သက်လို့လား'

ဆရာဟိုက....

'ပစ္စည်းအတုတွေမှာ သဲလွန်စ ရလိုရငြား ရှာဖွေကြည့်ချင်လို့ပါ'

ဘဏ္ဍာစိုးက....

'ကောင်းပြီလေ၊ ဒီအတု တွေမြင်နေရင် သူဌေးကြီး ပိုပြီး စိတ်ထိခိုက်နေဦးမယ်၊ ခင်ဗျားတို့လိုချင်ရင် ပေးလိုက်ပါမယ်၊ ခဏ စောင့်ပါ'

သူသည် ပြောပြောဆိုဆိုနှင့် ညေ့ခန်းတွင်းမှ ပြန်ထွက်သွား၏။

ထို့နောက် သူသည် အထုပ်တစ်ထုပ် ဆွဲယူလျက် ညေ့ခန်းတွင်းသို့ ပြန်လည် ရောက်ရှိ လာသည်။

ဘဏ္ဍာစိုးက အထုပ်ကို ဖွင့်ပြကာ....

'ကဲ.... ဒီမှာ ယူသွားနိုင်ပါတယ်'

ယန်တာက အထုပ်ကို ပြန်ပိတ်ကာ ထရပ်လိုက်သည်။

ဘဏ္ဍာစိုးက....

'ဩော်.... ခဏနေဦး'

သူသည် အိတ်ထဲမှ စာရွက်တစ်ရွက် ဆုတ်ကာ ဆရာဟို၏ ရှေ့သို့ ချပေးလိုက်သည်။

ဆရာဟိုက စာရွက်ကို လှမ်းကြည့်လိုက်သည်။

စာရွက်ပေါ်တွင်....



'မောနှစ်လက် အာမခံဌာနမှ ဆရာဟိုကပို့ဆောင်ပေးသည့် ပစ္စည်း အနက် အတု ဖြစ်နေသော ကြေးပန်းအိုးနှင့် ပုဆိန်ကို စစ်ဆေးရန် ပြန်လည် ယူဆောင်သွား သည်'

ဟု ရေးသားထားသည်ကို တွေ့လိုက်ရသည်။

ဆရာဟို၏ ရင်ထဲ၌ တင်းခနဲ ဖြစ်သွားသည်။

သူသည် ဘဏ္ဍာစိုးအား စိုက်ကြည့်လိုက်ပြီး....

'ပစ္စည်းအတု ပြန်ယူတာတောင် လက်မှတ်ထိုးပေးရဦးမှာလား'

ဟု မေးလိုက်သည်။

ဘဏ္ဍာစိုးက သွားဖြဲပြလိုက်ပြီး....

'ဘယ်အရာမဆို သေချာတာက ကောင်းပါတယ်'

ဆရာဟိုက ဘာမျှ မပြောတော့ပါ။

စာရွက်ကို ဆွဲယူကာ လက်မှတ်ထိုးလိုက်သည်။

ဘဏ္ဍာစိုးက ထိုစာရွက်အား ခေါက်ကာ သိမ်းဆည်းလိုက်ပြီး....

'ဒီနေ့ တစ်နေ့လုံး ကျုပ်လဲမနားရသေးဘူးပင်ပန်းနေတာ၊ ညဉ့်နက်တော့ အနားယူချင်လာပြီ၊ ကဲ.. ကဲ ခင်ဗျားတို့သဲ သွားနိုင်ပါပြီ'

ဟု ယဉ်ယဉ်ကျေးကျေးပင် နှင်ထုတ်လိုက်သည်။

ဆရာဟိုက သက်ပြင်းချကာ ထိုင်ရာမှ ထ လိုက်သည်။

ယန်တာက အထုပ်ကို ကောက်ယူလိုက်ပြီး....

'ဒါထက် ကျုပ်တစ်ခုမေးပါရစေ'

ဘဏ္ဍာစိုးက မျက်ခမှောင် ကုတ်သွားပြီး....

'ဘာမေးမလို့လဲ'

ယန်တာက....

'သူဌေးကြီး ဒီမှာ ရှိရဲ့လား'

ဘတ္တာစိုးက တစ်ချက် ရယ်မောလိုက်ပြီး....

'ရှိပါတယ်၊ ပစ္စည်းတွေ ပျောက်သွားလို့ စိတ်ထိခိုက်ပြီး စောစောပဲ အိပ်ရာဝင်သွားတယ်၊ ဘာကိစ္စများ ရှိသေးသလဲ ပြောစရာရှိရင် ကျုပ်ကို ပြောခဲ့ပါ၊ မနက်ကျ ကျုပ်ဆက်ဆက် ပြန်ပြောပေးပါမယ်'

ယန်တာက မဲ့လိုက်ပြီး....

'မမှာတော့ပါဘူး၊ ပစ္စည်းအစစ်ပြန်ရှာတွေ့လို့ လာပို့တော့ မှပဲ ခင်ဗျားတို့ သူဌေးနဲ့ စကားပြောတော့မယ်'

သူသည် စကား ဆုံးသည်နှင့် ဆရာဟုံကိုပင် စောင့်မနေတော့ဘဲ ညှော်ခန်းတွင်းမှ ခြေလှမ်းကျဲကျဲနှင့် ထွက်လာခဲ့လေတော့သည်။

....ဝ....



သူဌေးကြီး ချူယီဖုံ၏ အခန်းဆံရေးသည် အလွန်ပင် တစ်ဘက်စောင်းနှင်း နိုင်လှသည် မဟုတ်ပါလား။

သူသည် သူဌေးကြီး ချူယီဖုံးအား မကျေနပ်ဖြစ်ခဲ့သော်လည်း ပစ္စည်းပျောက်ဆုံးမှုတွင် တာဝန်ရှိသူဟု မထင်ပါ။

မည်သူမျှ ကိုယ့်ပစ္စည်း ကိုယ်ခိုးယူမည်ဟု သူ မထင်ပါ။

ယန်တာ သက်ပြင်းချလိုက်သည်။

ယနေ့ညမှ ညဘာက အလွန် ရှည်လျားလွန်းလှသည်ဟု ထင်မိသည်။

ဖြစ်နိုင်လျှင် ယနေ့ညတွင်းချင်းပင် ခရီး ထွက်လိုလှပေသည်။

အချိန်နှင့် ဒီရေသည် လူကို မစောင့်ပါ။

နှစ်သပ်ဟူသော အချိန်မှာ အင်မတန် တိုတောင်းလှသည်ဟု သူက ထင်နေမိသည်။

ဆရာဟုံက....

'ယန်တာ၊ မင်း သက်ပြင်း ခဏခဏချနေတာ ဘာဖြစ်လို့လဲ' ဟု မေးလိုက်၏။

ယန်တာက....

'ကျုပ်တို့ ဒီကနေ့ ညတွင်းချင်း ခရီးထွက်ရင်ကောင်းမလား လို့ပါ'

ဆရာဟုံက....

'ဘာဖြစ်လို့လဲ'

ယန်တာက....

'နှစ်လဆိုတဲ့ အချိန်ဟာ အလွန် တိုတောင်းပါတယ်၊ ကျုပ်တို့ အိပ်ရင်း အချိန် ဖြုန်းမယ့်အစား ရသမျှ အချိန်ကို အလုပ်လုပ်ကြတာ ကောင်းမယ်၊ ပစ္စည်း ပြန်တွေ့မှ စိတ်တိုင်းကျ အနားယူတော့ ပိုကောင်းမယ် ထင်တယ်ဗျာ'

ဆရာဟုိက ခေါင်းညိတ်လိုက်၏။

'မင်းပြောတာ ဟုတ်တယ်၊ ကျုပ်လဲ မင်းလိုပဲ၊ ဒါပေမယ့် ကျုပ်တို့ တစ်ခု မေ့ထားလို့ မရဘူး'

ယန်တာက....

'ဘာများလဲဗျ'

ဆရာဟုိက....

'အဖွဲ့သားတွေဟာ ကျုပ်တို့လောက် အပင်ပန်း မခံနိုင်ဘူဆိုတဲ့အချက်ပဲ၊ အခု သူတို့က ခရီးရှည်ဆက်တိုက်ထွက်လာခဲ့ရတဲ့အတွက်အတော်ပင်ပန်းနေပြီ၊ ဒါပေမယ့် အားလုံး ခရီးထွက်မယ်လို့ အမိန့်ပေးရင် ဘယ်သူမှ ငြင်းပယ်ကြမှာ မဟုတ်ဘူး၊ ဒါပေမယ့် ခေါင်းဆောင်ကြီးက သူတို့ကို ဒီလို အမိန့်ပေးမှာ မဟုတ်ဘူး၊အလွန် ပင်ပန်းနေတဲ့အဖွဲ့သားတွေ တစ်ရက်နားလို့ပိုပြီး ထူးခြားမလာပါဘူးဗျာ'

ယန်တာ ပါးစပ်ပိတ်သွား၏

ဆရာဟုိ ပြောသည်က သဘာဝ ကျလှသည် မဟုတ်ပါလား။



သူသည်လည်း စိတ်က ဆောင်နေ၍သာ ညတွင်းချင်း ခရီးထွက်ချင်နေခြင်း ဖြစ်သည်။

ခန္ဓာကိုယ်ကမူ အတော် ပင်ပန်း နွမ်းနယ်နေပြီး လဲလျောင်းအနားယူချင်နေခဲ့ပြီ မဟုတ်ပါလား။

....၀....

ဝေတင်ကွမ်းက....

'ကျုပ်တို့ မနက် စောစောခရီးထွက်ရင်ကောင်းမယ်ထင်တယ် ခေါင်းဆောင်ကြီး'

ဟု ရုတ်တရက် ပြောလိုက်၏။

တုကျူးက....

'ဘာဖြစ်လို့လဲ'

ဝေတင်ကွမ်းက....

'ကျုပ်တစ်ခု စဉ်းစားမိလို့ပါ'

တကျော့ကျူးက....

'ဘာစဉ်းစား မိလို့လဲ ပြောပါဦး'

ဝေတင်ကွမ်းက....

'အာမခံပစ္စည်းဟာ တင်းခေါင်မြို့ကို ရောက်မှ ပျောက်သွားတာ မဖြစ်နိုင်ဘူး'

တကျော့ကျူးက....

'ဟုတ်တယ်၊ ဒီမြို့ရောက်မှ ပျောက်တာ မဟုတ်တာတော့ ကျုပ် လက်ခံတယ်'

ဝေတင်ကွမ်းက....

'ပစ္စည်းအပ်တဲ့အခါ အသေအချာစစ်ပြီး လက်ခံယူတာယ်၊ ပြီးတော့ တစ်လမ်းလုံးပစ္စည်းကို ဂရုတစ်စိုက် စောင့်ရှောက်သယ်ဆောင်လာခဲ့တဲ့ကြားက ပျောက်ဆုံးသွားတာဟာ အလွန်ထူးဆန်းနေတယ်၊ ဘယ်နေရာမှာသတိလစ်ပြီး ပျောက်သွားနိုင်သလဲဆိုတာ ပြန်စဉ်စားကြည့်ရမယ်'

တကျော့ကျူးက ခေါင်းအသာယမ်းလိုက်သည်။

'မလွယ်ဘူး...ပြန်စစ်ဆေးဖို့ဆိုတာမှာ ကျုပ်တို့လာခဲ့တဲ့ခရီးက မနီးလှဘူး'

ဝေတင်ကွမ်းက....

'ဟုတ်ကဲ့.... ခရီးရှည်အတွက် အသေအချာပြန်စဉ်းစားရှာဖွေရမှာပဲ၊ ကျုပ်တို့ လာလမ်းအတိုင်း ပြန်ကြမယ်၊ လမ်း



တစ်လျှောက် အခြေအနေစစ်ဆေးသွားမယ်၊ ပစ္စည်းပျောက်သွားတာက ငြင်းလို့မှမရတော့ ဘယ်နေရာမှာ ပျောက်ဆုံးသွားသလဲ၊ ဘယ်နေရာမှာ အလဲခံရသလဲဆိုတာကို သေသေချာချာပြန်စစ်ဆေးရမယ်'

ဟု ပြောလိုက်လေသည်။

တကျော့ကျူးမှာ တွေဝေသွားသည်။

သူသည် အတန်ကြာအောင် စဉ်းစားပြီးမှ....

'ကျုပ်လဲ ဘာမှမစဉ်းစားနိုင်အောင် ဖြစ်နေတယ်၊ မင်းတို့အကြံထက်ကောင်းတာလဲ မရှိဘူး၊ မင်းပြောသလိုပဲ လာလမ်းအတိုင်း ပြန်စစ်ဆေးတာပေါ့'

ဟု သဘောတူလိုက် လေသည်။

....o....

ခိုမင်းနယ်....

ခိုမင်းနယ်သည် အလွန်သာယာလှပသော နယ်တစ်နယ်ဖြစ်၏။

စီးပွားရေးလည်း အလွန်ကောင်းမွန်သော နယ်တစ်နယ်ဖြစ်သည်။

ခိုမင်းနယ်အတွင်း ကူးသန်းရောင်းဝယ်မှု လုပ်ငန်းများ အလွန်ဖွံ့ဖြိုးတိုးတက်သည်ဟု ဆိုရပေမည်။

ခိုမင်းနယ်တွင် ကုန်သည်များ အများဆုံးရှိသည်ဟု ဆိုရပေမည်။

ခိုမင်းနယ်အတွင်း ချမ်းသာကြွယ်ဝသူများ အလွန်ပေါများသည်ဟု မှတ်ယူနိုင်ပေသည်။

....o....



ခိုင်ဖုံးမြို့....

ခိုမင်းနယ်တွင် အကြီးဆုံးသောမြို့မှာ ခိုင်ဖုံးမြို့ဖြစ်၏။

ခိုင်ဖုံးမြို့သည် ခိုမင်းနယ်၏ အဓိကမြို့ဖြစ်သည်နှင့်အညီ အလွန်စည်ကား လှပေသည်။

ခိုင်ဖုံးမြို့တွင် ကျော်ကြားသော အရာလေးခုရှိသည်။

ပထမကျော်ကြားမှုကား ရွှေငါးကြင်း စားသောက်ဆိုင်ဖြစ်သည်။

ရွှေငါးကြင်း စားသောက်ဆိုင်၏ လက်ရာမှာ အလွန်ကောင်းမွန်ပေသည်။

ခိုင်ဖုံးမြို့ရောက်လျှင် ရွှေငါးကြင်း စားသောက်ဆိုင်ရောက်မှသာ ပြည့်စုံသည်ဟု ပြောစမှတ်ပြုကြ၏။

ဒုတိယ ကျော်ကြားမှုကား ကိုးထပ်စေတီဖြစ်၏။

ကိုးထပ်စေတီသည် ခိုင်ဖုံးမြို့၏ တောင်ဘက် ယွန်းယွန်းတွင် တည်ရှိသည်။

တန်မင်းဆက် လက်ထက်ကတည်းက တည်ထားခြင်းဖြစ်ပြီး ရှေးဟောင်းအမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ထားပေသည်။

တတိယ ကျော်ကြားမှုကား စီးဝူရေကန်ပင် ဖြစ်သည်။

ခိုမင်းနယ်တွင် ခိုင်ဖုံးမြို့က အလှအပဆုံးဖြစ်၏။

ထို့အတူခိုင်ဖုံး မြို့တွင် အလှပဆုံးသော နေရာပြပါဆိုလျှင် စီးဝူရေကန်ကိုပြရမည် ဖြစ်ပေသည်။

စီးဝူရေကန်၏ သဘာဝအလှများကို ခေတ်အဆက်ဆက်မှ ပန်းချီကျော်များ ရေးဆွဲခဲ့ကြသည်။

သို့သော် မူလအမြင်ဘက်ရှိ စီးဝူရေကန်၏အလုပ်ဂို စိုးစ[...]
မှုပင်မမီနိုင်ပါချေ။

စတုတ္ထ ကျောင်ကြားမှုကား လျှုပင်းဖြစ်၏။

ခိုင်ဖုံးမြို့ အကြောင်းပြောလျှင် လျှုပင်းအကြောင်း[...]
ချန်ထား၍မရပါ။

လျှုပင်းသည် ခိုင်ဖုံးမြို့ရှိအချမ်းသာဆုံးသော သူဌေးကြီး[...]
တစ်ယောက်ပင် ဖြစ်သည်။

ခုံမင်းနယ်တွင် ချမ်းသာကြွယ်ဝသူ ပေါများသော်လည်း[...]
လျှုပင်း၏ ချမ်းသာကြွယ်ဝမှုကို မမီကြပါ။

သူဌေးကြီးလျှုပင်း ပိုင်ဆိုင်သော ပစ္စည်းဥစ္စာရတနာမျာ[...]
ကား ခုံမင်းနယ်တွင် လက်ညှိုးထိုးမလွဲနိုင်အောင် ရှိနေပေ[...]
သည်။

ခိုင်ဖုံးမြို့၏ အဓိပတိမျက်နှာဖုံးကား သူဌေးကြီးလျှု[...]
ပင်းပင် ဖြစ်ပါသည်။

....၀....



သူဌေးကြီးလျှုပင်း....

လျှုပင်းမှာ အသက်ငါးဆယ်ကျော်ခန့် ရှိသည်။

သူသည် အလွန်ဝဖြိုးသော လူတစ်ယောက်ဖြစ်ပြီး ကိုယ့်ကို
ကိုယ်ပင် မနည်းသယ်နေရသည်။

လျှုပင်းသည် အသက်နှစ်ဆယ်ကျော်ခန့်က လျင်မြန်ဖျတ်
လတ်သော သိုင်းသမားလူငယ် တစ်ယောက်ဖြစ်ပြီး သိုင်း
လောကတွင် ငါးနှစ်ခန့်ကျင်လည် ကျက်စားခဲ့ပေသည်။

လျှုပင်းမှာ သိုင်းလောကတွင် ကျင်လည်ကျက်စားနေ
သော်လည်း သူ၏မိဘဘိုးဘွားစဉ်ဆက်က ချမ်းသာကြွယ်
ဝသူဖြစ်သည်။

သူ၏ဖခင် ကွယ်လွန်ပြီးနောက် လျှုပင်းက သိုင်းလောက
ထဲမှထွက်ကာ ဖခင်၏ လက်ငုတ်လက်ရင်း စီးပွားရေးလုပ်ငန်း
များကို ဦးစီးကာ လုပ်ကိုင်ခဲ့၏။

လျှုပင်း သိုင်းလောကတွင် ကျင်လည်ခဲ့သည့် ငါးနှစ်
အတွင်း သူ၏ဖော်ရွေသော ဆက်ဆံမှုကြောင့် မိတ်ဆွေအလွန်
ပေါများခဲ့၏။

သူသည် စီးပွားရေး လုပ်ဆောင်ရာတွင်လည်း အလွန်ပင်
အကွက်မြင်လှသောကြောင့် မိဘ လက်ထက်ကထက်ပင် ပို၍
ချမ်းသာကြွယ်ဝလာ၏။

ချမ်းသာကြွယ်ဝလာသည်နှင့် အမျှ စည်းစိမ် ယစ်မူးကာ
သိုင်းပညာ အလေ့အကျင့်ပြတ်ပြီး တစ်နေ့တခြား လူဝကြီး
တစ်ယောက် ဖြစ်လာခဲ့လေသည်။

ယခုဆိုလျှင် သူက သိုင်းပညာ၏ အခြေခံများကိုပင် မေ့လျော့သလို ဖြစ်နေချေပြီ။

သို့သော် လျှုပင်းက သိုင်းသမားဘဝထက် သူဌေးကြီးဘဝကို ကျေနပ်စွာပင် လက်ခံခဲ့၏။

သူ သိုင်းပညာအသုံး ချရန် မလိုအပ်တော့ပါ။

ယခု သူက အဆင့်မြင့်သိုင်းသမား လေးယောက်နှင့် သိုင်းသမား နှစ်ဆယ်ခန့်အား သူ၏လုံခြုံရေးအတွက် ငှားရမ်းထားနိုင်ခဲ့ပြီ မဟုတ်ပါလား။

...ဝ...

သုံးလ နှစ်ဆယ့်ခုနစ်ရက်နေ့....

နွေဦးရာသီဖြစ်သော်လည်း တစ်နေ့လုံး အိုက်စပ်စပ်ဖြစ်နေလေသည်။

တစ်ခါတရံမှသာ လေနုအေးကလေးက တိုက်ခတ်လာသည်။

သူဌေးကြီးလျှုပင်း၏ ဂေဟာသည် ခိုင်ဖုံးမြို့၏ အရှေ့ဘက် လူကုံထံရပ်ကွက်တွင်တည်ရှိပြီး ဆယ်ဧကခန့် ကျယ်ဝန်းပေသည်။



ခြံဝင်းကျယ်ကြီးအတွင်းတွင် အလွန်ကြီးမားသော စံအိမ်တစ်လုံး တည်ဆောက်ထား၏။

စံအိမ်အနောက်တွင် အဆောင်ငယ် တစ်ဆယ့်နှစ်ဆောင်တိတိ ဆောက်လုပ်ထားသေးသည်။

စံအိမ်အရှေ့ မျက်နှာစာတွင် ဧကဝက်ခန့်ကျယ်သော ပန်းဥယျာဉ်တစ်ခု ရှိ၏။

ထိုပန်းဥယျာဉ်တွင် တစ်နှစ်ပတ်လုံး ရောင်စုံပန်းပွင့်များ မပြတ်တမ်းပွင့်နေအောင် စိုက်ပျိုးထားပေသည်။

စံအိမ်မှာ ကြီးမား ခန့်ညားလှသလို ဗိသုကာ လက်ရာမှာလည်း အလွန်ပြောင်မြောက်လှ၏။

လျှုပင်းက ထိုစံအိမ်ကို ဆောက်လုပ်ရန် ပီကင်းနေပြည်တော်မှ နာမည်အကြီးဆုံး ဗိသုကာပညာရှင်ကို ခေါ်ယူကာ ဆောက်လုပ်စေခဲ့ခြင်း ဖြစ်ပေသည်။

...ဝ...

နံနက်ခင်း နေရောင်ခြည် ဖူးပွင့်နေ၏။

လျှုပြင်းမှာ ပန်းဥယျာဉ်အတွင်း၌ လမ်းလျှောက်နေလေသည်။

မွှေးပျံ့သော ပန်းရနံ့များကြောင့် သူ၏စိတ်များသည် လန်းဆန်းသွားသလို ခံစားလိုက်ရသည်။

လျှုပြင်း ပန်းဥယျာဉ်အတွင်း ရောက်လာသည်နှင့် သူ၏ ကိုယ်ရံတော်လေးယောက်လည်း မလှမ်းမကမ်းတွင် စောင့်၍ နေကြလေသည်။

လျှုပြင်းသည် နံနက်ခင်း အိပ်ရာမှထသည်နှင့် ပန်းဥယျာဉ်အတွင်း အညောင်းအညာပြေစေရန် လမ်းလျှောက်၍ နေလေသည်။

ထိုနောက် သူသည် မြေတိုက်ခန်းသို့ သွား၏။

နေ့လည်ခင်းမှသာ မြေတိုက်ခန်းမှပြန်ထွက်ပြီး သူ၏စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်၏။

သူဌေးကြီး လျှုပြင်းသည် အဘယ်ကြောင့် မြေတိုက်ခန်းတွင် နေ့ဝက်မျှ အချိန်ဖြုန်းနေရပါသနည်း။

အကြောင်းရင်း တစ်ခုသာရှိ၏။

ထိုမြေတိုက်ခန်းတွင် သူပိုင်ဆိုင်သမျှ ရွှေ ငွေ ရတနာ ဥစ္စာများ ထားရှိပြီး သူ၏များပြားသော စည်းစိမ်ကို နေ့စဉ်ကြည့်၍ ပီတိပွားရင်း ရှေ့လုပ်ရမည့် လုပ်ငန်းများကို စဉ်းစားဆုံးဖြတ်လေ့ရှိခြင်းပင် ဖြစ်၏။

မြေတိုက်ခန်းသည် အဆောက်အအုံ၏ အလယ်တည့်တည့်တွင် ဆောက်လုပ်ထား၏။



မြေတိုက်ခန်းသို့ ဝင်ရာအပေါက်မှာ လျှုပြင်း၏ သီးသန့်အခန်းထဲမှပင် ဖြစ်သည်။

ထိုသီးသန့်ခန်းအား လက်ရွေးစဉ်သိုင်းသမား လေးယောက်စီက ခြောက်နာရီခြားစီ နေ့ညမပြတ် စောင့်ကြပ်၍ နေကြလေသည်။

သီးသန့်ခန်းမှ မြေအောက်ခန်းသို့ဆင်းရာ တံခါးမှာ အထူးစီမံပြုလုပ်ထားသော ဆံခကျီတံခါးဖြစ်၏။

ထူထဲပြီး အလွန်ပင် ခိုင်ခန့်လှ၏။

ထိုတံခါးကိုဖွင့်ပြီး အောက်ဆင်းရသည်။

အောက်သို့ရောက်လျှင် မြေအောက်ခန်းသို့ဝင်ရန် တံခါးတစ်ခုရှိသေးသည်။

သူဌေးကြီးလျှုပြင်း၏ မြေတိုက်ခန်းကား နေပြည်တော်မှ အကျဉ်းထောင်ထက်ပင် သုံးခြင်ခိုင်ခန့်သည်ဟု ဆိုရမည်သာ ဖြစ်ပါသည်။

....o....

သူဌေးကြီးလျှုပြင်းသည် ပန်းဥယျာဉ်အတွင်း အတန်ကြာအောင် အညောင်းအညာဖြေ လမ်းလျှောက်နေ၏။

အတန်ကြာမှ သူသည် အဆောက်အအုံတွင်း ပြန်ဝင်လာခဲ့ပါသည်။

အခန်းတွင်း၌ နံနက်စာက အသင့်ပြင်ဆင်ထားပြီး ဖြစ်လေသည်။

သူဌေးကြီးလျှုပြင်းက နံနက်စာ စားသောက်ပြီးနောက် ထုံးစံအတိုင်း မြေတိုက်ခန်းသို့ဝင်ရန် သီးသန့်ခန်းထဲသို့ ဝင်လာခဲ့သည်။

သူဌေးကြီး လျှုပြင်း ဝင်လာသည်နှင့် အစောင့်သိုင်းသမားလေးဦးက အရိုအသေပြုကာ အခန်းထဲမှ ထွက်သွား၏။

သူဌေးကြီးလျှုပြင်းက သီးသန့်တံခါးကိုပိတ်၍ မြေတိုက်အဝင်တံခါးကိုဖွင့်ကာ အောက်သို့ ဆင်းလာခဲ့၏။

မြေတိုက်ခန်းတံခါးအထိ ဆယ်ပေခန့် လမ်းကလေးအတိုင်း လျှောက်သွား၏။

ထိုလမ်းတစ်လျှောက်တွင် အချက်ပေးခလုတ်များ တပ်ဆင်ထားပြီး မသိသူဝင်လာပါက အချက်ပေးခလုတ်များကို ရှောင်တိမ်းနိုင်မည် မဟုတ်ပါချေ။

သူဌေးကြီးလျှုပြင်းက မြေတိုက်ခန်းတံခါးသော့ကိုဖွင့်လိုက်လေသည်။

သူ၏ တံခါးသော့မှာလည်း လျှို့ဝှက်နံပါတ်များအတိုင်း ဖွင့်ရခြင်း ဖြစ်သည်။



လျှို့ဝှက်နံပါတ်မသိဘဲ ရမ်းဖွင့်ပါက အချက်ပေးသံများ ဆူညံစွာ ထွက်ပေါ်လာအောင်လည်း စီစဉ်ထား၏။

သူဌေးကြီးလျှုပြင်းက အခန်းတံခါးကိုတွန်းဖွင့်ကာ မြေတိုက်ခန်းအတွင်း လှမ်းဝင်လိုက်သည်။

သူ၏ မြေတိုက်ခန်းတွင်း ခြေချမိလိုက်သည်နှင့် သူ၏ပါးစပ် အဟောင်းသား ပွင့်သွားလေသည်။

သူ၏ မြေတိုက်ခန်းတွင်း၌ ရတနာ၊ ရွှေငွေများစွာကို သေတ္တာကလေးများဖြင့် ထည့်ကာ သိမ်းထားခဲ့၏။

ယခု မြေတိုက်ခန်းအတွင်း သေတ္တာငယ်ကလေးများ တစ်ခုမျှ မတွေ့ရပါချေ။

အလွန်များပြားသော သူ၏ ရတနာရွှေငွေများ မည်ကဲ့သို့ ပျောက်ဆုံး သွားရပါသနည်း။

'ကုန်ပြီ...ကျုပ်ပစ္စည်းတွေ ကုန်ပါပြီ'

သူဌေးကြီး လျှုပြင်းက စူးစူးဝါးဝါး အော်လိုက်၏။

နှမြောတသစိတ်၊ ထိတ်လန့်စိတ်များက ရုတ်ခြည်းဆောင့်တက်လာပြီး သူဌေးကြီးလျှုပြင်းမှာ သတိလစ်ကာ ကြမ်းပေါ်ပုံလျက်သား ကျသွားသည်။

....o....

သုံးလ နှစ်ဆယ့်နှစ်ရက်။

သူဌေးကြီးလျှုပင်း ပြန်လည်သတိရလာသည်။

သူသည် ခုတင်ပေါ်ဝယ် လဲလျောင်းနေသည်။

သတိရလာသည်နှင့် အလွန်ဝမ်းနည်းကြေကွဲသော ခံစားချက်က တစ်ကိုယ်လုံး စိုးမိုးလာသည်။

လျှုပင်းက ပတ်ဝန်းကျင်အား တစ်ချက်ကြည့်လိုက်သည်။

သူ၏ ခုတင်အနီးတွင် ရပ်နေသော သူ၏ဇနီးကို တွေ့လိုက်ရလေသည်။

လျှုပင်းမှာ အလွန်အံ့ဩသွားပုံရသည်။

မျက်ရည်များ သွင်သွင်စီးကျလာသည်။

သူဌေးကတော်က....

'ရှင် သတိရပြီနော်၊ စိတ်ထိန်းပါရှင်'

သူဌေးလျှုပင်း၏ ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားသည်။

'သွားစမ်း၊ တယန်ကျောင်းကို လွှတ်လိုက်'

ဟု ကြုံးအော်လိုက်သည်။

သူဌေးကတော်မှာ ထိတ်လန့်သွားပြီး နောက်တစ်လှမ်း ဆုတ်သွားသည်။

သူဌေးကြီး လျှုပင်းက....

'ပြောနေတာ မကြားဘူးလား၊ အားလုံး ထွက်သွားကြ၊ တယန်ကျောင်းကိုသာ လွှတ်လိုက်'



ဟု ထပ်မံ အော်ဟစ်လိုက်ပြန်သည်။

သူဌေးကတော်မှာ အိမ်ဖော်များကိုခေါ်ကာ အခန်းထဲမှ ခပ်ကုတ်ကုတ်ကလေး ထွက်သွားသည်။

မကြာမီ အခန်းတွင်းသို့ တယန်ကျောင်း ရောက်ရှိလာလေသည်။

တယန်ကျောင်းသည် သူဌေးကြီးလျှုပင်း၏ ကိုယ်ရံတော် ချုပ်ပင် ဖြစ်သည်။

တယန်ကျောင်းက ဂါရဝပြုလိုက်ပြီး....

'အမိန့်ရှိပါ သူဌေးကြီး'

လျှုပင်းက....

'တာဝန်ကျတဲ့ သိုင်းသမားအားလုံး ဖမ်းထားလိုက်၊ သေချာ စစ်ဆေးရမယ်'

တယန်ကျောင်း ရင်ထိတ်သွားသည်။

သီးသန့်ခန်းတွင် တာဝန်ကျသော လက်ရွေးစဉ်သိုင်းသမား လေးယောက်မှာ သူ၏ ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြလေသည်။

ယခုအခြေအနေတွင် ထိုလက်ရွေးစင်သိုင်းသမား လေးဦး၏ အခြေအနေမှာ မကောင်းတော့ပါချေ။

တယန်ကျောင်းက ပျောက်ဆုံးသွားသော ရွှေငွေဥစ္စာများကို ပြန်ရှာဖွေနိုင်မှသာ ထိုလူများကို ကယ်တင်နိုင်မည် ဖြစ်ကြောင်း တွေးလိုက်မိသည်။

သို့သော် ယခု သူက အမိန့်အရ ထိုလက်ရွေးစင် သိုင်းသမား လေးယောက်အား ဖမ်းဆီးချုပ်နှောင်ထားရတော့မည် မဟုတ်ပါလား။

....ဝ....

အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။

အခန်းတွင်း၌ သူဌေးကြီးလျှုပင်းနှင့် ကိုယ်ရံတော်ချုပ် တယန်ကျောင်းတို့သာ ရှိပေသည်။

သူဌေးကြီးလျှုပင်းသည် တယန်ကျောင်းအား ကိုယ်ရံတော်အဖြစ်ထက် မိသားစုတစ်ယောက်နှယ် အားကိုးသူဖြစ်၏။

သူဌေးကြီးလျှုပင်းက တယန်ကျောင်းအား စိုက်ကြည့်နေသော်လည်း ဘာစကားမျှ မပြောသေးပါချေ။

သူဌေးကြီးလျှုပင်း၏ မျက်နှာမှာ- ဖြူလျော်နေ၏။

သူဌေးကြီးလျှုပင်းအား ကြည့်ရသည်မှာ နှစ်ရှည်လများ ရောဂါဝေဒနာ ခံစားနေရသည့် လူမမာတစ်ယောက်နှင့် တူနေ၏။



သူ၏ ရွှေငွေရတနာများသာ ပြန်မရနိုင်တော့ဆိုလျှင် ရူးသွပ်ရှုပင် သွားမည်လော မပြောတတ်ပါ။

သူဌေးကြီးလျှုပင်းက....

'တယန်ကျောင်း'

သူ၏အသံသည် လေသံမျှသာရှိ၏။

တယန်ကျောင်းက....

'အမိန့်ရှိပါ သူဌေးကြီး'

လျှုပင်းက....

'ကျုပ်ပစ္စည်းတွေ ဘယ်သူခိုးသွားတာလဲ'

တယန်ကျောင်း ခေါင်းအသာကုပ်လိုက်၏။

သူသည် မဖြေနိုင်သည့်အတွက် ပါးစပ်ပိတ်ထားလိုက်၏။ ဤမေးခွန်း၏အဖြေကို သူကိုယ်တိုင်လည်း သိချင်နေသည် မဟုတ်ပါလား။

သူဌေးကြီးလျှုပင်းက....

'ဒီကိစ္စကို ခင်းခေါင်းပေါ် ပုံချလိုက်မယ်'

'ခင်ဗျာ'

တယန်ကျောင်းမှာ မျက်လုံးပြူးသွား၏။

သူဌေးကြီး လျှုပင်းက....

'ကျုပ်ရဲ့ သိုင်းသမားတွေဟာ အမှုထမ်းလာတာ ကြာခဲ့ကြပါပြီ၊ သီးသန့်ခန်းကို စောင့်ကြပ်တဲ့ သိုင်းသမားတွေဟာ တာဝန်တော့ ကျုပ် ယုံကြည်စိတ်ချပါတယ်၊ သူတို့တွေ ခိုးယူတယ်လို့ ကျုပ် လုံးဝမထင်ဘူး၊ တစ်ယောက်ယောက်က လုံခြုံ

ရေး အစီအစဉ်က ဟာကွက်တွေကိုရှာပြီး ခိုးယူသွားတာဖြစ်ရမယ်'

တာယန်ကျောင်းက ...

'ကျွန်တော်တို့ လုံခြုံရေးအစီအစဉ်ဟာ အလွန် တိကျပါတယ်၊ ဟာကွက်မရှိပါဘူး'

သူဌေးကြီးလျှုပင်းက....

'မင်းက ဟာကွက်မရှိဘူးလို့ ထင်လို့လား'

တာယန်ကျောင်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့၊ သူဌေးကြီး'

သူဌေးကြီးလျှုပင်းက....

'ဘာကြောင့် ဟာကွက်မရှိဘူး ထင်ရသလဲ'

ဟု ထပ်မေးလိုက်၏။

တာယန်ကျောင်းမှာ မည်သို့ ဖြေရမှန်းမသိဘဲ ပါးစပ်ပိတ်သွားရလေတော့သည်။

သူဌေးကြီးလျှုပင်းက....

'တစ်နေရာရာမှာ ဟာကွက်ရှိနေတာတော့ သေချာပါတယ်၊ ကဲ....ကျုပ်တို့ ရှာကြည့်ရအောင် လုံခြုံရေးအစီအစဉ်ကို ပြောပြစမ်းပါ'

တာယန်ကျောင်းက ချက်ချင်း ဖြေလိုက်၏။

'လက်ရွေးစင် သိုင်းသမားဆယ်ယောက်က နေ့ညခြံပြီ ဂေဟာတစ်ခုလုံးကို ပတ်ပြီး စောင့်ကြပ်ပါတယ်၊ ပြီးတော့ သီးသန့်ခန်းတွင်းမှာလဲ လက်ရွေးစင် သိုင်းသမားလေးယောက်က နေ့ညမပြတ်တမ်း စောင့်ကြပ်ပါတယ်'



လျှုပင်းက....

'ကောင်းပြီ၊ သီးသန့်ခန်းနဲ့ မြေတိုက်အဝင်ကြား အမိုးပေါ်ကော ခင်ဗျာ မဖြစ်နိုင်ပါဘူး ဒီနေရာအထိ ဘယ်သူက ဝင်လာနိုင်မှာလဲ'

သူဌေးကြီးလျှုပင်းက....

'အဆင့်မြင့်တဲ့ သိုင်းပညာရှင် တစ်ယောက်ဆိုရင်တော့ ကျုပ်ရဲ့ ဂေဟာအမိုးပေါ်ကတစ်ဆင့် အဲဒီနေရာကြား ပေါင်းကူးအမိုးပေါ်ကို ရောက်အောင် လာနိုင်မှာပဲ'

တာယန်ကျောင်း မျက်စေ့မျက်နှာ ပျက်သွား၏။

သူဌေးကြီးလျှုပင်းက....

'ချက်ချင်း သွားစစ်ဆေးစမ်း'

တာယန်ကျောင်းက အခန်းတွင်းမှ ချက်ချင်း ပြေးထွက်သွားလေတော့သည်။

....၀....

အခန်းများ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

တယုန်ကျောင်းက အခန်းတွင်း ပြန်လည်ရောက်ရှိလာ၏၊ တယုန်ကျောင်း အခန်းအတွင်းသို့ ခြေချလိုက်သည်နှင့် သူဌေးကြီးလျှုပင်းက လှမ်းမေးလိုက်လေသည်။

'အခြေအနေတယ်လိုလဲ'

တယုန်ကျောင်းက....

'သူဌေးကြီး တွက်တဲ့အတိုင်း ပေါင်းမိုးအကူးခေါ်မှာ ခြေရာ လက်ရာ တွေ့ရပါတယ်'

လျှုပင်း၏မျက်လုံးများ ဝင်းလက်သွား၏။

'ကောင်းပြီ၊ တွေ့ခဲ့သမျှ ပြောပြစမ်း'

ဟု အလျင်အမြန် မေးလိုက်၏။

တယုန်ကျောင်းက....

'ပေါင်းမိုးအကူး ကျောက်ပြားကို တစ်စုံတစ်ယောက်က ခွာပြီး ပြန်ချထားပါတယ်၊ အဲဒီကနေတစ်ဆင့် ဝင်လာတယ် ဆိုတာ အလွန် ထင်ရှားနေပါတယ်'

လျှုပင်းက....

'ဘယ်သူဝင်လာတာလဲ'

တယုန်ကျောင်း မျက်လုံးပြူးသွားပြီး....

'ဒါ....ဒါတော့....ကျွန်....ကျွန်တော်လဲ မသိပါဘူး'

လျှုပင်းက တယုန်ကျောင်းအား စိုက်ကြည့်လိုက်၏။



'မင်း ကြိုးစားစမ်း၊ ဒီ ရွှေငွေရတနာတွေကို ရအောင် ပြန်ရှာနိုင်ခဲ့ရင် မင်းရမယ့်ဆုတွေဟာ ဒီ ရွှေငွေရတနာတွေရဲ့ ဆယ်ပုံတစ်ပုံပဲ'

တယုန်ကျောင်း အလွန်အံ့ဩသွား၏။

ပါးစပ်မှာသည်း အဟောင်းသား ဖြစ်သွားလေသည်။

သူက လွှတ်ခနဲ မအောင့်မီရန်ပင် မနည်းကို ချုပ်တီး ထား လိုက်ရလေသည်။

သူဌေးကြီးလျှုပင်းသည် ဘော်ရုံ သူဌေးတစ်ယောက်သက် ဆယ်ဆမက ချမ်းသာသူဖြစ်၏။

သူဌေးကြီးလျှုပင်း၏ ရွှေငွေရတနာများမှာ ဆယ်ပုံတစ်ပုံသည် သူ့အား လူချမ်းသာတစ်ယောက် ဖြစ်စေနိုင်မည် မဟုတ်ပါလား။

သူဌေးကြီးလျှုပင်းက....

'တယုန်ကျောင်း'

'အမိန့်ရှိပါ သူဌေးကြီး'

'ကျုပ်ရဲ့ ရွှေငွေရတနာတွေဟာ အလွန်များပြားပါတယ်၊ သေတ္တာနဲ့ထည့်ရင်တောင်မှ လေးငါးလုံး ကမှာမဟုတ်ဘူး'

တကျောင်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့၊ ဒီရတနာတွေကို အလွယ်တကူ ယူဆောင်သွားဖို့ မလွယ်ပါဘူး'

သူဌေးကြီး လျှုပြင်းက....

'သူခိုးတွေ ဒီရတနာတွေကို ဘယ်လိုသယ်သွားမလဲ ခင်ဗျား စဉ်းစားကြည့်စမ်း'

တယုန်ကျောင်း၏ မျက်လုံးများ ဝင်းလက်သွား၏။

သူဌေးကြီးလျှုပြင်း၏ များပြားလှသော ရွှေငွေရတနာများကို သူခိုးများက အကျိအတိအတွင်း ဝှက်ယူသယ်ဆောင်သွား၍ မရပါ။

သူခိုးများသည် ထိုရွှေငွေရတနာများကို သယ်ဆောင်ရန် အနည်းဆုံး မြင်းလှည်းသုံးစီးအထက် အသုံးပြုရမည်ဖြစ်၏။

တယုန်ကျောင်းက....

'သူခိုးတွေဟာ ရတနာတွေကို မြင်းလှည်း သုံးလေးစီးလောက် အသုံးပြုပြီး သယ်ဆောင်ရမှာ သေချာတယ်၊ ကျွန်တော် စုံစမ်းလိုက်ပါဦးမယ်'

သူ၏လေသံမှာ အလွန်တက်ကြွနေ၏။

သူသည် စကားဆုံးသည်နှင့် သူဌေးကြီးလျှုပြင်းအား အရိုအသေပြုကာ အခန်းထဲမှ လျင်မြန်စွာ ထွက်ခွာသွားလေသည်။

သူဌေးကြီး လျှုပြင်းမှာလည်း တယုန်ကျောင်း၏ ပါးနပ်လျင်မြန်မှုကို တွေ့လိုက်ရသဖြင့် အနည်းငယ် စိတ်သက်သာရာရသွားဟန် ပေါ်လာ၏။

တယုန်ကျောင်းသည် အကင်းပါး၏။

ဇွဲရှိ၏။



တယုန်ကျောင်း၏ ကြိုးစားဖော်ထုတ်မှုကြောင့် သူ၏ရွှေငွေရတနာများ မကြာမီ ပြန်လည်ရရှိနိုင်မည်ဟုလည်း တွေးလိုက်မိလေတော့သည်။

....○....

ညနေ....

ညနေခင်းသည် လှပနေ၏။

သူဌေးကြီးလျှုပြင်းသည် လေသာဆောင်တွင်ထိုင်ကာ ပန်းဥယျာဉ်ဘက်သို့ ငေးကြည့်နေ၏။

ညနေဆည်းဆာနှင့် ရောင်စုံ ဖူးပွင့်ဝေဆာနေသော ပန်းဥယျာဉ်ကလေးသည် အလွန်ပင်နံ့တင့်နေ၏။

သို့သော်....

သူဌေးကြီးလျှုပြင်းမှာ ထိုအလှအပများကို လုံးဝ ခံစားမိခြင်း မရှိပါ။

ပျောက်ဆုံးသွားသော ရတနာများ စုံဆောင်းမိလာအောင် နှစ်ပေါင်းများစွာ လုပ်ကိုင်စုဆောင်းလာရသည် မဟုတ်ပါလော။

အတန်ကြာမှ မလှုပ်မယှက် ငြိမ်သက်နေသော သူဌေးကြီး လျှုပြင်းထံမှ သက်ပြင်းတစ်ချက် ထွက်ပေါ်လာ၏။

'တယန်ကျောင်း အခုထိ ပြန်မလာသေးပါလား'

ဟု ရေရွတ်လိုက်၏။

သူဌေးကြီးလျှုပြင်းက ခေါင်းကို အသာအယာ တစ်ချက် ခါယမ်းလိုက်၏။

သူ၏ ဆန္ဒစောနေမှုကို ပြန်လည်ထိန်းချုပ်လိုက်၏။

တယန်ကျောင်း သဲလွန်စရှာဖွေရန် ထိုက်သင့်သောအချိန် ပေးရမည် မဟုတ်ပါလား။

ညနေ နေလုံးပျောက်ကွယ်ခါနီးမှပင် တယန်ကျောင်းမှာ သူဌေးကြီးလျှုပြင်းရှေ့သို့ ပြန်လည်ရောက်ရှိလာသည်။

သူဌေးကြီးလျှုပြင်းမမေးမီပင် တယန်ကျောင်းက သူစုံစမ်းသိရှိသမျှကို အစီရင်ခံလိုက်၏။

'ကျွန်တော်စုံစမ်းရတဲ့အထဲက တစ်ခုကတော့ ကျွန်တော်တို့ ဂေဟာက မြင်းလှည်းအဖွဲ့ခေါင်းဆောင် ချန်တိတ်နဲ့ သူ့ရဲ့လက်ထောက် ချန်ဝှက်တို့ သေဆုံးသွားပါပြီ'

သူဌေးကြီး လျှုပြင်း၏ မျက်လုံးများ ပြူးကျယ်သွား၏။

ချန်တိတ်နှင့် ချန်ဝှက်သည် သူ၏ဂေဟာတွင် ကလေးဘဝ အရွယ်မှစတင်ကာ ရောက်ရှိခဲ့သူများဖြစ်၏။



မိဘမဲ့ ကလေးနှစ်ယောက်ဖြစ်သော ချန်တိတ်နှင့် ချန်ဝှက်တို့အား မွေးမြူခဲ့ပြီး ကြီးပြင်းလာသောအခါ ဂေဟာ၏ မြင်းလှည်းအဖွဲ့ကို ဦးစီးခိုင်းခဲ့ပေသည်။

ချန်တိတ်နှင့် ချန်ဝှက်တို့မှာ သူဌေးကြီးလျှုပြင်း၏ အလွန်စိတ်ချယုံကြည်ရသော ကျွန်ယုံများပင် ဖြစ်ပါသည်။

သူဌေးကြီး လျှုပြင်း၏ ဂေဟာတွင် အစေခံသိုင်းသမားများသာမက သူ၏ဂေဟာအမှုထမ်းနှင့် စီးပွားရေးလုပ်ငန်းများမှ အမှုထမ်းများ ပါရှိနေရာ အားလုံး လူခုနစ်ဆယ်ခန့် ရှိပေသည်။

ထို့ကြောင့် လူခုနစ်ဆယ်အတွက် စားနပ်ရိက္ခာ အဝတ်စင် ဝယ်ယူ၍ သယ်ဆောင်ရန် မြင်းလှည်းအဖွဲ့ကို စီစဉ်ထား၏။

တစ်ဖန် သူ၏လုပ်ငန်းမှ ကုန်ပစ္စည်းများကိုလည်း အလှယ်တကူ သယ်ယူ၍ ဆောင်ပေးရန် စီစဉ်ထားခဲ့သော သူဌေးကြီးလျှုပြင်းပိုင်မြင်းလှည်း နှစ်ဆယ်နီးပါးခန့်ပင် ရှိပေသည်။

ယခု ထိုမြင်းလှည်းအဖွဲ့အား အုပ်ချုပ်သော ချန်တိတ်နှင့် ချန်ဝှက်တို့ အသတ်ခံရပြီဆို၏။

သူဌေးကြီးလျှုပြင်းက လှုပ်ရှားသွားသောစိတ်ကို ထိန်းချုပ်လိုက်ပြီး တယန်ကျောင်းအား မေးလိုက်၏။

'သူတို့ကို ဘယ်သူသတ်တာလဲ'

တယန်ကျောင်းက....

'အခုအထိ တရားခံကို မသိရသေးပါဘူး၊ ဒါပေမယ့် လူသတ်သမားဟာ ရတနာတွေခိုးယူသွားတဲ့သူပဲ ဖြစ်ရပါမယ်'

လျှုပြင်း မျက်မှောင်ကုတ်သွားပြီး....

'ဘယ်....ဘယ်လို'

တယုယန်ကျော်င်းက....
'ဟုတ်ကဲ့၊ သူခိုးတွေဟာ ချန်တိတ်နဲ့ ချန်ဇုက်ဟန်ဆောင်ပြီး တော့ ဒီဂေဟာထဲက အလှယ်တကူထွက်ခွာသွားတဲ့အခြေအနေ တွေ့ရပါတယ်'

လျူပင်းက....
'မင်းအထင်ပဲလား၊ သေချာတဲ့အထောက်အထား မရှိဘူး လား'

တယုယန်ကျော်င်းက....
'အဖြေက ကောက်ချက်ချဖို့ ရှင်းပါတယ်၊ ချန်တိတ်နဲ့ ချန် ဇုက်ဟာ သူတို့အခန်းထဲမှာ သေဆုံးနေပါတယ်၊ ဓားနဲ့ လုပ်ကြံ ခံရပြီး သေဆုံးတာ သုံးရက်လောက်ရှိပြီလို့ စစ်ဆေးသိရှိရပါ တယ်'

လျူပင်းက....
'ဆက်ပြောပါဦး'

တယုယန်ကျော်င်းက....
'သူခိုးတွေဟာ ချန်တိတ်နဲ့ ချန်ဇုက်ဟန်ဆောင် ရုပ်ဖျက်ပြီး နေထိုင်ခဲ့တယ်၊ အခွင့်သာတာနဲ့ ညအက်မြေတိုက်ခန်းကို ဖောက် ကြတယ်၊ ကနေ့မနက်ပဲ ဒီဂေဟာက ထွက်ခွာသွားပါတယ်'
လျူပင်းက....
'ကျုပ် နားမရှင်းသေးဘူး'



တယုယန်ကျော်င်းက....
'သူခိုးတွေကို မသိတဲ့အစောင့်တွေက မနေ့မနက်စောစော ကပဲ ချန်တိတ်နဲ့ချန်ဇုက်တို့မြင်းလှည်းအဖွဲ့ ရိက္ခာသယ်ဆောင်ဖို့ ထွက်သွားတယ်လို့ ပြောပါတယ်'
လျူပင်းက ခေါင်းဘဆတ်ဆတ် ညိတ်လိုက်၏။
သူ ကောင်းစွာ သဘောပေါက်သွားပြီ ဖြစ်သည်။
လျူပင်းက အံကို တင်းတင်းကြိတ်လိုက်မိ၏။
သူခိုးများက သူ၏ရတနာများကို သူ၏မြင်းလှည်းများဖြင့် တင်ဆောင်ကာ အလှယ်တကူပင် ထွက်သွားကြသည် မဟုတ်ပါ လား။
လျူပင်းက ဘယ်လက်ဝါးအား ညာလက်သီးဖြင့် အသံ မြည်အောင် တစ်ချက်ထိုးလိုက်သည်။
သူခိုးများ မနက်စောစောပိုင်းမှ ထွက်သွားကြသည်။
သွားချိန် ဘာမျှမကြာသေးပါ။
သူတို့ ကြို စားရှာဖွေလျှင် မကြာခင်အချိန်တွင် ဖမ်းဆီးနိုင် ခွင့်ရှိနေသည် မဟုတ်ပါလား။
သူဌေးကြီးလျူပင်းက....
'မင်း ဘာလုပ်နေတာလဲ'
တယုယန်ကျော်င်းက ကြောင်သွားပြီး....
'ခင်ဗျာ....'
သူဌေးကြီးလျူပင်းက....
'သူခိုးက ဘယ်လိုဘယ်ပုံနဲ့ ထွက်သွားတယ်ဆိုတာ မင်း သိနေပြီပဲ၊ မင်း ဘာလုပ်နေသလဲ၊ အဲ့ဒီမြင်းလှည်းတွေနောက်

အမြန်လိုက်ပါတော့လား၊ အမြန်ဆုံး မြင်းလှည်းတွေကို ရှာပါတော့လား’

တယန်ကျော်င်းက....
‘ဟုတ်ကဲ့... ကျွန်တော် လိုက်ရှာခဲ့ပြီးပါပြီ’
သူဌေးကြီးလျှုပင်းက အားမလို အားမရဖြစ်ကာ ထရပ်လိုက်ပြီး....

‘မြင်းလှည်းတွေကို တွေ့သလား’
ဟု အလောတကြီး မေးလိုက်၏။

တယန်ကျောင်းက....
‘ဟုတ်ကဲ့....တွေ့ပါတယ်’

သူဌေးကြီးလျှုပင်းက....
‘သူခိုး ဘယ်သူလဲ၊ ရတနာတွေကော ပြန်တွေ့သလား’
တယန်ကျောင်းက....
‘သူခိုးသိတဲ့နောက်တော့ ကျွန်တော်ရအောင် ဖမ်းဆီး လာခဲ့မှာပါ’

သူဌေးကြီးလျှုပင်းက....
‘ဒါ... ဒါဆိုရင်....’
တယန်ကျောင်းက....
‘မြင်းလှည်းအဖွဲ့ပဲ ပြန်ရှာတွေ့ပါတယ်’
သူဌေး ကြီးလျှုပင်းမှာ ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိလေသည်။



သူ၏ မျှော်လင့်ချက်များ ပြိုကွဲသွားရပြီ မဟုတ်ပါလား။
သူဌေးကြီးလျှုပင်းမှာ အတန်ကြာအောင် ငြိမ်သက်နေပြီးမှ တယန်ကျောင်းအား စိုက်ကြည့်ကာ....
‘မင်းအတော်ညံ့တာပဲ’
ဟု ပြစ်တင်ပြောဆိုလိုက်လေသည်။
တယန်ကျောင်းက ပါးစပ်ပိတ်ထား၏။
သူဌေးကြီးလျှုပင်းက....
‘မြင်းလှည်းကို ဘယ်မှာတွေ့သလဲ’
တယန်ကျောင်းက....
‘မြို့ထဲမှာပါ’
သူဌေးကြီးလျှုပင်းက မျက်မှောင်ကုတ်သွားပြီး....
‘မြို့ထဲမှာ ဟုတ်လား’
တယန်ကျောင်းက....
‘ဟုတ်ပါတယ်၊ ကျင်ဖုံးကုန်စုံဆိုင် ရှေ့မှာ မြင်းလှည်းတွေကို ရပ်ထားခဲ့ပါတယ်’
သူဌေးကြီးလျှုပင်းက....
‘ဒါဆိုရင် ကုန်စုံဆိုင်ရှင် ကျင်ဖုံးနဲ့ သူခိုးတွေဟာ တစ်နည်းမဟုတ်တစ်နည်းတော့ အဆက်အသွယ်ရှိမယ် ထင်ရတယ်’
တယန်ကျောင်းက....
‘ဟုတ်ကဲ့....ကျွန်တော်လဲ ဒီလိုပဲ ယူဆမိပါတယ်’
သူဌေးကြီးလျှုပင်းက....
‘မင်းက ဒီလိုထင်ရင်လဲ သေသေချာချာ ထပ်ပြီးမစုံစမ်းခဲ့ဘူးလား’

တာယန်ကျောင်းက....

'ဟုတ်ကဲ့ .. စု ' စမ်းခဲ့ပါတယ်၊ ကျင်ဖု ' းဟာ လွန်ခဲ့တဲ့ ဆယ့်တစ်ရက်လောက်ကပဲ စုတင်ဆိုတဲ့ လူတစ်ယောက်ကို သူ့ရဲ့ကုန်စု ' ဆိုင်ကို ရောင်းချခဲ့ပါတယ်'

သူဌေးကြီးလျှူပင်းက....

'စုတင် ဟုတ်လား'

တာယန်ကျောင်းက....

'ဟုတ်ကဲ့'

'ဒီလူဘယ်သူလဲ၊ ဘယ်ကလဲ'

တာယန်ကျောင်းက....

'ကျွန်တော် မသိပါဘူး'

သူဌေးကြီးလျှူပင်းက....

'ဒီစုတင်ဆိုတဲ့လူဟာ သူခိုးတွေရဲ့အဆက်အသွယ်တစ်ယောက် ဖြစ်နိုင်တယ်၊ သူ့ကို ကျုပ်ဆီခေါ်ပြီး စစ်ဆေးကြည့်ရင် ကောင်းမယ်'

တာယန်ကျောင်းက....

'ဟုတ်ကဲ့.... ကျွန်တော်လဲ ဒီသိုပဲ တွေးမိပေမယ့် စုတင်ဆိုတဲ့ လူဟာ မရှိတော့ပါဘူး'

သူဌေးကြီးလျှူပင်းက....

'စုတင် မရှိတော့ဘူး ဟုတ်လား'

အမှတ် ၁၄/၁၃၇ ... ၂၁၃၄၄

တာယန်ကျောင်းက....

'ဟုတ်ကဲ့၊ သူဟာ ကုန်စု ' ဆိုင်ကိုပိတ်ပြီး ထွက်ပြေးသွားပါပြီ၊ ရတနာတွေကို ခိုးယူပြီးတဲ့နောက်မှတော့ ကုန်စု ' ဆိုင်ကိုစွန့်ပစ်ပြီး ခြေရာဖျောက်သွားတာ ဖြစ်မယ်လို့ ယူဆရပါတယ်'

သူဌေးကြီးလျှူပင်းမှာ အလွန်အမင်း စိတ်ခေတ်ကျသွားသည်။

အတန်ကြာမှ....

'တာယန်ကျောင်း'

'အမိန့်ရှိပါ သူဌေးကြီး'

'ဒီကိစ္စ မင်းဆက်ပြီး စု ' စမ်းပါ'

တာယန်ကျောင်းက သက်ပြင်းချလိုက်၏။

'သူခိုးတွေဟာ စနစ်တကျ အကွက်ချ ကြိုတင်စီစဉ်ပြီးမှ ခိုးယူသွားတာ ဖြစ်ပါတယ်'

'အဲဒီတော့....'

'အဲဒီတော့ ဒီကိစ္စကို ကျွန်တော်စု ' စမ်းရင် အချိန်တွေ ပိုကြာသွားနိုင်ပါတယ်'

သူဌေးကြီးလျှူပင်းက မျက်မှောင်ကုတ်ကာ စဉ်းစားလိုက်ပြီး....

ပြီးမှ....

'အချိန်ကြာလဲ ကြာပါစေ၊ မင်းဆက်စု ' စမ်းပါ'

ဟု အမိန့်ပေးလိုက်၏။

တာယန်ကျောင်းက....

'ဟုတ်ကဲ့....မဖြစ်နိုင်ပါဘူး'

သူဌေးကြီးလျှူပင်းက....

'မင်းက အားလျော့တာက အရင်ပါလား'

ဟု မကျေမနပ်နှင့် ပြောလိုက်၏။

တယန်ကျောင်းက....

'ကျွန်တော် အားလျော့တာ မဟုတ်ပါဘူး၊ ကျွန်တော်က လက်မလျော့ဘဲ ဆက်စုံစမ်းနေရင် အချိန်ကုန်သွားမှာပဲ၊ သူခိုးတွေအတွက် ထွက်ပြေးဖို့ အချိန်ပိုရသွားမယ့်အပြင် ရတနာတွေကိုလဲ သိုဝှက်ဖို့ အချိန်ရသွားလိမ့်မယ်၊ ပြီးတော့ သူခိုးဟာ အလွန်ဉာဏ်ကောင်းပြီး အစစအရာရာ ကြိုတင်အကွက်ချထားတာ ဆိုတော့....'

သူဌေးကြီး လျှူပင်းက....

'သူခိုးက တော်နေရုံနဲ့ ကျုပ်ကထိုင်နေရမှာလား၊ ဒီကိစ္စကို ဆက်လုပ်မှ ဖြစ်မှာပေါ့'

တယန်ကျောင်းက....

'ဒီကိစ္စနဲ့ ပတ်သက်ပြီး သူဌေးကြီးကို ကျွန်တော်အကြံတစ်ခု လောက် ပေးချင်ပါတယ်'

သူဌေးကြီးလျှူပင်းက....

'အာမျှားလဲ ပြောပါဦး'

တယန်ကျောင်းက....

'ဒီကိစ္စကို သက်ဆိုင်ရာအာဏာပိုင်တွေထံမှာ အမှုဖွင့်လိုက်ပါ၊ အာဏာသားတွေက ဒီကိစ္စကို လိုက်ပြီး စုံစမ်းရှာဖွေပေးနိုင်ပါတယ်'



သူဌေးကြီးလျှူပင်းက တွေဝေသွား၏။

အတန်ကြာမှ ခေါင်းကိုအသာခါယမ်းလိုက်ပြီး....

'မဖြစ်ဘူး'

ဟု ငြင်းပယ်လိုက်၏။

သူဌေးကြီး ငြင်းပယ်မှုကြောင့် တယန်ကျောင်းမှာ အံ့အားသင့် သွားလေသည်။

သူဌေးကြီးလျှူပင်းက....

'ဒီကိစ္စကို မြို့တော်ဝန်ထံ အကြောင်းကြားလိုက်တာနဲ့ ကျုပ်မှာ ငွေကြေးမရှိတော့တာ ဟိုးလေးတကြော်ကြော် ဖြစ်သွားမှာပေါ့၊ ဒီလိုအဖြစ်မျိုး အရောက်မခံနိုင်ဘူး၊ ဒီကိစ္စကို လျှို့လျှို့ဝှက်ဝှက် လုပ်ပေးနိုင်မယ့်လူမျိုးကိုပဲ ရှာမှဖြစ်မယ်'

တယန်ကျောင်းက ခေါင်းတစ်ချက် ကုပ်လိုက်၏။

သူသည် အတန်ကြာအောင်ပင် စဉ်းစားနေ၏။

အတန်ကြာတော့မှ သူက လူတစ်ယောက်အား သတိရသွား၏။

'ဟုတ်ပြီ၊ သူ့ဆီက အကူအညီတောင်းရမယ်'

ဟု ဝမ်းသာအားရ ရေရွတ်လိုက်၏။

သူဌေးကြီးလျှူပင်းက....

'ဘယ်သူလဲ'

တယုယန်ကျော်င်းက....

'အာဏာသား ခေါင်းဆောင်လောက်ချစ်၊ သိမ်းငှက်လောက်ချစ်ဆိုတဲ့ လူပါ'

သူဌေးကြီးက မျက်နှာရှုံ့မဲ့သွား၏။

'မဖြစ်ဘူး၊ ကျုပ်က အာဏာသားတွေနဲ့မှ မပတ်သက်ချင်တဲ့ သတင်းအပေါက်မခံနိုင်ဘူး'

တယုယန်ကျော်င်းက....

'သိမ်းငှက်လောက်ချစ်ဟာ အင်မတန်မှ နာမည်ကျော်တဲ့ လူတစ်ယောက်ပါ၊ အခုထိ သူ မဖြေရှင်းပေးနိုင်တဲ့အမှု တစ်ခုမှ မရှိပါဘူး၊ ပြီးတော့ သူ့မှာ သစ္စာရှိ ကတိတည်ကြည်တဲ့အဖြစ် အလွန်နှုတ်လုံပြီး စိတ်ချရတဲ့ လူတစ်ယောက်လဲ ဖြစ်ပါတယ်၊ လူမသိစေချင်တဲ့ကိစ္စဆိုရင် သူက ဘယ်သူ့ကိုမှ အသိမပေးပါဘူး'

သူဌေးကြီး လျှုပင်းက....

'သေချာရဲ့လား'

ဟု ထပ်မေးလိုက်၏။

တယုယန်ကျော်င်းက....

'သေချာပါတယ်၊ သူဟာ သူဌေးကြီးရဲ့ ကိစ္စကို ဖြေရှင်းပေးနိုင်မယ့် တစ်ယောက်တည်းသော ပုဂ္ဂိုလ်ပါပဲ'



သူဌေး လျှုပင်းက....

'ကောင်းပြီလေ၊ ဒါဆိုလဲ သူ့ကို ကျုပ်ဆီ အမြန်ဆုံး ခေါ်လာခဲ့ပါ'

ဟု အမိန့်ပေးလိုက်၏။

တယုယန်ကျော်င်းက အရိုအသေ ပြုလိုက်ပြီးနောက် မျက်ချင်းပင် အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

....o....

နေ့လည်ခင်းအချိန်....

နေအလွန် ပူပြင်းသော နေ့တစ်နေ့ ဖြစ်သည်။

အလွန် ပူလှသော နေပူရှိန်ကြောင့် လမ်းမတစ်ခုလုံးလူသွားလူလာ ကင်းရှင်းနေသည်။

ခရီးသွားတို့မှာ ပူပြင်းသောနေပူရှိန်ကိုရှောင်သောအနေနှင့် နေ့လည်ခင်းတွင် ခေတ္တရပ်နားနေကြပေသည်။

အမိုး၊ အကာ ဆောင်းစရာ မပါလျှင်တောင်မှ ညှိမျှပူပြင်းသော နေ့လည်ခင်းတွင် မည်သူမျှ သွားလာချင်စိတ် မရှိကြပါ။

ပူပြင်းသော နေရောင်အောက်တွင် ထွက်လိုက်လျှင်ပင် ခန္ဓာကိုယ်အား မီးလောင်ကျွမ်းသွားစေနိုင်သည်ဟု တင်စားပြောဆိုနေကြသည်။

မွန်းလွဲချိန်သည် တစ်နေ့တာ၏ အပူပြင်းဆုံးသော အချိန်ပင်ဖြစ်သည်။

လမ်းမပေါ်တွင် ခရီးသွားသူ တစ်ယောက်မျှ မရှိဘဲ တိတ်ဆိတ် ငြိမ်သက်နေပေသည်။

ထိုအချိန်တွင် အဝေးမှ ဖုန်လုံးများ တလိပ်လိပ်နှင့် တက်လာသည်ကို တွေ့လိုက်ရလေသည်။

မကြာမီပင် မြင်းခွာသံများ တဖျောင်းဖျောင်း ထွက်ပေါ်လာပြီး မြင်းစီးသမား တစ်စုကို တွေ့မြင်လိုက်ရလေသည်။

အပူရှိန် ပြင်းလှသော နေရောင်အောက်ဝယ် အမိုးအကာ ဆောင်းစရာ မပါဘဲခရီးပြင်း နှင်လာကြခြင်းဖြစ်သည်။

ယခုလို အချိန်မျိုးတွင် မနားဘဲ ခရီးဆက်သူများသည် အလွန် အရေးကြီးသော ကိစ္စရှိ၍သာ ဖြစ်ရပေမည်။

သေရေးရှင်ရေးတမျှ အရေးကြီးသော ကိစ္စမရှိဘဲမည်သူကမျှ ညှိလိုပူလောင်သော နေ့လည်ခင်းတွင် ခရီးဆက်ကြမည် မဟုတ်ပါ။

'ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများသည် မိုးခြိမ်းသံများလိုတဖျောင်းဖျောင်းနှင့် ဆူညံစွာ ထွက်ပေါ်နေလေသည်။



မြင်းစီးသမားများသည် မြင်းများကို လျင်မြန်စွာ မောင်းနှင် သွားနေရင်း မျက်လုံးများကလည်း လမ်းမတစ်လျှောက်လုံးအား မလွှတ်တမ်း အကဲခတ် သွားကြလေသည်။

မကြာမီ မြင်းစီးသမားများသည် မြို့ရိုးအနီး ရောက်ရှိလာသည်။

ထို့နောက် မြင်းစီးသမားများမှာ မြင်းကို အရှိန်ပင်မလျှော့ဘဲ မြို့တွင်းသို့ ဒုန်းစိုင်းကာ ဝင်ရောက် သွားလေသည်။

မြင်းစီးသမား စုစုပေါင်း နှစ်ဆယ်ခန့်မျှ ရှိသည်။

သူတို့သည် မြို့တွင်း လမ်းအတိုင်း ဒုန်းစိုင်းစီးသွားရာ လမ်းမပေါ်တွင် လူရှင်းနေ၍ တော်သေးသည်ဟု ဆိုရပေမည်။

ထို့နောက် မြင်းစီးသမားများသည် အိမ်တစ်အိမ်ရှေ့ အရောက်တွင် မြင်းကို တုံ့ခနဲ ရပ်တန့်လိုက်ကြသည်။

မြင်းစီးသမားများထဲမှ ခေါင်းဆောင်ဖြစ်သူက....

'ဟေ့....တစ်ယောက် တံခါး သွားခေါက်စမ်း'

ဟု အမိန့်ပေးလိုက်၏။

မြင်းစီးသမားတစ်ယောက်က ဖျတ်လတ်စွာပင် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီးနောက် အိမ်တံခါးရှေ့သို့ ပြေးသွားသည်။

ထို့နောက် အိမ်တံခါးအား လေးငါးချက်မျှ ဆက်တိုက် ခေါက်လိုက်လေသည်။

တံခါးခေါက်သည့် လက်ဆ ပြင်းသောကြောင့် တံခါးခေါက်သံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သို့သော် အထဲမှ တုံ့ပြန်မှု မရှိပါ။

မြင်းစီးသမားက တံခါးကို နောက်တစ်ကြိမ် ထပ်မံ၍ ကျယ်လောင်စွာ ခေါက်လိုက်ပြန်သည်။

တံခါးမင်းတုပ် ခါနေ၏။

သို့သော် အထဲမှ တုံ့ပြန်မှုကား နတ္ထိပင်....

မြင်းစီးသမားက ခေါင်းဆောင်ဘက် လှည့်ကာ....

'ခေါင်းဆောင်ကြီးခင်ဗျာ၊ အိမ်ထဲမှာ လူတစ်ယောက်မှ မရှိဘူး ထင်ပါတယ်'

ဟု ပြောလိုက်၏။

မြင်းစီးသမား ခေါင်းဆောင်မှာ အခြားသူ မဟုတ်ပါ။ ဓားနှစ်လက် အာမခံဌာန ခေါင်းဆောင် တုကျူးပင် ဖြစ်ပါသည်။

တုကျူးနှင့်အတူ ဆရာဟုိ၊ ယန်တ၊ ဝေတင်ကွမ်းနှင့် စန်ကျူးယန်တို့ပါ လိုက်ပါလာကြသည်။

သူတို့သည် ပစ္စည်း ပို့ဆောင်ပေးရာ လမ်းကြောင်းအတိုင်း ပြန်လှည့်ကာ သဲလွန်စကို ရှာဖွေနေကြခြင်း ဖြစ်သည်။

သူတို့သည် လမ်းတစ်လျှောက် နှံ့နှံ့စပ်စပ် ရှာဖွေစစ်ဆေးခဲ့ပြီး ဖြစ်ပေသည်။

သို့သော် သဲလွန်စဟူ၍ တစ်ခုမျှ မတွေ့ရပါ။

နောက်ဆုံး သူတို့ပစ္စည်း စတင် လက်ခံရာမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။



ခရီးတစ်လျှောက် ထူးခြားမှု မရှိခဲ့ပါချေ။

သူတို့ လူစုသည် သုံးစုခွဲပြီး သဲလွန်စ ရှာဖွေခဲ့ကြခြင်း ဖြစ်သည်။

ကျန်နှစ်စုမှာ ဌာနချုပ်သို့ ပြန်ရောက်လောက်ပြီ ဖြစ်သည်။

သူတို့ကမူ ပစ္စည်း စတင် လက်ခံရာ ပွဲစား စီဝမ်ဖေး၏အိမ်သို့ ဆက်၍ လာခဲ့ခြင်း ဖြစ်ပေသည်။

သူဌေးကြီး ချူယီဖုံးက ထိုသိုင်းလောက ရတနာသုံးမျိုး ဝယ်ယူရာတွင် ပွဲစားစီဝမ်ဖေးက ဆက်သွယ်ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

ပွဲစား စီဝမ်ဖေးက ပစ္စည်းပို့ဆောင်ရေးအတွက် သူတို့အား ငှားရမ်းရာတွင်လည်း သက်သေဖြစ်သည်။

ထို့အပြင် ထိုသိုင်းလောက ရတနာသုံးမျိုး အကြောင်းကိုလည်း ခရေစေ့တွင်းကျ သိသူတစ်ယောက် ဖြစ်သည်။

ယခု ပျောက်ဆုံးမှုတွင် လူတိုင်း သံသယဝင်စရာ ကောင်းနေ၏။

ပွဲစား စီဝမ်ဖေးကထိုရတနာသုံးမျိုးအကြောင်း ကောင်းစွာသိထားသည့်အတွက် ပစ္စည်းလဲလှယ်ယူသွားနိုင်သူ တစ်ယောက်လည်း ဖြစ်နိုင်သည် မဟုတ်ပလော။

တုကျူးမှာ ပိတ်ထားသောအိမ်တံခါးအား တစ်ချက်ကြည့်လိုက်၏။

ထို့နောက် မြင်းပေါ်မှ ပေါ့ပါး သွက်လက်စွာ ဆင်းလိုက်၏။

'အိမ်ထဲမှာ လူမရှိရင် တံခါးကို အပြင်က သော့ခတ်ထားရမယ်၊ အခု သော့မှ ခတ်မထားဘဲ အထဲမှာ လူတစ်ယောက်ယောက် ရှိနိုင်ပါတယ်'

ဝေတင်ကွမ်း ကလည်း မြင်းပေါ်မှ ဆင်းလိုက်၏။

'အထဲမှာ လူရှိနေရင် ဒီလောက် တံခါးခေါက်နေတာ ဘာလို့ လာမဖွင့်ပေးတာလဲ'

တုကျူးက....

'မကြားလို့ ဖြစ်ပါလိမ့်မယ်'

ဝေတင်ကွမ်းက မဲ့လိုက်၏။

'နားပင်းတဲ့လူတောင် ကြားလောက်ပါတယ်၊ သူတို့ ဖွင့်မပေးရင်လဲ ကျွန်တော်တို့က ဖွင့်ဝင်ရမှာပေါ့'

သူသည် အိမ်တံခါးဝသို့ ခပ်သွက်သွက် လျှောက်သွား၏။

တံခါးရှေ့ ရောက်သည်နှင့် တံခါးရွက်အား ခြေထောက်နှင့် ဆောင့်ချလိုက်လေသည်။

'ဝုန်း....'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာ၏။ တံခါးရွက်မှာ ပွင့်ထွက်သွားလေသည်။



ဝေတင်ကွမ်းက တုကျူးဘက်လှည့်ကာ....

'ဒီလောက်ဆိုရင်တော့ အိမ်ထဲကလူတွေ ကြားလောက်ပြီထင်ပါတယ် ခေါင်းတောင်ကြီး'

ဟု ရယ်ကျဲကျဲနှင့် ပြောလိုက်လေသည်။

တုကျူးက ဘာမျှပြန်မပြောပါ။

သူသည် ပွင့်သွားသော အိမ်တံခါးဝအထိ လျှောက်လာပြီးမှ အပေါက်ဝတွင် ရပ်တန့်လိုက်၏။

အိမ်အတွင်း၌ ပြတင်းပေါက်များပါ အလုံပိတ်ထားသောကြောင့် အလင်းရောင်မရှိဘဲ မှောင်မည်းနေ၏။

တုကျူးက အိမ်တွင်းသို့ တစ်ချက် အကဲခတ်ကြည့်လိုက်ပြီးမှ....

'မိတ်ဆွေ၊ ဓားနှစ်လက်အာမခံဌာန ရောက်လာပါတယ်၊ အရေးကြီးတဲ့ကိစ္စရှိလို့ ဝင်ခွင့်ပြုပါ'

ဟု ပြောလိုက်၏။

သူသည် ယင်းသို့ သုံးကြိမ် သုံးခေါက် အော်ပြောလိုက်သော်လည်း အိမ်အတွင်းဘက်မှ တုံ့ပြန်မှုကား လုံးဝ မရှိပါချေ။

တုကျူးက မဲ့ပြုံး ပြုံးလိုက်၏။

'ကောင်းပြီလေ၊ မိတ်ဆွေ အိမ်ပြင်ထွက်လာဖို့ အခက်အခဲရှိနေရင် ကျုပ်ပဲ ဝင်လာပါမယ်'

သူသည် ဝေတင်ကွမ်း၊ ဆရာဟုံနှင့် ယန်တတ်တို့ဘက် တစ်ချက် ဝေ့ကြည့်လိုက်၏။

ထို့နောက် မှောင်မည်းနေသော အိမ်အတွင်းသို့ သတိထားပြီး လှမ်းဝင်လိုက်လေသည်။

တကျူး၏နောက်မှ ဆရာဟုံ၊ ယန်တနှင့် ဝေတင်ကွမ်းတို့ကလည်း ထက်ကြပ်မကွာ လိုက်ဝင်သွားကြလေတော့သည်။

....၀....

ညှော်ခန်း....

ကျယ်ဝန်းသော ညှော်ခန်းဖြစ်၏။

အိမ်ထောင်ပရိဘောဂများ နေသားတကျရှိ၏။

အခန်း အဆင်အပြင်မှာ ရိုးရှင်းပေသည်။

ဝေတင်ကွမ်း ပြတင်းပေါက်များ ဖွင့်လိုက်၏။

အပြင်မှ တိုးဝင်လာသော အလင်းရောင်ကြောင့် ညှော်ခန်းတစ်ခုလုံး လင်းသွားလေသည်။



ညှော်ခန်းတွင်း၌ သူတို့ပစ္စည်းလက်ခံရယူခဲ့ခြင်း ဖြစ်၏။

ထိုညှော်ခန်းတွင်းရှိ စားပွဲပေါ်တွင် ပန်းအိုးတစ်လုံး ရှိ၏။

ထိုပန်းအိုးအတွင်း ထိုးစိုက်ထားသော ပန်းတို့မှာ ညှိုးနွမ်းချုံးမက ခြောက်သွေ့၍ပင် နေပြီဖြစ်၏။

သူတို့ ညှော်ခန်းတွင်း ဝင်လာသည့်အချိန်အထိ အိမ်တွင်းမှ မည်သူ တစ်ဦးတစ်ယောက်မျှ ထွက်မလာသေးပါ။

ယန်တ၏ရင်ထဲတွင် မတင်မကျ ဖြစ်လာ၏။

ညှော်ခန်းတွင်း၌ ဖုန်များ အတော်တက်နေသည်ကို တွေ့ရ၏။

ကြည့်ရသည်မှာ လူမနေသောအိမ်တစ်လုံးနှင့် တူနေပေသည်။

ပွဲစား စိဝမ်ဖေးသည် ဤအိမ်တွင်နေထိုင်သူ တစ်ယောက်ဖြစ်၏။

သို့သော် ယခုကြည့်ရသည်မှာ ပွဲစားစိဝမ်ဖေးက ဤအိမ်တွင် ရှိမနေသည့်ပုံမျိုး ဖြစ်နေ၏။

တကျူးက ညှော်ခန်းတစ်ခုလုံးအား အကဲခတ် ကြည့်လိုက်ပြီးမှ....

'အခြေအနေ တစ်မျိုးပဲ၊ တစ်ခုခု ထူးခြားနေသလိုပဲ၊ ကျုပ်တို့ အိမ်ထဲ ဝင်ရှာကြည့်ကြမယ်'

ဟု အသံတိုးတိုးဖြင့် ပြောလိုက်၏။

ဝေတင်ကွမ်းက ခေါင်းညိတ် သဘောတူလိုက်၏။

ထို့နောက် သူတို့က ဧည့်ခန်းတွင်းမှ ထွက်လာခဲ့ကြ၏။

ဧည့်ခန်းတစ်ဘက်တွင် လူသွားစင်္ကြံလမ်း ကလေးတစ်ခု ရှိ၏။

စင်္ကြံလမ်းအဆုံးတွင် အဆောင်တစ်ခုရှိ၏။

တုကျူးက ထိုအဆောင်ဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားလိုက်၏။

စင်္ကြံလမ်းအဆုံးရှိ အဆောင်၏တံခါးဝတွင်လူတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရ၏။

ထိုလူသည် တုကျူးတို့လူစု လာနေသည်ကို မလှုပ်မယှက် ရပ်တာ ကြည့်နေ၏။

သူ၏လက်ထဲတွင် ဓားတစ်လက် အသင့်ကိုင်ထား၏။

ထိုလူအား တွေ့လိုက်ရသောအခါ တုကျူး၏ ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားလေသည်။

တုကျူးနည်းတူပင် ဆရာဟုံ၊ ယန်တနှင့် ဝေတင်ကွမ်းတို့၏ ခြေလှမ်းများလည်း ရပ်တန့်သွားလေသည်။

ဆရာဟုံက တုကျူးအား လေသံဖြင့် သတိပေးလိုက်၏။

'ခေါင်းဆောင်ကြီး၊ ဒီလူဟာ ပွဲစားစီဝမ်ဖေးရဲ့ ကိုယ်ရံတော်ပဲ၊ သူ့ရဲ့သိုင်းပညာ အတော် ကောင်းတယ်လို့ ကြားတယ်'



တုကျူး ခေါင်းညိတ်လိုက်၏။

'သူ့ရဲ့ကိုယ်ရံတော် ရှိနေတဲ့နောက်တော့ ပွဲစားစီဝမ်ဖေး လဲ ရှိမှာ သေချာတယ်'

ယန်တက ရှေ့သို့ တစ်လှမ်း တိုးလိုက်၏။

ထို့နောက် လက်နှစ်ဘက်ဆုပ်သိုက်ပြီး....

'မိတ်ဆွေ၊ ကျုပ်တို့ ဓားနှစ်လက် အာမခံ ဌာနကပါ၊ အရေးကြီးတဲ့ကိစ္စရှိလို့ ခင်ဗျားရဲ့သခင်နဲ့ တွေ့ခွင့်ပြုပါ'

ဟု ပြောလိုက်၏။

ယန်တ၏အသံမှာ ကျယ်လောင်ခြင်း မရှိပါ။

သို့သော် ခြေလှမ်းနှစ်ဆယ်မျှသာ ကွာဝေးသော ထိုလူ အနေနှင့် ကောင်းစွာ ကြားနိုင်ပေသည်။

ပွဲစား စီဝမ်ဖေး၏ ကိုယ်ရံတော်ကား ယန်တစကားကို မကြားသည့်အလား ရပ်မြဲ ရပ်နေ၏။

သူသည် ယန်တတို့ဘက်သို့ ကြည့်မြဲကြည့်နေ၏။

ယန်တက အံ့ဩသွား၏။

သူသည် လက်နှစ်ဘက်ဆုပ်ကာ....

'မိတ်ဆွေ၊ ကျုပ်ပြောတာ ကြားရဲ့လား'

ဟု ထပ်ပြောလိုက်၏။

ထိုလူကား လုံးဝမလှုပ်ရှားပါချေ။

ယန်တမှာ ဒေါသထွက်သွား၏။

ထိုလူက သူတို့အား ဂရုမစိုက်သည့်ပုံသဏ္ဌာန် သက်ရောက်နေသည် မဟုတ်ပါလား။

ယန်တာက ခါးရိုးကို လက်နှင့် ဆုပ်ကိုင်လိုက်ပြီး....

'ခင်ဗျားက ဘာသဘောလဲဗျ၊ ကျုပ်တို့ကို....'

သူ့စကား မဆုံးလိုက်ပါ။

တကျူး၏အသံ ထွက်ပေါ်လာ၏။

'ဒီလူ သေနေပြီဗျ'

တကျူးက ပြောပြောဆိုဆို ရှေ့သို့တိုးထွက်သွား၏။

ထို့နောက် တံခါးဝကို မှီရပ်နေသော ထိုကိုယ်ရံတော်၏ ပခုံးအား အသာတို့လိုက်လေသည်။

'ဝုန်း....'

ကိုယ်ရံတော်မှာ ယိမ်းယိုင်ကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

အားလုံးမှာ အံ့အားသင့်သွားကြလေသည်။

ယန်တမှာလည်း အံ့သြသွားပြီး....

'ဒီလူ ဘယ်လိုဖြစ်သွားတာလဲ'

ဟု မေးလိုက်၏။

တကျူးက ဘာမျှပြန်မပြောပါ။

သူသည် သေဆုံးနေသော ကိုယ်ရံတော်၏ အလောင်းအား စစ်ဆေး ကြည့်ရှုနေ၏။



အတန်ကြာမှ....

'ဒီလူဟာ သေးကြောပိတ်ခံရပြီး သေဆုံးသွားတာဗျ'

ဟု ရှင်းပြလိုက်၏။

ဝေတင်ကွမ်း မျက်နှာပျက်သွား၏။

'ကိုယ်ရံတော် သေဆုံးပြီးတဲ့နောက်တော့၊ ပွဲစား စီဝမ်ဖေးလဲ အသက်ရှင်ဖို့ မလွယ်တူး'

သူ၏စကားကြောင့် အားလုံး ထိတ်လန့်သွား၏။

ဆရာဘုိမှာ ချက်ချင်းပင် ကိုယ်ရံတော်၏ အလောင်းကို ခွကျော်ကာ အခန်းတံခါးအား တွန်းဖွင့်လိုက်၏။

အခန်းတံခါးမှာ စေ့ရုံ စေ့ထားသောကြောင့် အလွယ်တကူပင် ပွင့်သွားလေသည်။

အခန်းတံခါး ပွင့်သွားသည်နှင့် အခန်းတွင်းမှ ဆိုးရွားသော အပုပ်နံ့တို့က ထိုးထွက်သွားကြလေသည်။

တကျူးတို့လူစု နှာခေါင်းရှုံ့သွား၏။

အားလုံး အခန်းတွင်း အလျင်အမြန်ဝင်လိုက်၏။

အခန်းတွင်း ကြမ်းပြင်ပေါ်တွင် လဲကျနေသော လူသုံးယောက်အား တွေ့လိုက်ရလေသည်။

ပွဲစားစီဝမ်ဖေးနှင့် အိမ်ဖော်နှစ်ယောက်ပင် ဖြစ်၏။

သူတို့သုံးယောက်စလုံး ဓားဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့လိုက်ရလေသည်။

ယန်တမှာ သက်ပြင်းချလိုက်၏။

သိုင်းလောက၏ ရတနာပစ္စည်း အတုနှင့်အစစ် လဲလှယ်ခိုးယူသွားသူကား အလွန်ပင် စေ့စပ်သေချာလှပေသည်။

သူသည် ဟာကွက်၊ မှားကွက် တစ်ခုမျှ မကျန်ရလေအောင် ခြေရာလက်ရာ ဖျောက်ပစ်နိုင်ခဲ့၏။

ယန်တသည် ထိုကိစ္စဖြစ်ပေါ်သည်နှင့် ပွဲစားစိဝမ်ဖေးသည် သူခိုးနှင့် ကြံရာပါဖြစ်နိုင်သည်ဟု တွေးထင်မိ၏။

ပွဲစားစိဝမ်ဖေးအပေါ် သံသယဝင်ခဲ့၏။

သို့သော် သူ့ထက် အလွန် နောက်ကျသွားခဲ့ပြီဖြစ်၏။
ပွဲစားစိဝမ်ဖေးတစ်ယောက် နှုတ်ပိတ်ခံခဲ့ရပြီး မဟုတ်ပါလော။

....၀....



တကျူးက....

'အားလုံး အခန်းထဲကထွက်ကြ'

ဆရာဟုိက နားမလည်ဟန်ဖြင့် မော့ကြည့်လိုက်၏။

တကျူးက....

'အားလုံး အထဲမှာလျှောက်နေရင် သဲလွန်စ အထောက်အထားတွေ ပျက်စီးကုန်လိမ့်မယ်'

ဆရာဟုိ၊ ယန်တနှင့် ဝေတင်ကွမ်းတို့ အခန်းပြင်သို့ ပြန်ထွက်၏။

တကျူးကလည်း အခန်းထဲမှ ပြန်ထွက်လာ၏။

ဝေတင်ကွမ်းက....

'ခေါင်းဆောင်ကြီး....ဒီကိစ္စ ဘယ်လိုလုပ်ကြမလဲ'
ဟု မေးလိုက်၏။

တကျူးက တစ်ချက် စဉ်းစားလိုက်ပြီး....
'ဒီကိစ္စဟာ အဆင်မှသင့်ရင် ကျုပ်တို့ အပေါ်တောင်မှ အမှုပတ်လာနိုင်တယ်'

ဆရာဟုိက....
'အလောင်း အနေအထားအရ အသတ်ခံရတာ အနည်းဆုံး သုံးရက်ရှိနေပြီ၊ ကျုပ်တို့ ဒီမှာမရှိတာ သက်သေ အထောက်အထားခိုင်လုံတာပဲ၊ အမှုပတ်စရာမရှိပါဘူး ခေါင်းဆောင်ကြီး'

တကျိုးက....

'ဆရာဟုံက ဘယ်လို လုပ်ချင်လို့လဲ'

ဆရာဟုံက....

'ဒါ....လူသတ်မှုပဲ အာဏာသားတွေကို အကြောင်းကြားရမှာပေါ့'

ဝေတင်ကုဓ်းက....

'ဟုတ်တယ်၊ ကျုပ်တို့ ဒီကိစ္စကို မသိချင်ဟန်ဆောင်နေလို့ ဘယ်ဖြစ်မလဲ၊ အာဏာသားတွေကို အကြောင်းကြားသင့်ပါတယ်'

တကျိုးက....

'အခုအချိန်မှာ ကျုပ်တို့ပြဿနာကို အာဏာသားတွေ သိပြီး လူသိရှင်ကြားဖြစ်သွားမှာ ကျုပ်က စိုးရိမ်တယ်ဗျ'

ဆရာဟုံက....

'ဒီကိစ္စကိုတော့ လျှို့ဝှက်ပေးဖို့ မေတ္တာရပ်ခံရမှာပေါ့၊ အခုကိစ္စကတော့ အာဏာသားတွေကို အကြောင်းမကြားဘဲ နေလို့တော့ မဖြစ်ဘူးထင်ပါတယ် ခေါင်းဆောင်ကြီး'

တကျိုးက....

'ကောင်းပြီလေ၊ ဆရာဟုံပဲ ဆက်သွယ်လိုက်ပါ'

ဆရာဟုံမှာ သူ့အား ခေါင်းဆောင်ကြီးက နာမည်အပြည့်အစုံ ခေါ်မြန်ပြီဟု တွေးမိလိုက်၏။

သူသည် တကျိုးအား မော့ကြည့်လိုက်၏။



တကျိုးမှာ အလွန် စိတ်ခေတ်ကျနေဟန်ရှိ၏။

ဆရာဟုံက ဘာမျှဆက်မပြောတော့ဘဲ အာဏာသားများထံသို့ သွားရောက် အကြောင်းကြားရန် ထွက်သွားလေတော့သည်။

—၀—

အိမ်တွင်း၌ အလောင်းများ မရှိတော့ပါ။

အာဏာသားအချို့က သယ်ဆောင်သွားကြပြီဖြစ်၏။

အာဏာသားခေါင်းဆောင်က တကျိုးတို့လူစုအား ဌာနချုပ်သို့ ခေါ်ဆောင်သွား၏။

သူတို့လူစုအား တရားခံဟု မသတ်မှတ်ပါ။

သူတို့ ယနေ့ နေ့လည်မှ မြို့ထဲမှပြန်ရောက်လာသည်ကို တွေ့မြင်ရသူ အများအပြားရှိသည် မဟုတ်ပါလား။

နေ့ခင်း နေပူပြင်းပြင်းအောက်ဝယ် အရေးတကြီး ခရီးဆက်လာသော တကျိုးတို့လူစုအား ကောင်းစွာ မှတ်မိသူ

အမျိုးအပြားရှိခဲ့ရာ ထိုအထဲတွင် သူတို့ အာဏာသား အမှုထမ်းအချို့ပင် ပါဝင်နေသေးပေသည်။

ထို့ကြောင့် သူတို့အားခေါ်သည်က မေးမြန်းစရာရှိသော အချက်အလက်များကို မေးမြန်းပြီးနောက် ပြန်လွှတ်လိုက်လေသည်။

....ဝ....

'တောက်....'

ဆရာဟိုက မကျေမနပ်နှင့် တက်တစ်ချက် ခေါက်လိုက်၏။

သူတို့သည် အချိန် ဆယ်ရက်ခန့် ကုန်ခဲ့ပြီဖြစ်၏။

မည်သည့်သဲလွန်စမျှ ရှာမတွေ့ဘဲ ခြေရာ ပျောက်ခဲ့သည် မဟုတ်ပါလား။

ဝေတင်ကွမ်းမှာလည်း ဆရာဟိုနည်းတူ ခံပြင်း ဒေါသထွက်နေ၏။



သူသည် ယန်တဘက် လှည့်လိုက်ပြီး....

'ပွဲစားစိဝမ်ဖေးဟာ သိုင်းလောကရတနာတွေကို ဝယ်ပေးခဲ့တဲ့ လူပဲ၊ ဒီပစ္စည်းတွေအကြောင်း ကောင်းကောင်းသိသလို၊ အစစ်နဲ့အတုလဲလှယ်ဖို့ အခွင့်အရေးရသားတဲ့ လူတစ်ယောက်ပဲ'

ယန်တက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ဒီကိစ္စမှာ ပွဲစားစိဝမ်ဖေးကိုယ်တိုင် ပါဝင်မှာသေချာတယ်၊ ဒါကြောင့်လဲ အခုလို နှုတ်ပိတ်ခံရတာ ဖြစ်ရမယ်ဗျ'

ဝေတင်ကွမ်းက....

'မှန်တာပေါ့ဗျာ၊ စိဝမ်ဖေးကို သတ်တဲ့လူဟာ ပစ္စည်းအတုနဲ့အစစ် လဲယူသွားတဲ့လူပဲ ဖြစ်ရမယ်'

ယန်တက....

'အဲဒီလူဘယ်သူလဲ'

ဝေတင်ကွမ်းက ပခုံးတွန့်လိုက်၏။

'သူ ဘယ်သူဘယ်ဝါဆိုတာ သိရင် ဒီလိုဘယ်နေမလဲ၊ ဒီလူနောက် လိုက်ပြီပေါ့'

ဆရာဟိုက....

'ဘာပဲဖြစ်ဖြစ် ကျုပ်တို့အားလုံး ငွဲမလျော့ဘဲ တတ်နိုင်သလောက် ကြိုးစားရမယ်'

တုကျူးက ...

'ကျုပ်တို့ ကြိုးစားရင် နှစ်လအတွင်း ပစ္စည်းပြန်ရနိုင်ပါမလား၊ အားလုံးပင်ပန်း....'

ဆရာဟုံက ကြားဖြတ်ပြောလိုက်၏။

'စိတ်ပျက်ပြီး ထိုင်နေရင်တော့ နှစ်လဆိုတဲ့အချိန်ဟာ ခဏလေး ကုန်သွားပြီး အားလုံးဘဝပျက်မှာပဲ၊ ပင်ပန်းတယ်ဆိုတာ ဘဝပျက် သိက္ခာကျရတာထက် အများကြီးတော်ပါသေးတယ် ခေါင်းဆောင်ကြီး'

သူ၏လေသံမှာ အလွန်မာကျော ပြတ်သားနေ၏။

တုကျူးက....

'ကျုပ်အဖွဲ့သားတွေရဲ့ ဇွဲဝီရိယကို ကျုပ်ယုံကြည်ပါတယ်၊ ဒါပေမယ့် တရားခံဟာ ဉာဏ်သွားလွန်းတဲ့အတွက် ကျုပ်တို့ ရှာဖွေရုံနဲ့ လုံလောက်ပါ့မလား၊ အကူအညီယူသင့်ရင်လဲ ယူရမယ်ဗျ'

ဝေတင်ကွမ်းက....

'ကျွန်တော်တို့ ခေါင်းဆောင်ကို ပြောပြပါမယ်၊ သူကလဲ ကူညီမှာပါ'

တုကျူးက....

'ကျုပ်က မောင်ကျွန်အကြောင်း ကောင်းကောင်း သိပါတယ်၊ သူ့ကို အထင်လဲမသေးပါဘူး၊ ဒါပေမယ့် ဒီကိစ္စကို သူတော ဖြေရှင်းနိုင်ပါ့မလား'

ဟု ပြန်မေးလိုက်၏။

ဝေတင်ကွမ်းမှာ ထိုစကားကြောင့် ဘာပြန်ပြောရမှန်းမသိ အောင်ပင် ဖြစ်သွားရလေသည်။



တုကျူးက ခေါင်းကို စုံကုပ်လိုက်သည်။

'ဒုက္ခပဲ၊ တို့အခက်အခဲကို ကူညီဖြေရှင်းပေးနိုင်တဲ့လူမှ ရှိပါ့မလား'

ဟု ညည်းတွားလိုက်၏။

အားလုံးက ပါးစပ်ပိတ်ထားကြသည်။

အားလုံး၏ စိတ်အလျဉ်တွင် မိမိအား မည်သူကကူညီနိုင်ပါ မည်နည်းဟု တွေးတောနေလေသည်။

အတန်ကြာမှ ဆရာဟုံက....

'ကျွန်တော်တို့ လူတစ်ယောက်ဆီက အကူအညီတောင်းရင် ကောင်းမယ်'

ဝေတင်ကွမ်းက....

'ဘယ်သူလဲ'

ဆရာဟုံက....

'သိမ်းငှက် လောက်ချစ်'

ဝေတင်ကွမ်း၏မျက်လုံးများ အရောင်ဝင်းလက်သွားသည်။

'အင်္ဂလန်သား ခေါင်းဆောင် သိမ်းငှက်လောက်ချစ်ကိုပြောတာလား'

ဆရာဟုံက....

'ဟုတ်တယ်၊ လောကမှာ သိမ်းငှက် လောက်ချစ်ဆိုတာ တစ်ယောက်ပဲရှိပါတယ်'

စန်ကျူးယန်က....

'ကောင်းတယ်၊ ကျုပ်တို့ သူ့ကိုမေ့နေလိုက်တာ၊ သူမှသာ ကျုပ်တို့အခက်အခဲကို ကူညီနိုင်မှာပဲ'

တုကျူးက...

'ကျုပ်တို့ဓာတာသားတွေနဲ့ ပတ်သက်လို့ ဖြစ်ပါ့မလား'

စန်ကျူးယန်က....

'ဖြစ်တယ်၊ သူ့ဘဝ တစ်လျောက်လုံးမှာ မဖြေရှင်းနိုင်တဲ့ အမှု မရှိပါဘူး'

တုကျူးက....

'ကောင်းပြီလေ၊ ကျုပ်တို့ သူ့ဆီက အကူအညီတောင်းကြတာပေါ့'

ဆရာဟိုက....

'ကျုပ်တို့ အကူအညီတောင်းတာတော့ ဟုတ်ပါပြီ၊ သူက ကူညီနိုင်ပါ့မလား မသိဘူး'

တုကျူးက မျက်မှောင်ကုတ်သွား၏။

'ဘာဖြစ်လို့လဲ'

ဆရာဟိုက....

'သိမ်းငှက် လောက်ချစ်ဟာ တာဝန်အသွန်များပြီးတယ်၊ ဒီတော့ ကျွန်တော်တို့ရဲ့ နည်းပါးတဲ့အချိန်အတွင်း သူက ကူညီနိုင်ပါ့မလား မသိဘူး'



တုကျူးက ...

'ခက်တာပဲ'

ဆရာဟိုက ..

ပေမယ့် သူဟာ အလွန်တော်တဲ့ လူတစ်ယောက်ပါ၊ သူ့ဆီက အကူအညီ မရရအောင်တောင်းပါလို့ ခေါင်းဆောင်ကြီးကို ကျုပ်တိုက်တွန်းပါရစေ'

တုကျူးက....

'ကျုပ် သဘောတူပါတယ်၊ ဒီကိစ္စသာ မဖြေရှင်းနိုင်ရင် ကျုပ်တို့ အာမခံဌာန ပြိုကွဲပြီ၊ အဲဒီအခါ မိသားစုအားလုံး ဒုက္ခရောက်ကြမှာပါပဲ၊ ဒီအခက်အခဲကို သူတွေးမိတာနဲ့ ကျုပ်တို့ကိစ္စကို သူက ကူညီနိုင်မှာပါဗျာ'

အဖွဲ့သားအားလုံး၏ ကျဆင်းနေသော စိတ်ဓာတ်များ ပြန်လည် တက်ကြွလာကြလေတော့သည်။

တုကျူးက....

'ဒါထက် ကျုပ်တို့က သိမ်းငှက် လောက်ချစ်ကို ဘယ်မှာသွားပြီး တွေ့ရမလဲ'

ဆရာဟိုက ...

'သူ ချန်ကုန်းမြို့ထဲမှာပဲရှိတယ်၊ ဟန်ပြအဖြစ် သူက လုပ်ငန်းခွဲတစ်ခု ဖွင့်ထားတယ်၊ အဲဒီကနေပြီးတော့ မြို့သနားမှုန်သမျှ ကူညီဖြေရှင်းပေးနေပါတယ်'

တုကျူးက....
'ကောင်းပြီလေ၊ ဆရာဟုိ ကျုပ်တို့ကို သူ့ဆီအရောက်သွားခေါ်သွားပေတော့'

....o....

အဆောက်အအုံတစ်ခု....

နှစ်ထပ်အဆောက်အအုံဖြစ်၏။

ဝင်းတံခါးဝတွင် ကြီးမားသော သိမ်းငှက်တစ်ကောင်ပုံကို ရေးဆွဲထားလေသည်။

ဝင်းတံခါးမှာ ပိတ်ထားသည်။

ဆရာဟုိမှာ ခြံဝင်းတံခါးပိတ်ထားသည်ကို တွေ့သောအခါ စိတ်ဓာတ်ကျသွား၏။

ထိုသို့ ဝင်းတံခါးပိတ်ထားခြင်းသည် ဤနေရာတွင် သိမ်းငှက်လောက်ချစ် မရှိဟု ဆိုလိုခြင်းပင် မဟုတ်ပါလော။



တုကျူးက ပိတ်ထားသောဝင်းတံခါးအား တစ်ချက်ကြည့်လိုက်ပြီး....
'ဝင်းတံခါးပိတ်ထားပါလား၊ တန်တော့ သိမ်းငှက်လောက်ချစ် မရှိဘူးနဲ့တူတယ်'

ဆရာဟုိက....
'ဟုတ်ကဲ့၊ ဝင်းတံခါးပိတ်ထားရင် သိမ်းငှက်လောက်ချစ် မရှိဘူးဆိုတဲ့ သင်္ကေတပဲ'

တုကျူးက....
'ဒုက္ခပဲ၊ သူမရှိတော့လဲ နောက်မှ ပြန်လာကြတာပေါ့'
ဟု ပြောရင်း ပြန်လှည့်ရန် ဟန်ပြင်လိုက်၏။

ဆရာဟုိက....
'ခဏနေပါဦး ခေါင်းဆောင်ကြီး'
ဟု ဟန့်တားလိုက်၏။

တုကျူးက....
'ဘာလုပ်ဦးမလို့လဲ'

ဆရာဟုိက....
'သိမ်းငှက်လောက်ချစ် မရှိပေမယ့် သူ့တပည့်နှစ်ယောက်တော့ ရှိပါလိမ့်မယ်၊ သူတို့ကို အကျိုးအကြောင်း ပြောပြရင် ကောင်းမလားလို့ပါ'
တုကျူးက မျက်မှောင်ကုတ်သွား၏။
'လောက်ချစ်မှာ တပည့်နှစ်ယောက် ရှိတယ်ဟုတ်လား'

ဆရာဟိုက....
'ဟုတ်ပါတယ်'

တုကျူးက....
'ဘယ်သူတွေလဲ'

ဆရာဟိုက....
'သံပေသီး ရှောင်ဟွာခန့်နဲ့ တောင်ဖြိုလက်ဝါး လုတုံးယန့်တို့ပါ'

'ဟင်....'

တုကျူးမှာ အတော်ပင် အံ့အားသင့်သွား၏။

သံပေသီး ရှောင်ဟွာခန့်နှင့် တောင်ဖြိုလက်ဝါး လုတုံးယန့်တို့သည် သိုင်းလောကတွင် အတော်ပင် ကျော်ကြားသော သိုင်းသမားနှစ်ယောက်ပင် ဖြစ်ပါသည်။

ထိုသို့ ကျော်ကြားလှသူများပင် သိမ်းငှက်လောက်ချစ်၏ တပည့်များ ဖြစ်နေကြပေသည်။

ထို့ကြောင့် သိမ်းငှက် လောက်ချစ် ကိုယ်တိုင် ဆိုလျှင် အလွန်ထူးချွန်သူတစ်ယောက် ဖြစ်မည်ဟု တုကျူးက တွေးလိုက်မိ၏။

တုကျူးက ဝေတင်ကွမ်းတို့ဘက်လှည့်ကာ....

'မင်းတို့ကော ဘယ်လိုသဘောရသလဲ'

ဟု မေးလိုက်၏။



ဝေတင်ကွမ်းက....
'ဆရာဟိုပေးတဲ့အကြံ သင့်မြတ်ပါတယ်'
ဟု ချက်ချင်း ပြောလိုက်၏။

တုကျူးက ဘာမျှဆက်မပြောတော့ပါချေ။

ဆရာဟိုက ဝင်းတံခါးရှေ့ လျှောက်သွားပြီး တံခါးမကြီးမှ ကြေးကွင်းကို လှုပ်ယမ်းလိုက်၏။

'ဂျောက်...ဂလောက်'

အသံတစ်ချက် ထွက်ပေါ်လာ၏။

အသံအဆုံးတွင် အဆောက်အအုံအတွင်းမှ လူတစ်ယောက် ထွက်ပေါ်လာပြီး ဝင်းတံခါးအား ဖွင့်ပေးလိုက်၏။

တုကျူးက တံခါးဖွင့်ပေးသူအား ကြည့်လိုက်၏။

အသက်သုံးဆယ်နီးပါးခန့် လူရွယ်တစ်ယောက် ဖြစ်၏။

လူရွယ်၏ မျက်နှာပေါ်တွင် ချိုကြည်သော အပြုံးကို တွေ့ရ၏။

လူရွယ်က တုကျူးတို့လူစုအား ကြည့်လိုက်ပြီး...
'ဘာကိစ္စများ ရှိပါသလဲ ခင်ဗျာ'

တုကျူးက....
'ဒါဟာ သိမ်းငှက်အကျိုးဆောင်ဌာနပဲ မဟုတ်လား'

လူရွယ်က ခေါင်းညိတ်လိုက်ပြီး....
'ဟုတ်ကဲ့...ကျုပ်တို့ဟာ သိမ်းငှက်အကျိုးဆောင်ဌာနကပါပဲ ခင်ဗျာ'

တုကျူးက....
'မိတ်ဆွေရဲ့အမည် သိပါရစေ'

လူရွယ်က....

'ကျုပ်က ရှောင်ဟွာခန့်ပါ၊ တချို့ကတော့ သံပေသီးလို့လဲ ခေါ်ကြပါတယ်'

ဟု ဖော်ရွေစွာ ပြန်ဖြေလိုက်၏။

ဆရာဟိုတို့လူစုမှာ ထိုလူရွယ်သည် နာမည်ကျော် သံပေသီးရှောင်ဟွာခန့်ဖြစ်ကြောင်း သိလိုက်လျှင် ချက်ချင်းပင် လေးစားသော အမူအရာများ မျက်နှာပေါ်တွင် ပေါ်ထွက်လာ၏။

တုကျူးက လက်နှစ်ဘက်ဆုပ်လိုက်ပြီး....

'လက်စသပ်တော့ မိတ်ဆွေက နာမည်ကျော်သံပေသီး ရှောင်ဟွာခန့်ကိုး၊ တွေ့ရထာ ဝမ်းသာပါတယ်ဗျာ'

ဟု ပြောလိုက်၏။

သံပေသီးရှောင်ဟွာခန့်က တုကျူးတို့လူစုအား တစ်ချက်မျှ အကဲခတ်ကြည့်လိုက်ပြီးနောက်....

'မိတ်ဆွေတို့မှာ အရေးကြီးတဲ့ကိစ္စ ရှိဟယ်ဆင်ဘယ်'

ဟု မေးလိုက်၏။

တုကျူးက....

'ဟုတ်ပါတယ်'

သံပေသီးရှောင်ဟွာခန့်က ...

'ကိစ္စက အတော့်ကို အရေးကြီးသလား'

တုကျူးက....

'ဟုတ်ကဲ့ ... လူအတော်များများအတွက် သေခရေးရှင်ခရေးကိစ္စလို့ ပြောလို့ရပါတယ်'



သံပေသီးရှောင်ဟွာခန့်၏မျက်နှာ လေးနက် တည်ကြည်သွား၏။

ခဏကြာမှ....

'သိပ်အရေးကြီးတဲ့ကိစ္စဆိုရင် ကျွန်တော်နဲ့ဖြစ်မှာမဟုတ်ဘူး၊ ဆရာလာမှ တစ်ခေါက်လာကြပါလားဗျာ'

ဆရာဟိုက....

'သူက ဘယ်သွားသလဲဗျ'

ဟု ဝင်မေးလိုက်၏။

သံပေသီးရှောင်ဟွာခန့်က....

'ဆရာက သူဘယ်သွားမယ်ဆိုတာကို ဘယ်တော့မှ ပြောမသွားဘူး ခင်ဗျာ'

တုကျူးက....

'ဒုက္ခပဲ၊ ကျုပ်တို့က သူနဲ့အမြန်ဆုံးတွေ့ရမှ ဖြစ်မယ်ဗျ'

သံပေသီးရှောင်ဟွာခန့်က....

'ကျုပ်အမှန်အတိုင်း ပြောပြတာပါ၊ ဒါထက် မိတ်ဆွေတို့က ဘယ်သူများလဲ'

ဟု ပြန်မေးလိုက်၏။

တုကျူးက....

'ကျုပ်တို့က ဓားနှစ်လက်အာမခံဌာနကပါ၊ ကျုပ်ရဲ့နာမည်က တုကျူးပါ'

သံပေသီး ရှောင်ဟွာခန့်၏ မျက်လုံးများ တောက်ပသွားသည်။

'ဪ... မိတ်ဆွေက ခေါင်းနှစ်လက်အာမခံဌာနက တကျူးကိုး၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ခင်ဗျားဟာ လေးစားကြည်ညိုဖို့ကောင်းတဲ့ လူတစ်ယောက်ပါပဲ၊ ခင်ဗျားရဲ့အမည်ကို ကြားဖူးနေတာ ကြာပါပြီ'

တကျူးက....

'ဒီလောက်လဲ မဟုတ်ပါဘူးဗျ'

သံပေသီးရှောင်ဟွာခန့်က....

'ခင်ဗျားရဲ့ပြဿနာဟာ တော်တော် ကြီးမား‌သလား'

တကျူးက....

'ဟုတ်တယ်'

သံပေသီးရှောင်ဟွာခန့်က တစ်ချက် စဉ်းစားလိုက်ပြီးနောက်....

'ကဲ....ဒါဆို အထဲကိုဝင်ကြပါဦး'

ဟု ဖိတ်ခေါ်လိုက်လေတော့သည်။

....၀....



ဆရာဟိုက အဖြစ်အပျက်များကို အကျဉ်းချုပ်မျှ ပြန်လည်ပြောပြလိုက်လေသည်။

သံပေသီးရှောင်ဟွာခန့်က....

'ဒါဟာ အလွန်ရှုပ်ထွေးတဲ့ အနေအထားပါ၊ ဒီကိစ္စကို ဆရာမှပဲ ဖြေရှင်းပေးနိုင်မယ် ထင်တယ်'

ဟုပြောလိုက်၏။

ဆရာဟိုက....

'ဟုတ်ကဲ့... ဒါကြောင့်လဲ ကျုပ်တို့ဒီကို ထွက်လာကြတာပါ'

သံပေသီး ရှောင်ဟွားခန့်က...

'ခင်ဗျားတို့ ဘယ်လိုခံစား နေရမယ်ဆိုတာ ကျုပ်ကိုယ်ချင်း စာမိပါတယ်၊ ဒါကြောင့် ဆရာပြန်လာရင် ခင်ဗျားတို့ကိစ္စကို အရင်ဆုံးဖြေရှင်းပေးဖို့ ကျုပ်တိုက်တွန်းပေးပါ့မယ်ဗျာ'

ဟု နှစ်သိမ့်လိုက်၏။

ဆရာဟိုက....

'ခက်တာက ကျုပ်တို့မှာအချိန် မရှိဘူး'

သံပေသီးရှောင်ဟွားခန့်က....

'ဘာဖြစ်လို့လဲ'

ဆရာဟိုက....

'ကျုပ်တို့က ပစ္စည်းအစစ် ပြန်ရှာပေးဖို့ နှစ်လပဲအချိန်ရထားလို့ပါ'

သူဌေးကြီး ချူယ်ဖုံးက သူတို့အားနှစ်လတာမျှသာ ရှာဖွေရန် အချိန်ပေးခဲ့ကြောင်းနှင့် ယခုပင် ဆယ်ရက်ခန့် အချိန်ကုန်သွားခဲ့ပြီး ဖြစ်ကြောင်းတို့ကို ပြောပြလိုက်လေသည်။

ဝေတင်ကွမ်းက....

'ကျုပ်တို့အတွက် အချိန်ဟာ ရက်ငါးဆယ်ပဲ ရှိပါတော့တယ်....ဒီတော့ သိမ်းငှက်လောက်ချစ် ဘယ်မှာရှိတယ်ဆိုတာ ပြောပြနိုင်ရင် ပြောပြပါလား၊ ကျုပ်တို့သူ့ကိုလိုက်ရှာပြီး အကူအညီ တောင်းချင်လို့ပါ'

ဟု တောင်းပန်လိုက် လေသည်။

သံပေသီး ရှောင်ဟွာခန့်မှာ တွေဝေသွား၏။

အတန်ကြာမှ ...

'အင်းဒေါ်နှစ်လက် အာမခံဌာနတစ်ခုလုံးရဲ့ အရေးဆိုတော့ ကျုပ်ပြောပြပါ့မယ်၊ ဆရာအဖြစ်တင်ရင်လို့ တင်ပါစေတော့ဗျာ'

ဆရာဟိုတ္ဘိမှာ ဝမ်းသာသွား၏။

ဝေတင်ကွမ်းက....

'ပြောပါဗျာ၊ သိမ်းငှက်လောက်ချစ် ဘယ်မှာရှိသလဲ'

သံပေသီးရှောင်ဟွားခန့်က....

'ဆရာ....ရွှေကျားရဲ့တိုက်မှာ ရှိပါလိမ့်မယ်'

ဟု ပြောလိုက်လေတော့သည်။

ဆရာဟိုတ္ဘိလူစုမှာ သိမ်းငှက်လောက်ချစ်ရှိသော နေရာကို သိသောအခါ အလွန်ဝမ်းသာသွားသည်။



ဝေတင်ကွမ်းက သံပေသီး ရှောင်ဟွားခန့်အား အထပ်ထပ်အခါခါ ဦးညွှတ်လိုက်ပြီး....

'ခင်ဗျားရဲ့ ကူညီမှုကို ကျေးဇူးတင်ပါတယ်၊ ဘယ်တော့မှ မမေ့နိုင်မှာမဟုတ်ပါဘူးဗျာ'

ဟုလှိုက်လှိုက်လှဲလှဲ ပြောလိုက်၏။

တုကျူးက....

'ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ'

ဆရာဟိုက....

'ရွှေကျားရဲ့တိုက်ကို ဆက်လိုက်ကြရုံပေါ့ ခေါင်းဆောင်ကြီး'

တုကျူးက....

'ကောင်းပြီလေ၊ အားလုံးရွှေကျားရဲ့တိုက်ကို ခရီးဆက်ကြစို့'

ဟု အမိန့်ပေးလိုက် လေတော့သည်။

....၀....

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

အာမခံဌာနမှ ပစ္စည်းပျောက်ဆုံး သွားသည်မှာ တစ်ဆယ့်ငါးရက်တိတိ ရှိပြီဖြစ်သည်။

ခါးနှစ်သက် အာမခံဌာနမှ တာဝန်ယူပို့ဆောင်ပေးသော ပစ္စည်းများ ပျောက်ဆုံးသွားသော သတင်းသည် မည်သည့်နေရာမှ မည်သို့ပေါက်ကြားသွားသည် မသိပါ။

ထိုသတင်းသည် သိုင်းလောကအတွင်းသို့ ပျံ့နှံ့သွားလေသည်။

……

အဆောက်အအုံတစ်ခု ....

အဆောက်အအုံရှေ့တွင် အပြာရောင်အလံတစ်လက် စိုက်ထူးထားသည်။



ထိုအပြာရောင် အလံပေါ်ဝယ် နဂါးတစ်ကောင်ပုံကို ရွှေချည်ဖြင့်ရက်၍ ဖော်ထားပေသည်။

ထိုအလံကိုမြင်သည်နှင့် ရွှေနဂါးအာမခံဌာန၏ အလံဖြစ်ကြောင်း သိသာပေသည်။

ရွှေနဂါးအာမခံဌာနအတွင်း ဝင်သူထွက်သူများဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်နေကြလေသည်။

ထိုအခိုက် မြင်းခွာသံအဆူညံစွာ ထွက်ပေါ်လာသည်။

မကြာမီ မြင်းလှည်းတစ်စီးသည် လျင်မြန်သောအရှိန်အဟုန်ဖြင့် ရွှေနဂါးအာမခံဌာနရှေ့သို့ ရောက်ရှိလာ၏။

'ကျီ....'

မြင်းလှည်းမှာ ရွှေနဂါးအာမခံဌာန ရှေ့သို့ရောက်မှ တုံ့ခနဲ ရပ်တန့်သွား၏။

မြင်းလှည်းဘီး အရှိန်မသေခင်မှာပင် မြင်းလှည်းပေါ်မှ လူတစ်ယောက်လွှားခနဲ ခုန်ဆင်းလာလေသည်။

ထိုလူမှာ အသက်ငါးဆယ်ကျော်ခန့် ရှိ၏။

အနက်ရောင် ပိုးထည်ဝတ်စုံကို ဝတ်ဆင်ထားပြီး ခါးတွင် ဓားတစ်လက် ချိတ်ဆွဲထားလေသည်။

ထိုလူသည် မြေပေါ်ခြေကျသည်နှင့် မပြေးရုံတမယ် ခြေကို အမြန်လှမ်းကာ ရွှေနဂါးအာမခံဌာနအတွင်းသို့ လှမ်းဝင်လာသည်။

ရွှေနဂါးအာမခံဌာန အစောင့်များသည် ထိုလူအားတွေ့သောအခါ ချက်ချင်းအရိုအသေ ပြုလိုက်ကြသည်။

ထို့နောက် အစောင့်တစ်ဦးက ထိုလူအားဦးဆောင်ကာ အတွင်းဘက်အခန်းသို့ ခေါ်ဆောင်သွားလေသည်။

—o—

'ကျွန်ုပ် ခေါင်းဆောင်ကြီး ရောက်ရှိလာပါတယ်'

အစောင့်များ၏ သတင်းပို့သံက သီးသန့်ခန်းတွင်းသို့ ပျံ့လွင့်လာသည်။

ရွှေနဂါးအာမခံဌာန ခေါင်းဆောင်ပေဟွားမှာ ချက်ချင်း ပင်အခန်းထဲမှထွက်လာ ဆီးကြိုလိုက်၏။

မောင်ကျန်က အခန်းတွင်း ရောက်သည်နှင့်....

'ပေဟွား၊ ခင်ဗျားကြားပြီးပြီ မဟုတ်လား'

ဟု မေးလိုက်သည်။



ပေဟွားက....

'ဟုတ်ကဲ့... ဒီသတင်း အမှန်ပဲလားဆိုတာ စစ်ဆေးနေပါတယ်'

မောင်ကျန်က....

'စစ်ဆေးမနေနဲ့တော့၊ ကျုပ်တပည့် ဝေတင်ကွမ်းဆီက သတင်းပြီးပြီ၊ ဒီကိစ္စဟာ အမှန်ပဲ'

ပေဟွား၏မျက်နှာ ဖြူလျော်သွားသည်။

ခေါ်နှစ်လက်အာမခံဌာနနည်းတူ သူတို့ အာမခံဌာနလည်း ထိခိုက်တော့မည် မဟုတ်ပါလား။

ပေဟွားက သက်ပြင်းချလိုက်ပြီး....

'ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ'

ဟု မေးလိုက်၏။

မောင်ကျန်က....

'ခေါ်နှစ်လက်အာမခံဌာန ပျက်စီးရင် ကျုပ်တို့လဲအနည်းနဲ့အများဆိုသလို ထိခိုက်မှာပဲ'

ပေဟွားက....

'ဟုတ်တယ်... ကျုပ်တို့လဲ တာဝန်မကင်းပါဘူး'

မောင်ကျန်က....

'မှန်တယ်၊ ဒီတော့ ကျုပ်တို့ သူတို့နောက်လိုက်သွားမှ ဖြစ်မယ်ဗျ'

ပေဟွားက....

'ခေါ်နှစ်လက်အာမခံဌာနမှာ သူတို့ ခုထက်ထိ ပြန်မရောက်သေးဘူး၊ ဘယ်ရောက်နေမှန်းလဲ မသိဘူးဗျ'

မောင်ကျန်က....

'သူတို့ သိမ်းငှက် လောက်ချစ်နောက်ကို လိုက်သွားကြတယ်ဗျ'

ပေဟ္ဘာက မျက်မှောင်ကုတ်သွားသည်။

'သိမ်းငှက်လောက်ချစ်က ဘယ်သွားသို့လဲ'

မောင်ကျန်က....

'ရွှေကျွဲရဲ့တိုက်'

ပေဟ္ဘာက....

'ဒါဆို....'

မောင်ကျန်က....

'ဒါဆို လုပ်မနေနဲ့၊ သူတို့ထက်အရင်ရောက်အောင် ကြိုသွားကြမယ်'

ပေဟ္ဘာက....

'ကောင်းပြီ'

သူသည် ချက်ချင် ပင် ခရီးထွက်ရန် ပြင်ဆင်လိုက်လေတော့သည်။

....o....



ဝမ်လေ့မှာ ချုံကုန်းမြို့တွင် နေထိုင်ရင်း သိုင်းခလာက အကြောင်းများကို လေ့လာနေ၏။

သူသည် ယခုရက်ပိုင်းအတွင်း ကြားနေရသော သတင်းများကို အဘော်ပင် စိတ်ဝင်စားနေ၏။

ဓားနှစ်သက် အာမခံဌာနမှ သယ်ယူပို့ဆောင်ပေးသော ပစ္စည်းများ ပျောက်ဆုံးသည့်သတင်း....

သူဌေးကြီးလျူပင်း၏ ရွှေငွေရတနာများ ပျောက်ဆုံးသည့်သတင်း....

သူခိုးသည် အလွန်ဥာဏ်ကောင်းသူတစ်ယောက် ဖြစ်မည်ဟု ဝမ်လေ့က တွေးမိ၏။

သူသည် အားလပ်သည့်အချိန်အတွင်း ထိုကိစ္စများကိုကြိုးစားဖြေရှင်းရန် စိတ်ကူးမိသည်။

သိုင်းခလာကသားတစ်ယောက်သည် အများအကျိုးဆောင်ရွက်ရန် တာဝန်ရှိသည်ဟု သူကခံယူထားသည် မဟုတ်ပါလား။

'ဒေါက်....ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာမှပင် ဝမ်လေ့မှာ အတွေးစများ ပြတ်တောက်သွားလေသည်။

ဝမ်လေ့က ချက်ချင်းပင် တံခါးဖွင့်ပေးလိုက်သည်။

ကုန်သည်ဝူက အခန်းတွင်းသို့ ဝင်လာ၏။

'ညီလေး၊ ပျင်းနေပြီလား'

ဝမ်လေ့က ပြုံးလိုက်ပြီး....

'အတော်ပဲ၊ ကျွန်တော်တောင်မှ အစ်ကိုကြီးဆီကို အလုပ်
လာတော့မလို့'

ကုန်သည်ဝူက...

'ဘာကိစ္စရှိလို့လဲ'

ဝမ်လေ့က....

'ကျွန်တော် ချန်ကုန်းမှာနေထိုင်တဲ့ရက်အတွင်း အစ်ကိုကြီး
ညှော်ဝတ်ကျေမှုကို ကျေးဇူးတင်ကြောင်း ပြောမလို့ပါ'

ကုန်သည်ဝူက မျက်မှောင်ကုတ်သွား၏။

'ညီလေးက သွားတော့မလို့လား'

ဝမ်လေ့က ...

'ဟုတ်ကဲ့၊ သိုင်းလောကထဲကိုဝင်ပြီးတော့ ကိုယ်တိုင်လှုပ်ရှား
ကြည့်မလို့ပါ'

ကုန်သည်ဝူက....

'ညီလေးက အခုတလော သောင်းကျန်းနေတဲ့သူခိုးကို စ
ဝင်စားနေတယ်ထင်တယ်'

ဝမ်လေ့က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ဒီသူခိုးဟာ ကြိုတင်အကွက်ချပြီးမှ ပိပိရိရိစီစဉ်
တာပဲ၊ သူခိုးဟာ တစ်ယောက်တည်း မဖြစ်နိုင်ဘူး၊ အုပ်စု
မယ်'



ကုန်သည်ဝူက....

'ညီလေး ဘယ်ကစပြီး စုံစမ်းမှာလဲ'

ဟု ရုတ်တရက် မေးလိုက်၏။

ဝမ်လေ့မှာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။

သူသည် ထိုကိစ္စအား စိတ်ဝင်စား၍သာ တတ်နိုင်သမျှစုံစမ်း
မည်ဟု စိတ်ကူးထားသော်သည်း မည်သည့်နေရာက စတင်စုံစမ်း
ရမည်ကို မသိပါ။

ဓားနှစ်လက် အာမခံဌာနမှ ယန်တာနှင့် သူမိတ်ဆွေဖြစ်ခဲ့
သည်။

ဝမ်လေ့က....

'ဓားနှစ်လက်အာမခံဌာနက ယန်တာဆီကိုသွားပြီးမေးကြည့်
ဖို့တော့ စိတ်ကူးထားတယ်'

ကုန်သည်ဝူအ....

'ဓားနှစ်လက်အာမခံဌာန လောလောဆယ် ပိတ်ထားတယ်၊
ယန်တာလဲ သူတို့ခေါင်းဆောင်နဲ့ အတူပါသွားတယ်'

ဝမ်လေ့မှာ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေသည်။

ကုန်သည်ဝူက....

'တစ်ခုတော့ရှိတယ်၊ အဲဒီကိုသွားရင်တော့ သိုင်းလောက
သား စုံမယ်၊ ညီလေး စုံစမ်းလို့ရချင်လဲ ရမယ်'

ဝမ်လေ့က မျက်မှောင်ကုတ်သွားသည်။

'ဘယ်လိုလဲ'

ကုန်သည်ဝူက....

'ညီလေး၊ အော့ဝ ါးဆိုတဲ့အမည် ကြားဖူးသလား'

ဟု မေးလိုက်၏။

ဝမ်လေ့၏မျက်လုံးများ တောက်ပသွားသည်။

'သိပ်ကြားဖူးတာပေါ့၊ ကျွန်တော်အလွန်လေးစားတဲ့ သိုင်းသမားကြီး တစ်ယောက်ပဲ'

ကုန်သည်ဝူက....

'အော့ဝ ါးဟာ ရွှေကျားရဲတိုက်တည်ထောင်ပြီး နေထိုင်ခဲ့တယ်၊ အခု သူက သိုင်းလောကသားတွေကို ညှော်ခံပွဲကျင်းပဖို့ ဖိတ်ကြားထားခဲ့တယ်၊ အဲဒီကို ညီလေးသွားရင် သတင်းလေးဘာလေးလဲ ရနိုင်မယ်'

ဝမ်လေ့က....

'ကျွန်တော်သွားချင်လိုက်တာ၊ ဒါပေမယ့် ဖိတ်စာမပါဘဲနဲ့ သွားလို့ရပါ့မလား'

ကုန်သည်ဝူက....

'ညီလေး သွားချင်တယ်ဆိုရင် ကျုပ်က ဖိတ်စာရအောင် ဖန်တီးပေးပါ့မယ်'

ဝမ်လေ့မှာ အလွန်ဝမ်းသာသွား၏။

'ကျေးဇူးတင်လိုက်တာ အစ်ကိုကြီး'



ကုန်သည်ဝူက....

'ကျုပ်တို့ကြားမှာ ကျေးဇူးဆိုတာ မလိုအပ်တဲ့ အရာပဲ၊ ညီလေးက ကြိုးစားပြီးတော့ ဒီကိစ္စကိုစုံစမ်းပါ၊ ခါးနှစ်လက်အာမခံဌာန မပြိုကွဲအောင်သာ ကူညီပေးလိုက်ပါဗျာ'

ဝမ်လေ့က....

'စိတ်ချ ပါ အစ်ကိုကြီး၊ ကျွန်တော် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ပါ့မယ်'

ကုန်သည်ဝူက....

'ဒါဆို မနက်ခရီးထွက်ဖို့သာပြင်ထား၊ ကနေ့ဖိတ်စာရဖို့ အစ်ကိုကြီး ကြိုးစားလိုက်ဦးမယ်'

....ဩ....

ရွှေကျားရဲ့တိုက်....

ရွှေကျားရဲ့တိုက်မှာ ဟိုပေနယ်ထဲတွင် တည်ရှိသည်။

ဟိုပေနယ် ဟိုကျင်းမြို့၏တောင်ဘက် မိုင်နှစ်ဆယ်အကွာ တောင်ကုန်းပေါ်တွင် တည်ဆောက်ထားသည်။

ရွှေကျားရဲ့တိုက်ကြောင့် ဟိုကျင်းမြို့ကလေး နာမည်ကျော်လာခြင်းဟုဆိုလျှင် မှားမည်မထင်ပါ။

ရွှေကျားရဲ့တိုက်ရှင် အော့ဝါးသည် အလွန်ကျော်ကြားသူ တစ်ယောက်ဖြစ်သည် မဟုတ်ပါလား။

ထို့ကြောင့် အော့ဝါးကိုအကြောင်းပြုကာ ဟိုကျင်းမြို့သည်လည်း ကျော်ကြားလာရခြင်းဖြစ်သည်။

....o....



အော့ဝါး....

သိုင်းလောကတွင် အော့ဝါးအား မသိသူ အလွန်နည်းပါးပေလိမ့်မည်။

အော့ဝါးအား မမြင်ဖူးလျှင်သာ ရှိမည်။

အော့ဝါး၏အမည်အား မကြားဖူးသူ ရှိမည်မဟုတ်ပါ။

အော့ဝါးသည် သိုင်းပညာထူးချွန်၏။

အော့ဝါး ကျော်ကြား လူသိများခြင်းမှာ သူ၏သိုင်းပညာ ထူးချွန်မှုတစ်ခုတည်းကြောင့် မဟုတ်ပါ။

အော့ဝါးသည် ဆက်ဆံရေးအလွန်ကောင်း၏။

စိတ်ထား ရိုးသားဖြူစင်၏။

သူသည် သိုင်းလောကတွင် ကျင်လည်ခဲ့သည့် နှစ်သုံးဆယ်အတွင်း၌ မည်သူ့ကိုမျှ သတ်ဖြတ်ခြင်းမပြုခဲ့ပါ။

နှစ်သုံးဆယ်အတွင်း တိုက်ပွဲပေါင်းများစွာကို ဆင်နွှဲခဲ့ရလေသည်။

သူသည် မည်မျှ ဆိုးသွမ်းသော ရန်သူဖြစ်ပါစေ၊ သုတ်သင်သည်အထိ အပြစ်မပေးပါ။

သူတတ်နိုင်သမျှဆုံးမပြီး ဒုစရိုက်လုပ်ငန်း စွန့်လွှတ်ပြီးလျှင် လူကောင်းဖြစ်လာအောင် စည်းရုံးတတ်၏။

အော့ဝါး၏ သနားကြင်နာ ညှာတာမှုကြောင့် ဒုစရိုက်သမားဘဝမှ လူကောင်းဖြစ်လာသူ အရေအတွက်မှာ မနည်းလှပါ။

သူ၏ စွမ်းဆောင်မှုကြောင့် သိုင်းလောကသားများ သူ့ကို အလွန်ပင် လေးစားကြည်ညိုကြပေသည်။

သိုင်းလောက၏ အသင်္ဘာရ ဂိုဏ်းကြီးများဖြစ်သည့် ရှောင်လင်၊ ဝူတန်း စသောဂိုဏ်းများမှ ဂိုဏ်းချုပ်များပင် အော့ဝါ့အား လေးစားစွာ ဆက်ဆံကြသည်။

အော့ဝါ့အား လေးစားကြည်ညိုသော သိုင်းသမားများထဲတွင် သိမ်းငှက်လောက်ချစ်သည်း တစ်ယောက်အပါအဝင် ဖြစ်ပေသည်။

ထို့ကြောင့် အော့ဝါ့ထံမှ ညွှန်ခံ၍သို့ဘက် ရောက်ချန်ဖိတ်စာ ရောက်ရှိလာသောအခါ သူက ချက်ချင်းပင် ရွှေကျွန်း၏ တိုက်သို့ ရောက်ရှိလာသည်။

နေဝင်ဆည်းဆာအချိန်....

ကောင်းကင်တစ်ခုလုံးတွင် ပုစွန်ဆီရောင် သန်း၍နေလေသည်။

တိမ်တောက်ချိန်တွင် ဝေဝေဆာဆာ ပွင့်ဖူးနေသော ချယ်ရီပင်များကြောင့် တောင်ကုန်းတစ်ခုလုံး အလွန်ပင် လှပနေလေတော့သည်။

တောင်ခြေမှ တောင်ပေါ်တက်ရန် ကျောက်လှေကားထစ်များ ပြုလုပ်ထားပေသည်။

တောင်မှာ ပေသုံးထောင်နီးပါးမျှ မြင့်လေသောကြောင့် ကျောက်လှေကားထစ်မှာ မျက်စိတစ်ဆုံး ရှည်လျားလှသည်ဟု ထင်ရပေသည်။

တောင်ခြေတွင် အဆောင်တစ်ခုရှိပြီး ရွှေကျွန်းရဲ့တိုက်မှ အမှုထမ်းများက ဧည့်သည်များအား တောင်ခြေတွင် ခေတ္တ အနားယူပြီးမှ တောင်ပေါ်သို့ တက်စေ၏။



ကျောက်လှေကား တစ်လျှောက်တွင်မူ အပေါ်သို့ တက်သွားနေသော ဧည့်သည်များကို ဟိုတစ်စု၊ သည်တစ်စုနှင့် တွေ့နေရသည်။

တောင်ခြေအဆောက်အအုံအနီး ကွက်လပ်တွင် မြင်းလှည်းများ၊ မြင်းများကို စနစ်တကျ ထိန်းသိမ်း စောင့်ရှောက်ပေးထားသည်ကိုလည်း တွေ့နေရသည်။

ထိုမြင်းစီးသမားတစ်စုက တောင်ခြေအနီးသို့ ရောက်ရှိလာသည်။

တုကျူးတို့လူစုပင် ဖြစ်သည်။

ဆရာဟိုမှာ တောင်ခြေအနီးရောက်မှ သတိရပြီး....

'ဟာ....ဒုက္ခပဲ'

ဟု အလန့်တကြား ရေရွတ်လိုက်၏။

တုကျူးက....

'ဆရာဟိုကျင်း ဘာဖြစ်လို့လဲ'

ဆရာဟိုက....

'ကျုပ်တို့က သိမ်းငှက်လောက်ချစ်ကို တွေ့ချင်ဇောနဲ့ ထွက်လာတော့ ရွှေကျွန်းရဲ့တိုက်ရှင်အတွက် ဘာလက်ဆောင်မှ မပါဘူးဗျ'

တုကျူးက နဖူးကို လက်ဝါးနှင့် အသာရိုက်လိုက်ပြီး....

'ဟုတ်ပါ့ရှဲဗျာ၊ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ'

ဆရာဟိုက ပခုံးတွန့်လိုက်၏။

'အခုမှတော့ ဘာမှ မတတ်နိုင်တော့ဘူး၊ မျက်နှာပူပူနဲ့ပဲ တက်ရတော့မှာပေါ့'

သူတို့လူစုက ညွှံ့ကြီးစခန်းသို့ ရောက်သောအခါ မည်သည့် လက်ဆောင်မျှ မပါသော်လည်း ကြိုဆိုရေးတာဝန်ခံများကမူ မျှော်လင့်ကြသလိုပင် ကြိုဆိုကြသဖြင့် စိတ်သက်သာရာ ရသွားကြလေသည်။

သူတို့တွင် ဖိတ်စာလည်း မပါ။

သို့သော် ခေါ်နစ်ယက်အာမခံဌာနဟု သိသည်နှင့် ညွှံ့ခံ့ပွဲ တက်ရောက်ခွင့် ပြုပေသည်။

ညွှံ့ကြီးစခန်းရောက်သည်နှင့် နေရာထိုင်ခင်းနှင့်စားသောက် ဖွယ်ရာများကို လိုလေသေးမရှိအောင် စီမံပေး၏။

အော့ဝါးသည် အလှန်မှ သန့်ပြန့်မှုကို ကြိုက်သူဖြစ်ရာ ညွှံ့ကြီးများကလည်း သန့်ရှင်းမှုကို အလေးဂရုစိုက်၏။

တုကျူးတို့လူစုမှာ ခရီးကိုမနားတမ်း ဆက်ခဲ့သူများဖြစ်၍ ပေရေ ညစ်ပတ်နေ၏

ထို့အပြင် ဆာလောင်မွတ်သိပ်၍လည်း နေကြ၏။

ညွှံ့ကြီးစခန်းရောက်လျှင် သူတို့က ခေတ္တအနားယူ အမောဖြေပြီး ရေချိုးကာ ကိုယ်လက် သန့်စင်လိုက်၏။

တစ်ဖန် ချကျွေးသော အစားအသောက်များကို အားရပါးရ စားသောက်ကြ၏။

ပြီးမှ တောင်ပေါ်တက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ညွှံ့ကြီးတစ်ယောက်က တုကျူးတို့လူစုအား လာနှုတ်ဆက်ရင်း....



'မကြာခင် ကျွန်းနက်အာမခံဌာနခေါင်းဆောင်နဲ့ ရွှေနဂါး အာမခံဌာနခေါင်းဆောင်တို့ ရောက်လာမယ်လို့ သတင်းရ တယ်၊ ခင်ဗျားတို့ အပေါ်ကျရင် တွေ့မှာပါ'

ဟု သတင်းပေးလိုက်၏။

အားလုံးမှာ ထိုသတင်းကြောင့် ဝမ်းသာသွား၏။

သူတို့သည် အတော်ပင် အားတက်သွားကြပြီး တောင်ပေါ် သို့ တက်လာခဲ့ကြသည်။

...o...

တောင်ထိပ်သည် မြေပြန့်တစ်ခုနှယ် ကျယ်ဝန်းလှ၏။

တောင်ကလပ်ပုံ ဖြစ်သောကြောင့် ဤမျှ ကျယ်ဝန်းနေခြင်း ဖြစ်ပေသည်။

ရွှေကျွန်းရဲတိုက်မှာ ကြီးကျယ်ခမ်းနားလှပေသည်။

ရွှေကျွန်းရဲတိုက်တစ်ခုလုံးအား မီးများ လင်းထိန်နေအောင် ထွန်းညှိထားသည်။

ရွှေကျားရဲတိုက်နှင့် နီးမဝေးတွင် ယာယီတဲတန်းများ ဆောက်လုပ်ထားပြီး ဧည့်သည်များအား နေရာချထားပေးလေသည်။

တုကျူးတို့လူစု ရောက်လာသောအခါ မိုးချုပ်နေပြီ ဖြစ်သည့်အတွက် ဧည့်သည်များ နားနေဆောင်သို့သာ ဝင်လာခဲ့ကြ၏။

တဲတန်းရှည်အတွင်း အခန်းများဖွဲ့ကာ ငါးယောက်တစ်ခန်း နှုန်းဖြင့် တည်းခိုရပေသည်။

တုကျူးတို့လူစုအတွက်မူ ဆယ်ယောက်တစ်ခန်း ပေးလျှင် ညည်းတွားမည်မဟုတ်ပါ။

နေရေးထိုင်ရေးထက် သူတို့၏ကိစ္စသာ အမြဲ ရှေ့တန်းရောက် နေသည် မဟုတ်ပါလော။

သူတို့အခန်းတွင်းဝင်၍ အနားယူပြီး မကြာမီပင် မောင်ကျန် နှင့် ပေဟွားတို့က တုကျူးထံ ရောက်ရှိလာလေသည်။

သူတို့နှစ်ယောက်အား တွေ့လျှင် အားလုံးက ဝမ်းသာသွား ကြလေတော့သည်။

တုကျူးက....

'ခင်ဗျားတို့က ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲဗျ'

ဟု ဝမ်းသာသောလေသံနှင့် မေးလိုက်၏။

မောင်ကျန်က....

'ခင်ဗျားနောက်ကို လိုက်လာရင်းနဲ့ ရောက်လာတာပါဗျာ'



တုကျူးက....

'ဒါ...ဒါဆိုရင်...ခင်ဗျားက ကျုပ်တို့ အဖြစ်အပျက်တွေကို သိနေပြီပေါ့'

မောင်ကျန်က သက်ပြင်းတစ်ချက်ချရင်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

တုကျူးက...

'အမှန်တော့ ဒီကိစ္စဟာ....'

မောင်ကျန်က လက်ကာပြလိုက်ပြီး....

'နေဦး'

ဟု ဟန့်တားလိုက်၏။

ပြီးမှ ဝေတင်ကွမ်းဘက်လှည့်ကာ...

'ဝေတင်ကွမ်း၊ အပြင်တစ်ချက်ကြည့်စမ်း'

ဟု အမိန့်ပေးလိုက်၏။

ဝေတင်ကွမ်းက ချက်ချင်းပင် အခန်းဝထွက်ကာ လူရိပ်လူခြည် အကဲခတ်ကြည့်လိုက်၏။

ချောင်းမြောင်းနားထောင်သူ မရှိမှန်း သေချာမှ အချက်ပြလိုက်၏။

မောင်ကျန်က....

'ကဲ...ပြောစရာရှိတာ ပြောနိုင်ပြီ'

တုကျူးက အဖြစ်အပျက်များကို အစအဆုံး အသေးစိတ် ပြောပြလိုက်လေသည်။

မောင်ကျန်နှင့် ပေဟွားတို့က ဂရုတစိုက် နားထောင်၏။

ထို့နောက် ဒုတိယအကြိမ် ထပ်ပြောခိုင်း၏။

တုကျူးကလည်း မဆိုင်းမတွပင် ထပ်ပြောပြ၏။

မောင်ကျန်နှင့် ပေဟွားတို့က ပြန်နားထောင်ရင်း ခရီးစဉ်တစ်လျှောက် အားနည်းချက် ဟာကွက်များကို ရှာဖွေကြည့်၏။

သို့သော် ခရီးစဉ်တစ်လျှောက် သူတို့၏ အစီအစဉ်များက သေချာ၏။

မည်သည့်ပျော့ကွက် ဟာကွက်မျှမရှိပါ။

တုကျူးက....

'အတော်ကို ဦးနှောက်ခြောက်စေတဲ့ အဖြစ်အပျက်ပဲ၊ ပစ္စည်းတွေ ဘယ်နေရာမှာ အလဲခံရတယ်ဆိုတာကို ကျုပ်တော့ စဉ်းစားလို့ကို မရခဲ့ဘူး'

ဟု ပြောလိုက်၏။

မောင်ကျန်က....

'အင်း....ဟုတ်တယ်ဗျ၊ ခရီးစဉ်တစ်လျှောက် လုံခြုံရေး အစီအမံကလဲ့ အလွန်ကောင်းမွန်လှတယ်၊ ဟာကွက်မရှိခဲ့ပါဘူး'

ပေဟွားက....

'ကျုပ် စဉ်းစားကြည့်တဲ့အခါမှာ မသင်္ကာစရာကောင်းတဲ့ အချက်တစ်ချက် တွေ့မိတယ်'

ဟု ဝင်ပြောလိုက်၏။

အားလုံး စိတ်ဝင်စားသွား၏။

တုကျူးက....

'ဘယ်လို မသင်္ကာစရာကောင်းတဲ့ အချက်လဲဗျ'

ဟု အလျင်အမြန် မေးလိုက်၏။



ပေဟွားက....

'ကျုပ်မေးခွန်းတွေဖြေရင် ဒီအချက်ပေါ်လာမှာပဲ'

တုကျူးက....

'မေးချင်တာမေးပါ'

ပေဟွားက....

'ပစ္စည်းတွေ သေတ္တာထဲ ထည့်တဲ့အချိန်မှာ ကျုပ်တို့က အပြင်မှာ ရှိတယ်'

'သူတို့က ခင်ဗျားရှေ့မှာပဲ ထည့်တာလား'

တုကျူးက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့၊ ပစ္စည်းတွေကို ကျုပ်ရှေ့မှာပဲ သူဌေးကြီး ချူယီဖုံးက သေတ္တာထဲ ထည့်တာပါ'

ပေဟွားက....

'အိမ်အပြင်ဘက်မှာတော့ ဘာလှုပ်ရှားမှုမှ မရှိတာ ကျုပ်တို့ နှစ်ယောက်လုံး သိတယ်'

တုကျူးက....

'အဲဒီတော့'

ပေဟွားက....

'မသေတ္တာထဲ ပစ္စည်းထည့်ပြီးတော့ကော ခင်ဗျား သေတ္တာနားက ခွာလာတဲ့အချိန် ရှိသလား'

ဟု မေးလိုက်ပြန်၏။

တုကျူးက တစ်ချက်စဉ်းစားလိုက်ပြီး....

'သေတ္တာကိုယူဆောင်ဖို့ ခင်ဗျားတို့ကို မြင်းလှည်း အသင့်ဖြစ်ဖို့ ထွက်ပြောတဲ့အချိန် ခွာခဲ့ပါတယ်'

ပေဟွားက....

'အဲဒီအချိန်မှာ ပစ္စည်းတွေကို လဲလှယ်တာကော မဖြစ်နိုင်ဘူးလား'

တကျူးက ခေါင်းခါယမ်းလိုက်၏။

'မဖြစ်နိုင်ဘူး'

ပေဟွားက....

'ဘာဖြစ်လို့လဲ'

တကျူးက....

'ကျွန်တော် ခင်ဗျားတို့ကို ထွက်ပြောတဲ့အချိန်ဟာ အလွန်တိုတောင်းလှပါတယ်၊ ဒီအချိန်လေးမှာ သူတို့က ပစ္စည်းအတုနဲ့ အစစ် လဲလှယ်ဖို့ အချိန်မရပါဘူး'

ပေဟွားက....

'ခြေတစ်လှမ်းစာနဲ့ လဲလှယ်လို့ရတယ်နော်'

တကျူးက....

'သေတ္တာဖွင့်ထားရင်တော့ ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်'

ပေဟွားက....

'သေတ္တာပိတ်ထားလို့လား'



'ဟုတ်ကဲ့၊ ပစ္စည်းတွေကို သေတ္တာထဲ ထည့်လိုက်ပြီးတာနဲ့ အားလုံးရှေ့မှာပဲ သေတ္တာကိုပိတ်ပြီး သော့ခတ်လိုက်တယ်၊ သော့ခလောက်သုံးခုနဲ့ ခတ်တာပါ၊ သော့မှာ တစ်ခါ အမှတ်အသားပြုထားတော့ ဖွင့်ဖို့မလွယ်ပါဘူး၊ ကျွန်တော် ထွက်တဲ့အချိန်မှာ သော့ရှိတဲ့လူကတောင်မှ သော့ခလောက် သုံးခုစလုံး ဖွင့်နိုင်မှာ မဟုတ်သေးပါဘူး'

ဟု ပြောလိုက်၏။

ပေဟွားက မျက်မှောင်ကုတ်သွား၏။

ခဏနေမှ....

'နေဦးဗျ၊ တကယ်လို့ သေတ္တာလဲရင်ကော...'

တကျူးက နားမလည်သလို ဖြစ်သွားပြီး—

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

ပေဟွားက....

'ပစ္စည်းအတု ထည့်ထားတဲ့သေတ္တာနဲ့ အစစ်ထည့်ထားတဲ့ သေတ္တာကို လဲလှယ်ယူမယ်ဆိုရင်တော့ ဒီအချိန်ဟာ လုံလောက်ပါတယ်နော့'

အားလုံးက ခေါင်းညိတ်လိုက်၏။

သေတ္တာချင်း လဲလှယ်ခြင်းကား အချိန်ကြာရန် မလိုပါ။

သော့ဖွင့်စရာလည်း မလိုပါ။

မျက်စိတစ်မှိတ်အတွင်း ကောင်းစွာလဲလှယ်ယူနိုင်ပေသည်။

မောင်ကျွန်က....

'ဟုတ်တယ်၊ သေတ္တာချင်း လဲလိုက်ရင်တော့ တစ်ခဏအတွင်း လဲလို့ရတယ်ဗျ'

တုကျူးခေါင်းခါယမ်းလိုက်၏။
'မဖြစ်နိုင်ဘူး'
ဟု ချက်ချင်း ငြင်းပယ်လိုက်၏။

မောင်ကျန်က....
'ဘာဖြစ်လို့လဲ၊ ဒီလိုလဲလှယ်မယ်လို့ ခင်ဗျားက မထင်ထားလို့လား'
ဟု မေးလိုက်၏။

တုကျူးက....
'မဟုတ်ပါဘူး၊ မလဲနိုင်တဲ့အကြောင်း ရှိတယ်'

မပဟ္ဂွားက....
'ဘာများလဲ'

တုကျူးက....
'သေတ္တာချင်းသာ လဲလှယ်ယူခဲ့ရင် ပစ္စည်း အားလုံးဟာ အတုတွေပဲဖြစ်ရမယ်၊ အခုတော့ ကျုပ်တို့ ချူယ ဖိုးထံ ပစ္စည်းအပ်တဲ့အခါ အစစ်တစ်ခုနဲ့အတုက နှစ်ခုဖြစ်နေတယ်ဗျ....'
ပေဟ္ဂွား ဘာဆက်မေးရမှန်းပင် မသိဖြစ်သွား၏။

တုကျူး ပြောသည်မှာ မှန်၏။
သေတ္တာချင်း လဲမည်ဆိုလျှင် ပစ္စည်းအားလုံး အတုများသာ ဖြစ်နေရပေမည်။
ယခုမူ ပစ္စည်းအတုနှင့် အစစ် ရောထွေးနေ၏။
သေတ္တာချင်း လဲလှယ်မှုကား မည်သို့မျှ မဖြစ်နိုင်တော့ပါ



ပေဟ္ဂွားက သက်ပြင်းချလိုက်၏။
'အင်း....ဒါဆိုရင်တော့ ကျုပ်ရဲ့သံသယဝင်တဲ့အချက်ဟာ မဖြစ်နိုင်တော့ပါဘူး'

တုကျူးက....
'ဒါကြောင့် ဘယ်လိုမှ အဖြေမရှာနိုင်ဘဲ ကျွန်တော် ခေါင်းခြောက်နေတာပေါ့'

အားလုံး အတန်ကြာအောင် ငြိမ်ကျသွား၏။
သူခိုးက မည်သို့မည်ပုံ အတုနှင့်အစစ် လဲလှယ်သွားသည်ကိုမူ သူတို့ မည်သို့မျှ စဉ်းစားမရခဲ့ပါချေ။

အတန်ကြာမှ မောင်ကျန်က....
'အခု ခင်ဗျား ဒီကိုလာတာက....'

တုကျူးက....
'ကျုပ်အဖွဲ့သားတွေက ဒီကိစ္စကို သိမ်းငှက်လောက်ချစ်ထံမှာ အကူအညီတောင်းချင်တယ်ဆိုလို့ ဒီကိုရောက်လာတာပါ၊ ကျုပ်စိတ်ထဲတော့ သိမ်းငှက်လောက်ချစ်လဲ ကျုပ်တို့ကို ကူညီနိုင်မယ်လို့ မယုံကြည်ဘူး၊ ရက်ငါးဆယ်အတွင်း သူက ဘယ်လိုဖြေရှင်းနိုင်မှာလဲ'
ဟု စိတ်ပျက်အားလျော့သံနှင့် ပြောလိုက်၏။

ပေဟ္ဂွားက....
'အကူအညီ တောင်းကြည့်တာတော့ မမှားပါဘူးဗျာ၊ သိမ်းငှက်လောက်ချစ်ဟာ အံ့ဘွယ်တော်တဲ့ လူတစ်ယောက်ပဲ'

မောင်ကျွန်က....

'ကျုပ်တို့အားလုံး ဒီကိစ္စကို အဖြေရှာနိုင်တဲ့ အစွမ်းအစမရှိတာတော့ သေချာတယ်၊ ကဲ....အားလုံး အမြင်ထွက်ကြစို့'

တကျူးက....

'အမြင်ထွက်ပြီး ဘာလုပ်မှာလဲ'

မောင်ကျွန်က....

'အမြင်ထွက်မှ လူစုံတွေ့ရမယ်၊ သတင်းစုံ ကြားရမယ်၊ ကျုပ်တို့အတွက် အကျိုးရှိနိုင်မှာပေါ့'

စကားဆုံးလျှင် ထိုင်ရာမှ ထလိုက်လေယည်။

ပေဟွား၊ တကျူးနှင့် ဆရာဟိုတို့ လူစုကလည်း ထရပ်လိုက်ကြ၏။

ထို့နောက် သူတို့အားလုံး ဧည့်ခန်းဆောင်ဘက်သို့ ထွက်လာခဲ့ကြလေတော့သည်။

...၀...



ဧည့်ခန်းဆောင်....

ဧည့်ခန်းဆောင်မှာ ကျယ်ဝန်းလှ၏။

ဧည့်ခန်းဆောင်အတွင်း ဧည့်သည်အတော်များများ ရှိနေ၏။

ဧည့်သည်များသည် ကိုယ့်အစုနှင့်ကိုယ် ဝိုင်းဖွဲ့ကာ စကားလက်ဆုံကျနေကြလေသည်။

တကျူးတို့လူစုမှာ ဧည့်ဆောင်အတွင်းသို့ ရောက်ရှိလာကြ၏။

သူတို့သည် ဧည့်သည်များအား တစ်ချက် အကဲခတ်ကြည့်လိုက်ပြီးနောက် ဧည့်ခန်းဆောင်အတွင်း လွတ်နေသော စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ကြ၏။

ယန်တမှာ ဧည့်ခန်းဆောင်တွင်း အဝင်တွင် ဧည့်ခန်းဆောင်အတွင်းမှ ထွက်သွားသော လူငယ်တစ်ယောက်အား လှမ်းမြင်မိ၏။

'ဝမ်လေ့နဲ့ တူလိုက်တာ...'

သူက လှမ်းခေါ်ရန် ပြင်ပြီးမှ ဝမ်လေ့ ဤနေရာသို့ ရောက်လာစရာ အကြောင်းမရှိဟု တွေးလိုက်ပြီး မခေါ်တော့ပါ။

သူသည် တကျူးနှင့် အနီးဆုံးစားပွဲတွင် ဆရာဟိုနှင့်အတူတူ ဝင်ထိုင်နေလိုက်လေသည်။

တကျူးတို့လူစုက ညှော်ခန်းဆောင်တွင် ဝင်ရောက်နေရာယူပြီး မကြာမီပင်ညှော်ခန်းဆောင်အဝင်းသို့ လူရှယ်နှစ်ယောက်ဝင်လာကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူရှယ်နှစ်ယောက်သည် အရပ် အလွန်ရှည်သဖြင့် ပိန်သည်ဟု ထင်ရလေသည်။

လူရှယ်နှစ်ယောက်စလုံး အစင်းကျားများပါသော ဝတ်စုံဆင်တူ ဝတ်ဆင်ထားကြပေသည်။

သူတို့၏ အသားအရေမှာ မည်းသည်ဟု ဆိုရပေမည်။ မျက်လုံး မြူးလှပြီး နှာခေါင်းကောက်ကာ အတော်ပင် အကျည်းတန်သော လူရှယ်နှစ်ယောက်ပင် ဖြစ်ပါသည်။

ထိုလူရှယ်နှစ်ယောက်သည် ညှော်ဆောင်အတွင်းသို့ ခြေသံပြင်းပြင်းနင်းကာ ဝင်လာကြလေသည်။

ထို့နောက် လွတ်နေသော စားပွဲတစ်လုံးတွင် ဝင်ထိုင်ကာနေလိုက်ကြလေသည်။

ပေဟွားက....

'ဟေ့ ...တကျူး၊ အဲဒီနှစ်ယောက်ကို သိတယ်မဟုတ်လား'

ဟု လှမ်းမေးလိုက်၏။

တကျူးက ခေါင်းညိတ်လိုက်၏။

'သိပါတယ်'



မောင်ကျန်က....

'သွေးယက္ခနှစ်ဖော်ကို မြင်တာနဲ့ လူတိုင်း မှတ်မိကြပါတယ်ဗျာ'

ဟု ဝင်ပြောလိုက်၏။

ပေဟွားက....

တကျူးက ပခုံးတွန့်လိုက်ပြီး....

'ဘယ်သိနိုင်မှာလဲ'

ပေဟွားက သက်ပြင်း ချလိုက်သည်။

သူသည် သွေးယက္ခ နှစ်ဖော်ကိုတွေ့ရသောအခါ အသိလိုပင်ရင်ထဲ၌ ခေသးလံ့နေသလို ခံစားလိုက်ရလေသည်။

အကြောင်းမှာ သွေးယက္ခ နှစ်ဖော်အား သိုင်းလောကတွင် မသိသူ အတော် နည်းပါးသည်။

သွေးယက္ခတို့သည် ကျော်ကြားသော သိုင်းသမားများဖြစ်ကြသည်။

ကောင်းသော ကျော်ကြားခြင်းကား မဟုတ်ပါ။

အလွန် ရက်စက် ကြမ်းကြုတ် ဆိုးသွမ်းသော အနက်ရောင်သိုင်းသမားများ အဖြစ် ကျော်ကြားခြင်း ဖြစ်ပါသည်။

သွေးယက္ခ နှစ်ဖော်သည် သူတို့၏ထက်မြက်သော သိုင်းပညာအားကိုးဖြင့် သိုင်းလောကတွင် သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြသည်။

ခိုင်လုံသော အကြောင်းအချက် မရှိဘဲ တွေ့သမျှ လူများအား အနိုင်ကျင့်ချဉ်ကျင့်ဘတ်သည်။

တစ်ခါတစ်ရံ အသက်ကိုပင် သတ်ဖြတ်ဘတ်ပေသည်။

ဤမျှ ဆိုးသွမ်းသော အနက်ရောင် သိုင်းသမားအား ဤနေရာတွင် မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ပေဟွား၏ ရင်ထဲ၌ လေးလံသွားခြင်း ဖြစ်ပေသည်။

သေးယက္ခ နှစ်ဖော်သည် ဤနေရာသို့ မည်သည့်အတွက်ကြောင့် ရောက်ရှိလာပါသနည်း။

ပေဟွားမှာ အဖြေမရှိသော မေးခွန်း၏ အဖြေကို တွေးတောနေမိသည်။

ထိုစဉ် ဧည့်ခန်းဆောင် အတွင်းမှ လူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် သူက အဝင်ဝဘက်သို့ မသိမသာကြည့်လိုက်၏။

ဧည့်ဆောင်အတွင်းသို့ လူတစ်ယောက် ဝင်လာသည်။

ထိုလူသည် အသက် ငါးဆယ်ကျော်ခန့်ရှိသည်။

သူ၏ နောက်တွင် လူရွယ်တစ်ယောက်ကလည်း ကပ်လျက် ပါလာလေသည်။

ထိုလူအား တွေ့သောအခါ ဧည့်ခန်းဆောင် တာဝန်ခံသည် ချက်ချင်း ထွက်လာပြီး အရိုအသေပြုကာ ကြိုဆိုလိုက်သည်။



ဤအချင်းအရာကို ကြည့်ခြင်းဖြင့် ထိုလူသည်ရွှေကျွားရဲတိုက်ရှင်နှင့် ခင်မင်ရင်းနှီးသော၊ သို့မဟုတ် လေးစားရသော လူတစ်ယောက် ဖြစ်ကြောင်း သိသာနေသည်။

ပေဟွားမှာ ထိုလူအား မသိမသာ အကဲခတ် လိုက်သည်။

ထိုလူ၏မျက်နှာသည် အပြုံးအရယ် ကင်းမဲ့သည်။

မျက်လုံးများက စူးရှ အေးစက်လွန်းသည်။

သိုင်းပညာ အလွန် အဆင့် မြင့်မားသူ တစ်ယောက် ဖြစ်နိုင်သည်ဟု တွက်ဆမိလိုက်သည်။

ထိုစဉ် ဧည့်ကြိုတာဝန်ခံ၏ စကားသံကို ကြားလိုက်ရလေသည်။

'မိုးမြေဂိုဏ်းချုပ်ကို ကြိုဆိုပါတယ်'

သူသည် မိုးမြေဂိုဏ်းချုပ်အား ရိုသေစွာ ဂါရဝပြုလိုက်၏။

ပြီးမှ....

'ဂိုဏ်း အထဲကို ကြွပါခင်ဗျာ၊ ဧည့်သည်များအတွက် နေရာ မလုံလောက်လို့ အခန်း တစ်ခန်းမှာ နေရာချထားပေးပါရစေ'

ဟု ပြောလိုက်၏။

မိုးမြေဂိုဏ်းချုပ်က သူ၏ နောက်ပါးမှ ကပ်ပါသော လူရွယ်အား လှည့်ပင်မကြည့်ဘဲ ခေါင်းညိတ်လိုက်သည်။

ညော့်ကြီးတာဝန်ခံက ချက်ချင်းပင် နေရာထိုင်ခင်းပေးရန် ခေါ်ဆောင်သွားလေသည်။

ပေဟွာ့းက....
'တုကျူး၊ ဒီလူ ဘယ်သူလဲသိသလား'

ဟု လေသံနှင့် မေးလိုက်၏။

တုကျူးက....
'သိတယ်၊ ခင်ဗျားကော သိသလား'

ပေဟွာ့းက ခေါင်းညိတ်လိုက်ပြီး—

'သိပါတယ်၊ သူဟာ အနက်ရောင် သိုင်းလောကမှာနာမည်ကြီးတဲ့ မိုးမြေဂိုဏ်းချုပ်ပဲ၊ သူ့ရဲ့ သိုင်းပညာဟာ အတော်မြင့်မားတယ်၊ ရွှေကျား ရဲတိုက်ရှင် အောဝါးနဲ့ အဆင့်တူလောက် ရှိမယ်လို့ အားလုံး ခန့်မှန်းထားပါတယ်'

တုကျူးက....
'ညီလေးက အတော် သိထားတာပဲ'
ထိုစဉ် ညော့်ခန်းဆောင်၏ အပြင်ဘက်မှ ကျယ်လောင်သော အသံ ထွက်ပေါ်လာလေသည်။

'ခွန်လွန်ဂိုဏ်းချုပ် ရောက်ရှိလာပါတယ်'
ထိုစကား ကြားလိုက်ရလျှင် ပေဟွာ့၊ တုကျူးနှင့် မောင်ကျန်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်။



အကြောင်းမှာ ခွန်လွန်ဂိုဏ်းချုပ်နှင့်မိုးမြေဂိုဏ်းချုပ်တို့သည် မဟာရန်သူများ မဟုတ်ပါလော။
သိုင်းလောကတွင် သူတို့နှစ်ဦး၏ ရန်ငြိုးကား ကြီးမားလှကြောင်း လူတိုင်းလိုလို သိထားကြလေသည်။

ပေဟွာ့းက....
'ဒီတစ်ခါ ရွှေကျား ရဲတိုက်ကို လူစုံ တက်စုံရောက်လာကြတယ်ဗျ၊ အခြေအနေအရ ပွဲကြီးပွဲကောင်းတွေ တွေ့ကြုံရနိုင်တယ်'
ဟု မှတ်ချက်ချလိုက်၏။

ထိုစဉ် အပြင်ဘက်မှ ညော့်သည် ကြိုဆိုရေး တာဝန်ခံများက ရောက်ရှိလာသော သိုင်းသမားများ၏ အမည်ကို တုတ်ဖော်ကာ သတင်းပို့နေသည် မဟုတ်ပါလား....

ဤသို့ဖြင့် ရောက်ရှိလာသော သိုင်းသမားများအား ဂုဏ်ပြုလိုက်သည့် သဘောပင် ဖြစ်သည်။

'တုကျူးက သိုင်းသမား တွိစ'

'ကျန်လေက သိုင်းသမား ရွှန်ဝေ'

'ချန်ကုန်းက သိုင်းသမား လိပ်ပြာကျူး'

'ချ[illegible]ကုန်းက သိမ်းငှက် လောက်ချစ်'
အစရှိသည့် အမည် ကြေညာသံများက တစ်ခုပြီးတစ်ခု ထွက်ပေါ်လာလေသည်။

ညှော်ခန်းဆောင်း အတွင်းသို့လည်း လူအများ တစ်ယောက်ပြီး တစ်ယောက် ဝင်လာကြသည်။

သိမ်းငှက် လောက်ချစ် ရောက်ရှိလာသည် ဟူသော အသံကြားရသောအခါ ပေဟွားတို့ လူစုမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

မောင်ကျန်က....

'ဟေ့....သိမ်းငှက် လောက်ချစ် ရောက်လာပြီတဲ့'

ပေဟွားက....

'ဟုတ်တယ်၊ ကျုပ်တို့ ချက်ချင်းသွားပြီး တွေ့ဆုံကြရင် ကောင်းမယ် ထင်တယ်'

တုကျူးက....

'သိပ် မလောကြပါနဲ့ဗျာ၊ အခြေအနေ ကြည့်ပြီးမှ လှုပ်ရှားတာ ပိုကောင်းမယ်၊ တစ်ရက်နဲ့တော့ ဘာမှ ထူးခြားလာမှာ မဟုတ်ပါဘူး'

ပေဟွား ပါးစပ် ပိတ်သွားသည်။

ထိုစဉ် ညှော်သည်များကြားမှ အဆက် ဆယ့်ရှစ်နှစ်ခန့်ရှိသော မိန်းကလေး တစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုမိန်းကလေးမှာ အတော်ပင် ချောမောချောမော၏။



ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားသဖြင့် ထိုမိန်းကလေး၏ လှပအချိုးကျသော ခန္ဓာကိုယ် အလှက ပေါ်လွင်နေ၏။

ဆရာဟိုမှာ ထိုမိန်းကလေးအား တွေ့သောအခါ အံ့အားသင့်သွားလေသည်။

'ခေါင်းဆောင်ကြီး .. တုလင်းသင်းလိုက်လာတယ်'

ဟု ကမန်းကတန်း ပြောလိုက်၏။

တုကျူးက မျက်နှာပျက်သွားပြီး ...

'ဒုက္ခပဲ၊ သူ ဒီကို ဘာလာလုပ်တာပါလိမ့်'

ဟု ရေရွတ်လိုက်သည်။

သူ၏အသံကြောင့် အားလုံးက တုလင်းလင်းဆိုသော မိန်းကလေးအား လှမ်းကြည့်လိုက်ကြလေသည်။

တုလင်းလင်းမှာ ညှော်ခန်းဆောင်အတွင်း ဟိုကြည့် သည်ကြည့်နှင့် ဝင်လာလေသည်။

မကြာမီ သူမသည် တုကျူးတို့လူစုအား တွေ့မြင်သွားလေသည်။

သူမ၏မျက်နှာ ဝင်းလက်သွားသည်။

ချက်ခြင်းပင် တုကျူးတို့ စားပွဲသို့ ရောက်ရှိလာသည်။

'ဖေဖေက ဒီမှာကိုး၊ ကျွန်မလိုက်ရှာနေရတာ မနေရာ နှံ့နေတာပဲ'

ဟု ပြောလိုက်ပြီး တကျော့အနီးတွင် ဝင်ရောက်ထိုင်လိုက်လေသည်။

တလင်းလင်းသည် တကျော့၏ တစ်ဦးတည်းသောသမီးပင် ဖြစ်သည်။

သူမသည် ဖခင်၏သိုင်းပညာကို အမွေရရှိထားသည်။

သူမသည် အမျိုးသမီး သိုင်းအကျော်အမော်များကိုအလွန်အားကျသူတစ်ယောက် ဖြစ်၏။

သူမကာ သိုင်းလောကအတွင်း ဝင်ချင်သော်လည်း တကျော့က တားမြစ်ခဲ့၍ ယခုထိ မဝင်ခဲ့ရပါ။

တကျော့အနေနှင့် သမီးဖြစ်သူ၏ သိုင်းပညာကို စိတ်မချသေးပါ။

သူမ၏သိုင်းပညာသည် မိမိကိုယ်ကို ကာကွယ်နိုင်စွမ်းရှိသော်လည်း အဆင့်မြင့်မားခြင်းကား မရှိပါချေ။

တလင်းလင်းက သူ့အားငေးကြည့်နေသော ဖခင်တကျော့အား ပြုံးပြလိုက်ပြီး....

'မေမေခန့်မှန်းတာ သိပ်မှန်တာပဲ'

တကျော့က မျက်မှောင်ကုတ်သွားပြီး....

'ဘာဖြစ်လို့လဲ'



တလင်းလင်းက....

'ဖြန်ရောက်ချိန် တန်လို့ ဖေဖေက ရောက်မလာတော့ ရွှေကျားရဲ့တိုက်ရှင်ရဲ့ဧည့်ခံပွဲကို ဆက်သွားနေတာဖြစ်ရမယ်လို့ ပြောတယ်'

တကျော့က...

'အိမ်မှာ ဘာဖြစ်နေသလဲ'

ဟု စိုးရိမ်မကောင်းသောအသံနှင့် မေးလိုက်သည်။

တလင်းလင်းက....

'ဘာမှမဖြစ်ပါဘူး'

တကျော့က ....

'သမီးမေမေက တွေ့ချင်နေလို့လား'

တလင်းလင်းက ခေါင်းခါလိုက်၏။

တကျော့က စိတ်မရှည်သံနှင့်...

'ဒါဆို သမီးက ဘာကြောင့် ဖေဖေ့ကို လိုက်ရှာနေရတာလဲ'

ဟု မေးလိုက်သည်။

တလင်းလင်းက....

'မေမေက စာတစ်စောင်ပေးခိုင်းလိုက်လို့ပါ'။

တကျုံးမှာ အံ့ဩသွားလေသည်။

'စာပေးခိုင်းတယ်၊ ဟုတ်လား'

'ဟုတ်ပါတယ်'

'ဘယ်မှာလဲစာ'

တလင်းလင်းက စာတစ်စောင်အား တကျုံးထံသို့ ကမ်းပေးလိုက်လေသည်။

တကျုံးက စာကိုယူလိုက်သော်လည်း ချက်ချင်း မဖတ်သေးဘဲ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။

ဧည့်ခန်းဆောင်အတွင်းရှိ သိုင်းလောကသားများက ကိုယ့်အဖွဲ့နှင့်ကိုယ် စကားလက်ဆုံကျနေသည်။

မည်သူကမျှ သူတို့အား ကြည့်နေခြင်းမရှိပါ။

တကျုံးက စာကို ဖွင့်ဖတ်လိုက်သည်။

စာဖတ်ပြီးသည်နှင့် မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

အခြေအနေကိုစောင့်ကြည့်နေသော ပေဟွားတို့ လူစုမှာ တကျုံး မျက်နှာပျက်သွားသည်ကို ကောင်းစွာ တွေ့လိုက်ကြလေသည်။

တကျုံးက....

'ဒါထက်....သမီး ဘယ်မှာတည်းမှာလဲ'

ဟု မေးလိုက်၏။



တလင်းလင်းက....

'မမရိပေစုစန်က သူ့ထံမှာ သခင်နေဖို့ ခေါ်ထားပါတယ်'

ရိပေစုစန်သည် သိုင်းလောကတွင် နာမည်ကျော်ကြားသော အမျိုးသမီး သိုင်းလောကသားတစ်ယောက် ဖြစ်သည်။

သူမသည် ဝိုမိဂိုဏ်းမှာ ဌာနခွဲမှူးအဆင့်ရှိသူ တစ်ယောက်ဖြစ်၍ သိုင်းလောကသားတစ်ယောက်ဖြစ်၏။

သူမသည် ဝိုမိဂိုဏ်းမှ ဌာနခွဲမှူးအဆင့်ရှိသူ တစ်ယောက်ဖြစ်၍ သိုင်းလောကသားများက လေးစားကြရသည်။

တကျုံးက....

'သူက သမီးကို တကယ်ခေါ်တာလား'

တလင်းလင်းက....

'တကယ်ပေါ့ ဖေဖေရဲ့'

တကျုံးက ...

'အင်း....ရိပေစုစန်နဲ့ဆိုရင်တော့ သမီးအတွက် စိတ်ပူစရာ မရှိတော့ပါဘူး၊ သမီးမမရဲ့စကားကို နားထောင်ပါ၊ ကဲ.... သမီးသွားတော့'

တလင်းလင်းက ဖခင်သာမက ပေဟွားတို့လူစုကိုပါ နှုတ်ဆက်လိုက်ပြီး ပြန်လည်ထွက်ခွာသွားလေသည်။

တလင်းလင်း ထွက်သွားပြီးမှ ပေဟွားက တကျုံးဘက် လှည့်ကြည့်လိုက်သည်။

တကျူး၏မျက်နှာ အနည်းငယ် ဖြူဖပ်ဖြူလျော် ဖြစ်နေသည်ကို သတိထားလိုက်မိလေသည်။

စာသည် မည်သည့်စာများနည်း။

မည်သို့သောအကြောင်းများ ရေးထားပါသနည်း။

....o....

တကျူး မျက်နှာပျက်နေ၏။

သူသည် အဝေးသို့ ငေးမောရင်း တွေးနေပုံရ၏။

ပေဟွားမှာ တကျူးအားကြည့်ရင်း မေးသင့် မမေးသင့် ချိန်ဆနေသည်။

အတန်ကြာမှ သူ မေးမြန်းရန် ဆုံးဖြတ်လိုက်သည်။

'တကျူး....'

တကျူးက ယခုမှ သက်ဝင်လာပြီး ပေဟွားဘက် လှည့်ကာ....

'ဘာများလဲဗျ'



ပေဟွားက ...

'ခင်ဗျားကို တူမလေး တလင်းသင်းပေးသွားတာ ဘာစာများလဲ'

တကျူးက သက်ပြင်းချလိုက်သည်။

သူက ပြောပြမနေဘဲ စာရွက်ကလေးအား ပေဟွားထံသို့ ကမ်းပေးလိုက်လေသည်။

ပေဟွားက စာရွက်ကိုဖြန့်ကာ ဖတ်ကြည့်လိုက်၏။

စာမှာ တို၏။

ရှင်းလင်း ပြတ်သားလှ၏။

ပေးသူအမည် မပါဝင်ပါ။

ထို့အတူ မည်သူ့ထံဟုလည်း မပါပါချေ။

'ကျုပ် အိမ်အနောက်ဘက်မှာ သေတ္တာရှိတယ်၊ အလျားတစ်ပေခွဲ အနံတစ်ပေ၊ နှစ်လပိုင်း ဆယ့်ငါးရက်နေ့ထဲကပဲ'

ပေဟွားက....

'တကျူး၊ မင်းတို့ သယ်ဆောင်သွားတဲ့ သေတ္တာတွေနဲ့ ပုံစံချင်း....'

တကျူးက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ကျုပ်သယ်သွားတဲ့ သေတ္တာတွေနဲ့ ရှယ်တူပါပဲ'

မောင်ကျန်က....

'ဒီစာ ဘယ်သူရေးတာလဲ'

တုကျူးက ပခုံးတွန့်လိုက်၏။

'ကျုပ်လဲ ဘယ်သိမှာလဲ'

မောင်ကျန်က....

'ကိစ္စက တဖြည်းဖြည်း ရှုပ်ထွေးသထက် ရှုပ်ထွေးလာပြီ'

တုကျူးက....

'ဟုတ်တယ်၊ ကျုပ်လဲ မဖြေရှင်းနိုင်မယ့်အတူတူ သေသာ သေလိုက်ချင်တော့တယ်'

ပေဟွားက နှစ်သိမ့်လိုက်၏။

'စိတ်မလျှော့ပါနဲ့ဗျာ၊ သိမ်းငှက်လှောက်ချစ်ကို မရ ရအောင် အကူအညီ တောင်းရမှာပေါ့'

မောင်ကျန်က....

'သိမ်းငှက်လောက်ချစ်က အခုလိုကိစ္စမျိုး သူ့ထံ သီးခြား အပ်ရင် ဆောင်ရွက်ခ အခကြေးငွေ ယူတတ်တယ်နော်'

ပေဟွားက....

'ဘယ်လောက်တောင်းတောင်း ပေးရမှာပဲ၊ ကျုပ်တို့ကလဲ အကူအညီ စိုက်ပေးရမယ်'



တုကျူးက....

'သူက ကူညီပါ့မလားဗျာ'

ပေဟွားက....

'ကူညီမယ် မကူညီဘူးဆိုတာ အသာထားဦး၊ သူ့ကို အရင်ဆုံး တွေ့ခွင့်ရအောင် ကြိုးစားရမယ်၊ ဒီလောက် လူများနေတာ သူ့ကိုတွေ့ဖို့ တောင်မှ လွယ်မယ်မထင်ဘူး'

တုကျူးက....

'ဒါဆို ဘယ်လိုလုပ်မလဲ'

ပေဟွားက မောင်ကျန်ဘက်သို့ လှည့်ကြည့်လိုက်၏။

မောင်ကျန်က....

'ပူပါနဲ့၊ ဒီကိစ္စ ကျုပ်တာဝန်ထားပါ၊ ကျုပ်ပဲ သူ့ကို မရ ရအောင် သွားတွေ့ပါမယ်'

ဟု ဝင်ရောက်တာဝန်ယူလိုက်၏။

တုကျူးက....

'ကျေးဇူးပါပဲဗျာ'

မောင်ကျန်သည် ဇွဲ လုံ့လ ဝီရိယရှိသူတစ်ယောက် ဖြစ်ပေသည်။

သူ တာဝန်ယူသည့်ကိစ္စဆိုလျှင် မဖြစ်မနေ ရအောင် ဆောင်ရွက်တတ်သူတစ်ယောက် ဖြစ်၏။

ဤအတိုင်းဆိုလျှင် မကြာမီပင် သူတို့၏ အခက်အခဲအား သိမ်းငှက်လောက်ချစ်အား ဖြေပြနိုင်တော့မည် ဖြစ်၏။

ထိုအခါ သိမ်ငှက်လောက်ချစ်က သူတို့အား မဆိုင်းမတွ ကူညီပါမည်လော။

မောင်ကျန် ဆက်မတွေးချင်ပါ။

သိမ်းငှက်လောက်ချစ် ကူညီချင်အောင် မရ အရ ပြောမည် ဟုသာ ဆုံးဖြတ်သာ လိုက်လေတော့သည်။

....၀....

ယန်တမှာ အိပ်မရပါ။

ထို့ကြောင့် သူသည် တောင်ပေါ်တွင် လမ်းလျှောက် နေ၏၊ ဒွိ

သူ၏အာရုံများက ထွေပြားနေ၏။

သူ့ဘာ ရှေ့ရေးကိုလည်း အလွန်ပင် ရင်လေးနေမိ၏။

သူသည် လူရွယ်တစ်ယောက်သာ ဖြစ်၏။

ရှေ့ဘက်လမ်းများစွာ ရှိ၏။



သူသည် အောင်မြင်သော မားနှစ်လက် အာမခံဌာနတွင် အငယ်ဆုံးသော ဌာနခွဲမှူး ရာထူးရခဲ့၏။

ယခု သူတို့၏ မားနှစ်လက်အာမခံဌာနမှာ ပြိုကွဲပျက်စီးရန် အချိန်သိပ်မလိုတော့ပါ။

သူ ဘာလုပ်ရမည်နည်း။

ပြဿနာတက်ကာ ပြိုကွဲပျက်စီးသွားသော အာမခံဌာန သတင်းမှာ တစ်ခဏအတွင်း သိုင်းလောကတွင် ပျံ့နှံ့သွားပေမည်။

ထိုအခါ သူတို့တွင် သိက္ခာဆိုသည်မှာ ရှိတော့မည် မဟုတ်။

မည်သူကမျှလည်း သူတို့အား ယုံကြည်စိတ်ချစွာ အလုပ် ပေးတော့မည် မဟုတ်ပါ။

မားနှစ်လက်အာမခံဌာန ပြိုကွဲသည်နှင့် သူသည် သိုင်း လောကထဲမှ စွန့်ခွာ၍ လယ်သမားဘဝနှင့် ခေတ်မြှုပ်နေရတော့ မည်သာ ဖြစ်ပေသည်။

'တောက်'

ယန်တမှာ ခံပြင်းစွာ တက်ခေါက်လိုက်၏။

ထိုစဉ် သူ၏အနောက်ဘက်မှ ပေါ့ပါးသောခြေသံကို ကြား လိုက်ရလေသည်။

ယန်တက ချာခနဲ လှည့်ကြည့်လိုက်၏။

သူ့နောက် ခြေဆယ်လှမ်း မရှိတရှိခန့်တွင် လူငယ် တစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ယန်တ၏မျက်လုံးများ ပြူးကျယ်သွား၏။

အလွန် အံ့အားသင့်သော လေသံဖြင့်....

'မင်း... မင်း....ဝမ်လေ့ မဟုတ်လား'

ဝမ်လေ့က ပြုံး၍ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

ယန်တက....

'မင်း ရွှေကျွားရဲတိုက်ရှင်ရဲ့ ညည့်ခံပွဲကို လာတက်တာလား'

ဝမ်လေ့က....

'ဟုတ်ကဲ့... ဒါပေမယ့် အစ်ကိုနဲ့တွေ့ချင်လို့ ရောက်လာတာဆိုရင် ပိုမှန်မယ်'

ယန်တက မျက်မှောင်ကုတ်သွား၏။

'ကျုပ်နဲ့ တွေ့ချင်လို့ ဟုတ်လား၊ ဘာကိစ္စများရှိသလဲ၊ အခုချိန်တော့ ကျုပ်လဲ အားမယ်မထင်ဘူး၊ မင်းကို အကူအညီ မပေးနိုင်တာကို ခွင့်လွှတ်ပါ'

ဝမ်လေ့က ပြုံးလိုက်၏။

'ကျွန်တော်က ကူညီချင်လို့ပါ'



'ဘာ....'

ယန်တမှာ အတော်အံ့အားသင့်သွား၏။

ဝမ်လေ့က ဆက်ပြောလိုက်၏။

'အစ်ကိုတို့ ကြုံတွေ့နေရတဲ့ပြဿနာကို ကျွန်တော် ကူညီချင်လို့ လိုက်လာတာပါ'

ယန်တက သက်ပြင်းချလိုက်၏။

'ညီလေးရဲ့ စေတနာကို ကျုပ်ကျေးဇူးတင်ပါတယ်၊ ညီလေး မတတ်နိုင်ပါဘူး'

ဝမ်လေ့က စိတ်မပျက်ပါ။

'ကျွန်တော်ဘက်က တတ်နိုင်သလောက် ကြိုးစားကူညီချင်ပါတယ်'

ယန်တက....

'ကျေးဇူးတင်တယ်၊ အခုကိစ္စက ရှုပ်ထွေးလွန်းတယ်၊ ကျုပ်တို့ သိမ်းငှက်လောက်ချင်ထဲက အကူအညီယူဖို့ စီစဉ်နေကြပါတယ်'

ဝမ်လေ့က....

'သိမ်းငှက်လောက်ချစ် ဟုတ်လား'

'ဟုတ်တယ်'

'သူဟာအလွန်တော်တဲ့ လူတစ်ယောက်ပဲ၊ သူသာဆိုရင်တော့ ကောင်းကောင်းကူညီနိုင်မှာ သေချာပါတယ် ဒါထက်ဘယ်လိုဖြစ်ပျက်တာလဲဆိုတာ ကျွန်တော့်ကို ပြောပြနိုင်ရင် ပြောပြပါလား'

ယန်တမှာ တွေဝေသွား၏။

ဝမ်လေ့သည် သူ့အား ကူညီချင်၍လိုက်လာ၏။

သူ၏ အကူအညီမယူရုံမက သူ့အား ဘာမျှမပြောလျှင် ဝမ်လေ့ စိတ်မကောင်းဖြစ်သွား ပေမည်။

ယန်တက သက်ပြင်းချလိုက်ပြီး ...

'ညီလေး....ဒီကိစ္စကို လျှို့ဝှက်ထားပါ'

ဝမ်လေ့က....

'စိတ်ချပါ'

ယန်တက အဖြစ်ပျက်များကို အသေးစိတ်ပြန်ပြောလိုက်၏။

ဝမ်လေ့က အစအဆုံးနားထောင်ပြီးမှ မေးခွန်းများ တစ်ခုပြီးတစ်ခု မေးမြန်းလိုက်၏။

ယန်တမှာ ဝမ်လေ့၏မေးခွန်းများကို ဖြေရင်းမှ ဝမ်လေ့သည် ငယ်ရွယ်သော်လည်း ဉာဏ်ပညာထက်မြက်ပြီး စဉ်းစားဆင်ခြင်မှုလည်း၊ တော်သူတစ်ယောက် ဖြစ်ကြောင်း ကောင်းစွာသိရှိလိုက်ရလေသည်။



ယန်တက....

'ညီလေးကူညီချင်လဲ ကူညီပြီးစုံစမ်းပေးပါ'

ဟု ခွင့်ပြုလိုက်၏။

ဝမ်လေ့မှာ ဝမ်းသာသွား၏။

'ဟုတ်ကဲ့.... ကျွန်တော်ဒီကိစ္စကို သေသေချာချာ စုံစမ်းပါမယ်'

ယန်တက....

'ကျုပ်ကို ခွင့်ပြုပါဦး'

သူသည် ဝမ်လေ့အား နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သည်။

—

သိမ်းငှက်လောက်ချစ်…

သူ၏ အမည်ရင်းမှာ လောက်ချစ်ဖြစ်၏။

သိမ်းငှက်တစ်ကောင်း ကဲ့သို့ လျင်မြန်ပါးနပ်သောကြောင့် သိမ်းငှက်လောက်ချစ် ဟု ခေါ်ခြင်းဖြစ်သည်ဟု အချို့ကဆို၏။

အချို့ကလည်း သူ၏သိုင်းပညာသည် သိမ်းငှက်ထံမှ အခြေခံထားသောကြောင့် သိမ်းငှက်လောက်ချစ်ဟု ခေါ်သည် ဟုဆို၏။

အချို့ကလည်း လောက်၏နှာခေါင်းသည် သိမ်းငှက်နှုတ်သီးနှင့်တူ၍ သိမ်းငှက်လောက်ချစ်ဟူ ခေါ်ခြင်းဖြစ်သည်ဟု ဆိုဟု။

မည်သို့ဆိုစေ သိမ်းငှက်လောက်ချစ်သည် ထူးခြားသော လူတစ်ယောက်ဖြစ်၏။

သူသည် လူဆော်လူကောင်း တစ်ယောက်ကဲ့သို့ နေထိုင်သည့်အခါရှိသလို စာရိတ္တကောင်းဟု ထင်ရလောက်အောင် လုပ်ကိုင်သည့် အခါများလည်းရှိသည်။

အာဏာသားများနှင့် မတူသော အာဏာသား တစ်ယောက်ဖြစ်သည်။

သူသည် မှုခင်းများဖြေရှင်းရာတွင် ဥပဒေအတိုင်း လုပ်ကိုင်နေသူ မဟုတ်ပါ။

သူစိတ်ထင်ရာအတိုင်း စိတ်လွတ်ကိုယ်လွတ် ဆောင်ရွက်တတ်သူ တစ်ယောက်ဖြစ်သည်။



ထို့ကြောင့်လည်း သူသည် ထောက်လှမ်းရေးမှူးချုပ် နေရာဆက်ခံရန် နှစ်ကြိမ်တိုင် အမည်စာရင်းတင်ပြီးမှ ဖျက်ခြင်းခံရသူဖြစ်၏။

သို့သော် သိမ်းငှက်လောက်ချစ်က ရာထူးကြီးရှာစိုက်သူ တစ်ယောက်မဟုတ်ပါ။

သူသည် ဒုစရိုက်သမားများကို နှိမ်နှင်းရလျှင် ပျော်မွေ့နေသူ တစ်ယောက်ဖြစ်ပေသည်။

…၀…

နေဝန်းနီသည် အရှေ့ဘက်မှ စတင်ထွက်ပေါ်လာ၏။

အလင်းရောင်သည် လောကဘစ်ခုလုံး သာယာလှပစေ၏။

ရွှေကျွန်းရဲတိုက် တည်ရှိရာတောင်ထိပ်မှာ နေရောင်ခြည်အောက်တွင် လှပစွာတည်ရှိနေ၏။

သဘာဝအလှပများသည် မည်သည့်အခါမျှ ပျက်သုဉ်းသွားမည် မဟုတ်ပါ။

ရွှေကျားရဲတိုက်၏တောင်ဘက်တွင် လှပသော ပန်းဥယျာဉ် တစ်ခု စိုက်ပျိုးထားပေသည်။

နံနက်စောစော အိပ်ရာမှထလာပြီး ထိုပန်းဥယျာဉ်အတွင်း ရောက်ရှိလာမည်ဆိုလျှင် အလွန်လှပသောနံနက်ခင်းနှင့် သဘာ ဝအလှပများ[illegible]ဘာင်းစွာတွေ့မြင် ခံစားရမည်ဖြစ်၏။

စိတ်အေးလက်အေး အနားယူလိုသူ တစ်ယောက်အတွက် အလွန်သင့်လျော်သော နေရာတစ်ခုဟု ဆိုရပေမည်။

မောင်ကျန်မှာ နံနက် စောစောပင် အိပ်ရာထကာ ပန်းဥ ယျာဉ် အတွင်းသို့ ရောက်ရှိလာသည်။

သူသည် လှပသော နံနက်ခင်း၏ သဘာဝ အလှအပများကို ကြည့်ရှုလို၍ မဟုတ်ပါ။

စိတ်အေးလက်အေး အနားယူရန်လည်း မဟုတ်ပါ။

သဘာဝ အလှအပများကို ခံစားရင်း စိတ်အေးလက်အေး နှင့် အနားယူလိုသူ တစ်ယောက်ကို တွေ့ဆုံရန်ပင် ဖြစ်ပါသည်။

မောင်ကျန် တွေ့ဆုံလိုသော သူမှာ အခြားသူမဟုတ်ပါ။

သိမ်းငှက်လောက်ချစ်ပင် ဖြစ်ပါသည်။

မောင်ကျန်မှာ ပန်းဥယျာဉ်အတွင်း ဝင်ရောက်လာသည်။

သူသည် ပန်းဥယျာဉ်အတွင်း အတန်ကြာ လှည့်ပတ်သွား လာရင်း ရှာဖွေလိုက်[illegible]အခါ အမှတ်မထင် လူရွယ်တစ် ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူရွယ်မှာ အဖြူရောင် ဝတ်စုံကို သပ်သပ်ရပ်ရပ်ဝတ်ဆင် ထား၏။

ထိုလူ၏ အသက်မှာ သုံးဆယ်ကျော်ခန့် ရှိ၏။



ထိုလူရွယ်၏ ရုပ်ရည်မှာ ချောမောခြင်း မရှိသော်လည်း တည်ကြည်လှသည်ဟု ဆိုရပေမည်။

အထူးခြားဆုံးမှာ ထိုလူရွယ်၏ နှာခေါင်းပင် ဖြစ်သည်။

ထိုလူရွယ်၏ နှာခေါင်းသည် သိမ်းငှက်နှုတ်သီးနှင့် အတော် ပင် ဆင်တူသည် မဟုတ်ပါလား။

ထိုလူရွယ်သည် လက်နှစ်ဘက် နောက်ပစ်ကာ ပန်းဥယျာဉ် အတွင်း အေးအေးဆေးဆေး လမ်းလျှောက်နေသည်။

သူသည် ခြေလှမ်း နှစ်ဆယ်ခန့်အတွင်း ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေခြင်း ဖြစ်ပါသည်။

သူသည် အနီးသို့ မောင်ကျန် ရောက်ရှိလာသည်ကို သတိပြု မိဟန် မတူပါ။

မောင်ကျန်က ချောင်းတစ်ချက် ဟန့်လိုက်၏။

'အဟမ်း....'

မောင်ကျန်၏ ချောင်းဟန့်သံထွက်ပေါ်လာမှပင် လူရွယ်က မောင်ကျန်ဘက်သို့ လှည့်ကြည့်လိုက်သည်။

လူရွယ်မှာ မောင်ကျန်အား တွေ့လိုက်လျှင် အတော်ပင် အံ့အားသင့်သွားဟန် ရှိသည်။

'ကျားနက် အာမခံ ဌာန ခေါင်းဆောင်ကြီး ကလဲ စောစောထပြီး နံနက်ခင်း အလှအပကို ခံစားတတ်ပါလား'

ဟု နှုတ်ဆက်လိုက်၏။

မောင်ကျန်က ခေါင်းခါ ယမ်းလိုက်၏။

'မဘုတ်ပါဘူးဗျာ'

လူရွယ်က မျက်မှောင် ကုတ်သွားပြီး ...

'ဒါဆိုရင်....'

မောင်ကျန်က....

'ကျုပ်က မနက်စောစော သာသာဝ အလှအပတွေကို ငေးမောခံစားတတ်တဲ့ လူတစ်ယောက် တွေ့မလားလို့ လာပြီးရှာတာပါ'

ဟု ပြောလိုက်၏။

လူရွယ်၏ မျက်မှောင် ကုတ်သွားပြီး....

'ခင်ဗျားက ကျုပ်ကို မြှော်တာလား'

ဟု မေးလိုက်၏။

မောင်ကျန်က တစ်ချက် ပြုံးလိုက်ပြီး ...

'မင်းဟာ သိမ်းငှက်လောက်ချစ်သာ ဆိုရင်တော့ မင်းကို ပြောတာပါပဲ'

လူရွယ်က ရယ်မောလိုက်၏။

'လက်စသတ်တော့ ခင်ဗျားက ကျုပ်ကို သိနေတာကိုး'

မောင်ကျန်က....

'မင်းကတော့ ကျုပ် ဘယ်သူဆိုတာ ချက်ချင်းသိပြီးတော့ မင်းလိုလူကို ကျုပ်က သိနေတာလဲ မဆန်းပါဘူးဗျာ'

လူရွယ်သည် သိုင်းလောကတွင် ကျော်ကြား နေသော သိမ်းငှက်လောက်ချစ်ပင် ဖြစ်ပါသည်။



သိမ်းငှက်လောက်ချစ်သည် ကျော်ကြားသလောက် သော်လည်း သူသည် ရိုးရိုးပင် ဝတ်စားဆင်ယင်တတ်သည်။

ထို့အတူ စကားပြောဆိုရာတွင်လည်း မောက်မာခြင်းမရှိပါ။

သူ့အား ကြည့်ရသည်မှာ ဤနေရာတွင် ကြုံသလိုနေတတ်သူ တစ်ယောက်နှင့် တူသည်။

လောက်ချစ်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

'ခင်ဗျားက ကျုပ်ကို တွေ့ချင်နေတယ်ဆိုတော့ မိတ်ဆက်ဖို့လောက် မဘုတ်ဘူး ထင်တယ်'

ဟု ပြောလိုက်၏။

မောင်ကျန်က....

'မင်းဆီကို ဘယ်သူကများ မိတ်ဆက်ဖို့အကြောင်း တစ်ခုနဲ့ လာမှာလဲဗျ၊ ကျုပ်မှာ အလွန် အရေးကြီးတဲ့ကိစ္စ ရှိနေလို့ လာတွေ့တာပါ'

လောက်ချစ်က...

'အင်း.... ကျုပ်ကို တွေ့တဲ့လူတိုင်းက ဒီစကားမျိုးပဲ ပြောတတ်ကြပါတယ်'

ဟု တုံ့ပြန်လိုက်၏။

မောင်ကျန်က....

'ကျုပ်က အမှန်တကယ်ကို အရေးကြီးတဲ့ကိစ္စ ရှိနေလို့ပါ'

လောက်ချစ်က....

'ခင်ဗျားတို့က ကျုပ်ရဲ့ အကူအညီ လိုနေတယ် ဟုတ်လား'

မောင်ကျန်က ခေါင်းကို သွက်လက်စွာ ညိတ်လိုက်၏။

'ဟုတ်ပါတယ်'

လောက်ချစ်က....

'ကျုပ်ဆီက အကူအညီ မရရင်ကော'

မောင်ကျန်က မျက်နှာ ကွက်ခနဲ ပျက်သွား၏။

သူသည် သက်ပြင်း ချလိုက်ပြီး....

'ကျုပ်ရဲ့ မိတ်ဆွေ ခါးနှစ်လက် အာမခံ ဌာနက တုကျူးနဲ့ သူ့ကို မှီခိုနေတဲ့အဖွဲ့သား တစ်ရာကျော်ဟာဒုက္ခအကြီးအကျယ် ရောက်ကြရပါမယ်၊ တုကျူးအနေနဲ့က အသက်အရွယ်အရ သေရမှာ မကြောက်တော့ပါဘူး၊ ဒါပေမယ့် အာမခံဌာနကို မှီခိုပြီး ဘဝ ရပ်တည်နေရတဲ့ အဖွဲ့သားတွေဟာ အားလုံး ဒုက္ခတွေ့ရမယ်၊ ဘဝပျက်ကြရမယ်၊ ဘာကြောင့်လဲဆိုရင် ခါးနှစ်လက် အာမခံ ဌာန တစ်ခုလုံးဟာ ရောင်းချပစ်ရတော့မယ့် အခြေအနေမို့ပဲ၊ ဒါကြောင့် ကျုပ်က မင်းဆီက အကူအညီ လာရောက် တောင်းခံတာပါ'

ဟု ရှည်လျားစွာ ပြောပြလိုက်၏။

ထိုစကား ကြားလိုက်ရသောအခါ သိမ်းငှက်လောက်ချစ်မှာ အလွန် စိတ်ဝင်စားလာလေသည်။

သူသည် ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ ချက်ချင်းပင် ရပ်တန့်လိုက်ပြီး....



'အင်း....အလွန် ကြီးကျယ်တဲ့ ပြဿနာနဲ့ ရင်ဆိုင်နေရတယ် ဆိုတာ အမှန်ပဲ၊ ဘာကြောင့်လဲ ဘာဖြစ်လို့လဲဆိုတာ ကျုပ်ကို ပြောပြပေတော့'

ဟု ပြောလိုက်လေသည်။

မောင်ကျန်က ပန်းဥယျာဉ်အတွင်း တစ်ချက်ဝေ့ကြည့် အကဲခတ်လိုက်လေသည်။

ပြီးမှ သူက အသံတိုးတိုးဖြင့်....

'ဒီကိစ္စကို ကျုပ်မိတ်ဆွေ တုကျူးက ကျုပ်ထက်ပိုပြီးအသေးစိတ် ပြောပြနိုင်မှာပါ၊ ဒါကြောင့်အချိန်ရရင်ကျုပ်နဲ့လိုက်ခဲ့ပါ၊ ကျုပ်မိတ်ဆွေ တုကျူးနဲ့ သွားပြီး တွေ့ရအောင်'

သိမ်းငှက်လောက်ချစ်က တစ်ချက် စဉ်းစားလိုက်ပြီး....

ပြီးမှ....

'ဘယ်ကို လိုက်ရမှာလဲ'

မောင်ကျန်က....

'တုကျူးဟာ ဧည့်သည် နားနေတဲ့အခန်းမှာ ရှိပါတယ်'

သိမ်းငှက်လောက်ချစ်က....

'ကောင်းပြီ၊ ကျုပ်တို့သွားကြစို့'

ယင်းသို့ သဘောတူလိုက်လျှင် မောင်ကျန်မှာ အံ့သြဝမ်းသာသွားလေသည်။

သိမ်းငှက်လောက်ချစ်အား ဤသို့ လွယ်လွယ်ကူကူ ခေါ်၍ ရမည်ဟု သူမထင်ခဲ့ပါ။

မောင်ကျန်က ဝမ်းသာအားရဖြင့်....

'ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ....ကျုပ်နောက်ကသာ လိုက်ခဲ့ပါ'

သူသည် သိမ်းငှက်လောက်ချစ်အား တုကျူးထံသို့ ခေါ်ဆောင်သွားလေတော့သည်။

....o....

သိမ်းငှက်လောက်ချစ်မှာ အခန်းတွင်းသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

သိမ်းငှက်လောက်ချစ်အား တုကျူးနှင့် အဖွဲ့သားများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်လိုက်လေသည်။

ဆရာဟုတ်တို့လူစုမှာလည်း သိမ်းငှက်လောက်ချစ်တို့ ရောက်ရှိလာသည့်အတွက် ဝမ်းသာနေကြ၏။



သိမ်းငှက်လောက်ချစ်သည် သူတို့အခက်အခဲကို ကောင်းစွာဖြေရှင်းပေးနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ယုံကြည်နေကြလေသည်။

ယင်းအချက်ကို သိမ်းငှက်လောက်ချစ်ကလည်း ကောင်းစွာရိပ်စားမိလိုက်၏။

သူ့အပေါ် အားကိုးတကြီး ဖြင့် ကြည့်နေကြသော ဆရာဟုတ်တို့လူစုအား တွေ့သောအခါ ရင်ထဲတွင် မဖော်ပြတတ်သော ခံစားမှုတစ်ရပ်က ဝင်ရောက်လာခဲ့လေသည်။

သူသည် ခါးနှစ်လက်အာမခံဌာနကြုံတွေ့နေရသော ပြဿနာအခက်အခဲကို တတ်နိုင်သမျှ ဖြေရှင်းပေးရန် ဆုံးဖြတ်လိုက်လေသည်။

တုကျူးက ကုလားထိုင်အား ညွှန်ပြလိုက်ပြီး—

'ထိုင်ပါ....ထိုင်ပါ'

သိမ်းငှက်လောက်ချစ်က ဝင်ထိုင်လိုက်၏။

မောင်ကျန်က အခန်းတွင်းရှိလူများနှင့် သိမ်းငှက်လောက်ချစ်အား မိတ်ဆက်ပေးလိုက်သည်။

သိမ်းငှက်လောက်ချစ်က....

'အလုပ်အကြောင်းပဲ စပြောတာ ကောင်းပါတယ်ဗျာ၊ ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါ'

ဟု စတင်မေးမြန်းလိုက်၏။

မောင်ကျန်က တုကျူးဘက်လှည့်ကာ....

'ကဲ–ဘုကျူး၊ အဖြစ်အပျက်တွေကို အသေးစိတ်သာပြောပြလိုက်ပါ'

ဟု ပြောလိုက်၏။

တုကျူးက သက်ပြင်းချလိုက်သည်။

ထိုအဖြစ်အပျက်များကို သူပြန်ပြောရသည့်အကြိမ် မနည်းတော့ပါချေ။

ထပ်၍ မပြောချင်တော့ပါ။

သို့သော် သူက ငြင်းပယ်ခြင်းမပြုဘဲ အဖြစ်အပျက်များကို အစအဆုံး အသေးစိတ် ပြန်လည်ပြောလိုက်လေသည်။

သိမ်းငှက် လောက်ချစ်က တုကျူးပြောပြနေစဉ် တစ်လုံးတစ်ပါဒမျှ ဝင်မမေးဘဲ ဂရုတစိုက် နားထောင်နေသည်။

တုကျူးက သက်ပြင်းချရင်း....

'ပစ္စည်းတွေ ဘယ်လိုလုပ် အတုဖြစ်သွားတယ် ဆိုတာတော့ ကျွန်တော်လဲ မတွေးတတ်တော့ပါဘူးဗျာ'

ဟုပြောရင်း စကားအဆုံးသတ်လိုက်လေသည်။

သိမ်းငှက်လောက်ချစ်က ...

'အင်း... ဒီအမှုဟာ အတော်ရှုပ်ထွေးတာပဲ၊ ဒါကြောင့် ကူညီနိုင်တယ်၊ မကူညီနိုင်ဘူးဆိုတာကို တိတိကျကျ မပြောပါရစေနဲ့'

ဟု ပြောလိုက်၏။

မောင်ကျန်က ...

'ခင်ဗျား မကူညီနိုင်ဘူးမဟုတ်လား'



သိမ်းငှက်လောက်ချစ်က....

'ဒီလိုလဲ မဟုတ်ပါဘူး'

မောင်ကျန်က ...

'ခင်ဗျားစကားက ဘယ်လိုလဲဗျ'

သိမ်းငှက်လောက်ချစ်က ..

'ဒီကိစ္စကို ခင်ဗျားတို့ဘာတွေ ကိုယ်တိုင်ကိုယ်ကြ စုံစမ်းဖော်ထုတ်ရမယ်၊ ကျွန်တော်က အနီးကနေ တတ်နိုင်သလောက်ကူညီပေးမယ်၊ ဒါမှသာ ခင်ဗျားတို့ ပစ္စည်းတွေပြန်ရှာပြီး ကျဆင်းသွားတဲ့ ဂုဏ်သိက္ခာကို အဖတ်ဆယ်နိုင်မယ်ဗျ'

ဟု ပြောလိုက်၏။

တုကျူးက ...

'ကျုပ်က အသက်ကြီးပါပြီ၊ ဂုဏ်သိက္ခာက အရေးမဟုတ်ပါဘူး၊ အဖွဲ့သားတွေ ဒုက္ခမရောက်ရင်ဘဲ ကျေးဇူးတင်ပါပြီဗျာ'

သိမ်းငှက်လောက်ချစ်က....

'အဓိကကတော့ ပစ္စည်းတွေပြန်ရဖို့ပဲ မဟုတ်လား'

တုကျူးက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

သိမ်းငှက်လောက်ချစ်က....

'ကျုပ်သိချင်တာလေးတွေ နည်းနည်းလောက်မေးခွင့်ပြုပါခင်ဗျာ'

တုကျူးက....

'မေးပါ...မေးပါ'

သိမ်းငှက်လောက်ချစ်က....

'ဒေသတွာအတွင်းကို အာမခံပစ္စည်းတွေ ထည့်သွင်းစဉ်က ဘယ်သူရှိသလဲ'

တကျော်ူးက....

'ကျုပ်ရယ်၊ သူဌေးကြီး ချိုယာဖိုးရယ်၊ ပွဲစားစိဝမ်ဖေးရယ်၊ ဒီသုံးယောက်ပဲ ရှိပါတယ်'

သိမ်းငှက်လောက်ချစ်က အတန်ကြာ စဉ်းစားပြီးမှ....

'ခင်ဗျားတို့ကိစ္စကို ကျုပ်တတ်နိုင်သလောက် ကူညီပါမယ်၊ ခင်ဗျားတို့ဘက်ကလဲ ကြိုးစားစုံစမ်းပါ၊ ထူးခြားမှုရှိရင် ကျုပ်ကို သတင်းပို့ပါ'

တကျော်ူးက မောင်ကျန်အား လှမ်းကြည့်လိုက်၏။

မောင်ကျန်က သက်ပြင်းချလိုက်၏။

သူတို့က သိမ်းငှက်လောက်ချစ်သည် သဲလွန်စ ရနိုင်သောနေရာများကိုသွားကာ တရားခံလိုက်လံရှာဖွေသင့်သည်ဟု တွေးထား၏။

ယခုမူ သိမ်းငှက်လောက်ချစ်က သူတို့အား နှံဘေးမှ ပံ့ပိုးကူညီရုံသာ ကူညီမည်ဖြစ်သည်။

တရားခံကို မိမိတို့ဘာသာ မိမိတို့ ရှာဖွေရတော့မည် မဟုတ်ပါလား။

မောင်ကျန်မှာ အလွန်စိတ်ပျက်သွား၏။

ထို့အတူ ဆရာဟိုတို့လူစုမှာလည်း အားလျော့သွားကြလေသည်။

သိမ်းငှက်လောက်ချစ်က ပြုံးလိုက်၏။



'ခင်ဗျားတို့ စိတ်မပျက်ကြပါနဲ့၊ ခင်ဗျားတို့အ ဲသားတွေအားလုံးသာ ညီညီညွတ်ညွတ်နဲ့ ကြိုးစားလိုက်ရင် တရားခံရှာတွေ့ပြီး ပစ္စည်းတွေပြန်ရလာမှာပဲ၊ ကျုပ်လဲ တတ်နိုင်သလောက် ကူညီမယ်လို့ ကတိပေးပြီးပါပြီ၊ ကျုပ်ဟာ ကတိပေးပြီးရင် ဘယ်တော့မှ အေးအေးဆေးဆေး လက်ပိုက်ကြည့်မနေတတ်ဘူးဆိုတာ မိတ်ဆွေတို့အားလုံး နားလည်သင့်ပါတယ်'

သူသည် စကားဆုံးသည်နှင့် ထိုင်ရာမှထကာ အခန်းထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်၏။

တကျော်ူးက ဟန့်တားလိုက်သည်။

'ခဏနေပါဦး'

သိမ်းငှက်လောက်ချစ်က....

'ဘာများ ပြောစရာကျန်သေးလို့လဲ'

တကျော်ူးက....

'မိတ်ဆွေကို အမှုအပ်တဲ့အခါ ပြင်ပအမှုဆိုရင် ငွေကြေးယူတယ်လို့ သိရပါတယ်၊ အဲဒီတော့ ဘယ်လောက်ပေးရမယ်ဆိုတာ သိပါရစေ'

ဟု ဒမေးလိုက်၏။

သိမ်းငှက်လောက်ချစ်က....

' ပျောက်ဆုံးသွားတဲ့ ပစ္စည်းတန်ဖိုးဟာ အတော် ကြီးမားလှပါတယ်၊ ကျုပ်အတွက် ထိုက်သင့်တဲ့ ဆောင်ရွက်ခ ခင်ဗျားပေးနိုင်မလား'

ဟု ပြန်မေးလိုက်၏။

တကျော်ူးက သက်ပြင်းချလိုက်၏။

သူ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေ၏။

သိမ်းငှက်လောက်ချစ်က ဆက်ပြောလိုက်၏။

'ဒီကိစ္စမှာ အချိန်ကန့်သတ်ချက်ကလဲ ရှိနေတယ်၊ လျှော်ကြေးမှာပဲ နှစ်သိန်းလောက်ရှိတယ်၊ ဒီတော့ ကျုပ်ရဲ့ဆောင်ရွက်ခဟာ နှစ်သောင်းလောက် တောင်းသင့်တယ်၊ ဒါပေမယ့် ခင်ဗျားကို မှီခိုနေရတဲ့လူက တစ်ရာလောက် ရှိနေတဲ့အတွက် ကျုပ်က လျှော့ပေါ့ပြီးယူပါ့မယ်'

တကျူးက....

'ပြောပါ...ခင်...ခင်ဗျား ဘယ်လောက်ယူမှာလဲ'

သိမ်းငှက် လောက်ချစ်က လက်တစ်ချောင်း ထောင်ပြလိုက်၏။

တကျူးက အက်ပြင်းချလိုက်ပြီး....

'တစ်သောင်းလား'

သိမ်းငှက်လောက်ချစ်က ခေါင်းခါယမ်းလိုက်၏။

တကျူးက....

'ဒါဆို တစ်ထောင်လား'

သိမ်းငှက်လောက်ချစ်က ခေါင်းခါလိုက်၏။

'မဟုတ်ဘူး'

တကျူးက....

'ဒါဆို....'

သိမ်းငှက်လောက်ချစ်က....

'တစ်ကျပ်ပါ'

'ဗျာ...'



တကျူးအပါအဝင် အာမခံဌာန အဖွဲ့သားအားလုံး အံ့သြသွားပြီး ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

သိမ်းငှက်လောက်ချစ်က တကျူးတို့လူစုအား သဘောကျစွာဖြင့် ရယ်မောလိုက်၏။

ထို့နောက် အခန်းတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

....o....

ပေဟွားတို့လူစုမှာ ပျောက်ရှင်သွား၏။

ဆရာဟုတ်တို့ အဖွဲ့သားများမှာလည်း ပျော်ရွှင်နေကြ၏။ ယခုမှ အားလုံးက စိတ်လက် ပေါ့ပါးသွားကြလေသည်။

သိမ်းငှက်လောက်ချစ်က ဘုတ်တို့အား ကူညီမည်ဟု ကတိပေးသွားခဲ့သည် မဟုတ်ပါလား။

သိမ်းငှက်လောက်ချစ်သည် အလွန်ထူးချွန်သော လူ တစ်ယောက် ဖြစ်၏။

သိမ်းငှက်လောက်ချစ်သော ကူညီပါက သူတို့၏ပြဿနာများ ပြေလည်သွားလိမ့်မည်ဟု အားလုံးက ယုံကြည်အားထားခဲ့သည် မဟုတ်ပါလား။

—၀—

ဝမ်လှေက....

'အစ်ကိုကြီး အခြေအနေ ကောင်းတယ်ထင်တယ်'

သူသည် ပြုံးရွှင်နေသော ယန်တာအား တွေ့လိုက်သည်နှင့် မေးမြန်းလိုက်လေသည်။

ယန်တာက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်'

ဝမ်လှေက....
'သဲလွန်စရလို့လား'



ယန်တာက....
'သဲလွန်စကြောင့် မဟုတ်ပါဘူး'

ဝမ်လှေက....
'ဒါဆို ဘာကြောင့်လဲ'

ယန်တာက....
'သိမ်းငှက်လောက်ချစ်က အစ်ကိုတို့ကို ကူညီမယ်လို့ ကတိပေးလိုက်လို့ပါ'

ဝမ်လှေက ဝမ်းသာသွား၏။

'အစ်ကိုတို့ ကံကောင်းတာပဲ'

ယန်တာက....
'ဟုတ်တယ်၊ သူသာ ကူညီမယ်ဆိုရင် အစ်ကိုတို့ပစ္စည်းတွေ ပြန်ရမယ်လို့ ယုံကြည်သွားတယ်၊ ဒါထက် ညီလေးကော ဘာသဲလွန်စ ရှာတွေ့သလဲ'

ဝမ်လှေက ပြုံးလိုက်၏။
'ကျွန်တော် စဉ်းစားတွေးတောကြည့်သလောက် အပြင်လူ တစ်ယောက် ဘယ်လိုမှ ခိုးဝှက်လို့မရအောင် အစ်ကိုတို့ရဲ့ လုံခြုံရေးအစီအမံက ကောင်းပါတယ်'

ယန်တာက...
'ဟုတ်တယ်၊ တန်ဖိုးကြီးတဲ့ပစ္စည်း ပို့ဆောင်ရတာဆိုတော့ အထူး ဂရုစိုက်ခဲ့ပါတယ်'

ဝမ်လေ့က....

'ဒါကြောင့် ပစ္စည်းယူနိုင်တဲ့လူ အလွန် နည်းပါးပါတယ်'

ယန်တက....

'ညီလေးက ဘယ်သူ့ကို သံသယရှိလို့လဲ'

ဝမ်လေ့က....

'အဖွဲ့သားတွေဟာ ဒီပစ္စည်းကို မြင်တွေ့ချိန်တောင် မရှိခဲ့ပါဘူး'

ယန်တက မျက်မှောင်ကုတ်သွား၏။

'ညီလေးထင်တာက....'

ဝမ်လေ့က....

'အခုချိန်အထိ တွေးတောမိသမျှတော့ ပစ္စည်း လဲလှယ်နိုင်သူဟာ သူဌေးကြီးချူယီဖုံးနဲ့ အစ်ကိုတို့ခေါင်းဆောင်တုကျိုးတို့နှစ်ယောက်ပဲ'

ယန်တက ခေါင်းခါယမ်းလိုက်၏။

'မဖြစ်နိုင်ဘူး'

ဝမ်လေ့က....

'ဟုတ်ကဲ့၊ သူဌေးကြီးချူယီဖုံးက ကိုယ့်ပစ္စည်းကို ပြန်ခိုးမှာ မဟုတ်သလို အစ်ကိုတို့ခေါင်းဆောင် တုကျိုးကလဲ ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ်မှာတော့ မဟုတ်ပါဘူး'

ယန်တက....

'အဖြေရှာလေ ပိုဝေးလေပါပဲ'

ဝမ်လေ့က ...

'ကျွန်တော်တော့ ပိုပြီး စိတ်ဝင်စားလာတယ်'



ယန်တက....

'ညီလေး ထူးခြားတာတွေ့ရင်တော့ ကျုပ်ကို သတင်းပို့ပါ'

ဝမ်လေ့က....

'ကောင်းပါပြီ၊ ကဲ....ကျွန်တော် သွားလိုက်ဦးမယ်'

သူသည် ယန်တအား နှုတ်ဆက်ကာ ဧည့်ခန်းဆောင်ဘက်သို့ ပြန်ထွက်သွားလေတော့သည်။

....o....

သိမ်းငှက်လောက်ချစ်သည် ပန်းဥယျာဉ်အတွင်းသို့ ဒုတိယအကြိမ် ပြန်၍လည်း ရောက်ရှိလာခဲ့၏။

ပန်းဥယျာဉ်အတွင်း ဝင်လိုက်မိသည်နှင့် လူတစ်ယောက်အား လှမ်းတွေ့လိုက်လေသည်။

ထိုလူမှာ သူ့အား စိတ်ရှည်လက်ရှည်နှင့် စောင့်ဆိုင်းနေဟန် ပေါ်၏။

ထိုလူအား သူ ကောင်းစွာသိ၏။

ထိုလူသည် သိုင်းလောကတွင် နာမည်ကျော် သိုင်းသမား တို့စံပင် ဖြစ်ပါသည်။

တို့စံသည် အသက်လေးဆယ်ကျော်ပြီ ဖြစ်၏။

သိုင်းလောကတွင် တစ်ကိုယ်တော်ကျင်လည်ကျက်စားသော သိုင်းသမားတစ်ယောက်လည်း ဖြစ်သည်။

သူသည် တစ်ကိုယ်တော်ကျင်လည်သည့်အပြင် မိတ်ဆွေ အလွန်နည်းပါးသူတစ်ယောက်လည်း ဖြစ်ပေသည်။

သိုင်းသမား တို့စံတွင်ရှိသော မိတ်ဆွေများအား လက်ချိုး ရေတွက်နိုင်၏။

ထိုအထဲတွင် သိမ်းငှက်လောက်ချစ်လည်း တစ်ယောက်အပါ အဝင် ဖြစ်ပါသည်။

သိမ်းငှက်လောက်ချစ်က....

‘ခင်ဗျားရောက်နေတာ အတော်ကြာပြီလား’

ဟု လှမ်း၍နှုတ်ဆက်လိုက်သည်။

တို့စံက ပြုံးပြလိုက်ပြီး....

‘မင်းက ဘယ်တွေ သဝထိုးနေတာလဲ၊ မင်းကို လူတစ် ယောက်က အလွန်တွေ့ချင်နေတယ်ဗျ’

ဟု ပြောလိုက်သည်။

သိမ်းငှက်လောက်ချစ်က မျက်မှောင်ကုတ်သွားပြီး....

‘ဘယ်သူများလဲ’

တို့စံက....

‘တယုန်ကျောင်း’



သိမ်းငှက်လောက်ချစ်က....

‘ဒီလူကို ကျုပ်မသိပါလား’

တို့စံက....

‘သူ့သခင်ကိုတော့ ခင်ဗျားသိမှာသေချာတယ်’

သိမ်းငှက်လောက်ချစ်က....

‘သူ့သခင်က ဘယ်သူမို့လဲ’

တို့စံက....

‘သူဌေးကြီး လျှုပင်း’

သိမ်းငှက်လောက်ချစ်က သက်ပြင်းချလိုက်ပြီး....

‘သူတို့က ကျုပ်ကို ဘာကိစ္စနဲ့ တွေ့ချင်နေရတာလဲ’

တို့စံက ပခုံးတစ်ချက်တွန့်လိုက်၏။

‘ဒါကတော့ ကျုပ်လဲဘယ်သိမှာလဲ၊ သူ့ကိုသွားမေးမှသိရ မှာပေါ့’

သိမ်းငှက်လောက်ချစ်က....

‘တော်ပါပြီ၊ မေးလဲမနေတော့ပါဘူး၊ သိလဲမသိချင်တော့ ပါဘူးဗျာ’

တို့စံက သဘောကျစွာ ရယ်မောလိုက်သည်။

‘ဟား....ဟား....ဘာပဲဖြစ်ဖြစ် ဒီလူတွေနဲ့ဆက်ဆံရင် မင်း ကောင်းကောင်း အခကြေးငွေရမှာပဲ’

သိမ်းငှက်လောက်ချစ်က နှာခေါင်းရှုံ့လိုက်၏။

‘တော်စမ်းပါဗျာ’

တို့စံက....

'ကဲ....ကျုပ်သွားမယ်၊ ညကျမှ ဆုံကြသေးတာပေါ့'

သိမ်းငှက်လောက်ချစ်အား နှုတ်ဆက်ကာ ဥယျာဉ်အတွင်းမှ ထွက်ခွာသွားလေသည်။

သိမ်းငှက်လောက်ချစ်မှာ ပန်းဥယျာဉ်အတွင်း ဆက်၍နေထိုင်လိုစိတ်မရှိသောကြောင့် သူ့အခန်းဘက်သို့ ပြန်လျှောက်လာခဲ့လေတော့သည်။

....o....

သိမ်းငှက်လောက်ချစ် မျက်မှောင်ကုတ်သွား၏။

သူ၏အခန်းတံခါးအား တစ်စုံတစ်ယောက် ဖွင့်ခဲ့ကြောင်း ရင့်ကျက်သော အတွေ့အကြုံများအရ ရိပ်မိလိုက်သည်။

သိမ်းငှက်လောက်ချစ်က မဲ့လိုက်ပြီး အခန်းတံခါးဖွင့်ကာ အထဲသို့ လှမ်းဝင်လိုက်လေသည်။

အခန်းတွင်း၌ လူယစ်ယောက်ထိုင်နေသည်။



ထိုလူသည် သူ့အား စိတ်ရှည်လက်ရှည်နှင့်ထိုင်ကာ စောင့်နေဟန်ရှိပေသည်။

သိမ်းငှက်လောက်ချစ်က ထိုလူအား အကဲခတ် ကြည့်လိုက်လေသည်။

အသက်သုံးဆယ်ကျော်ခန့်ရှိပြီး အဖိုးတန်ဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထား၏။

သူဌေးတစ်ဦးဟန်မျိုး ရှိသော်လည်း သိုင်းပညာ တတ်မြောက်ကြောင်း ရိပ်မိလိုက်သည်။

သိမ်းငှက်လောက်ချစ်က....

'မင်း ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်အခန်းထဲ ကျူးကျော်ဝင်နေရတာလဲ'

ဟု မေးလိုက်၏။

ထိုလူက ထိုင်ရာမှထကာ ရှိသေစွာ ဂါရဝပြုလိုက်သည်။

'ခင်ဗျားရဲ့အခန်းထဲကို ကျူးကျော်ဝင်နေခဲ့တာကိုခွင့်လွှတ်ပါခင်ဗျာ၊ ကျုပ်က တယန်ကျောင်းပါ'

သိမ်းငှက်လောက်ချစ်က မျက်မှောင်ကုတ်သွား၏။

'ခင်ဗျားက သူဌေးကြီးလျူပင်းရဲ့....'

တယန်ကျောင်းက....

'ဟုတ်ကဲ့၊ ကိုယ်ရံတော်ချုပ်ပါ'

သိမ်းငှက်လောက်ချစ်က....

'မဖိတ်ခေါ်ဘဲနဲ့ရောက်လာရအောင် ဘာကြောင့် ကျုပ်ကို လိုက်တွေ့ချင်နေသလဲဆိုတာ ပြောပါ'

တယန်ကျောင်းက....
'ကျုပ်က သူဌေးကြီးလျှုပင်းကိုယ်စား ရောက်ရှိလာတာပါ၊ မိတ်ဆွေထံက အကူအညီလိုချင်လို့ပါ'

သိမ်းငှက်လောက်ချစ်က....

'အကူအညီ ဟုတ်လား'
'ဟုတ်ပါတယ်'
'ကျုပ်က ဘာအကူအညီများ ပေးရမှာလဲ'

တယန်ကျောင်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီးမှ....
'ကျုပ်တို့သူဌေးကြီး လျှုပင်းဟာ အလွန်ချမ်းသာ ကြွယ်ဝတဲ့ သူဌေး တစ်ယောက်ပါ၊ ရွှေငွေရတနာများစွာကို စုဆောင်းထားခဲ့ပါတယ်'

သိမ်းငှက်လောက်ချစ်က....
'အဲဒီတော့ ဘာဖြစ်သလဲ'

တယန်ကျောင်းက....
'အခု သူ စုဆောင်းထားတဲ့ ရွှေငွေရတနာပစ္စည်းတွေအားလုံး ပျောက်သွားလို့ပါ'

'ဗျာ....'

သိမ်းငှက်လောက်ချစ်မှာ မျက်လုံးပြူးသွားသည်။
သူသည် သိုင်းလောကသားတစ်ယောက် ဖြစ်သော်လည်း သူဌေးကြီးလျှုပင်းကို ကောင်းစွာသိ၏။



သူဌေးကြီးလျှုပင်း အဘယ်မျှထိ ချမ်းသာ ကြွယ်ဝသည်ကိုလည်း သူက ကောင်းစွာသိထား၏။
သိမ်းငှက်လောက်ချစ်က မယုံကြည်နိုင်သော လေသံဖြင့် တယန်ကျောင်းအား ပြန်မေးလိုက်လေသည်။
'ရွှေငွေရတနာပစ္စည်း အားလုံး ပျောက်ဆုံးသွားတယ် ဟုတ်လား'

တယန်ကျောင်းက....

'ဟုတ်ပါတယ်'

သိမ်းငှက်လော...ချစ်က....
'ကျုပ် သိသလောက်ဆိုရင်တော့ သူဌေးကြီး လျှုပင်းဟာ အလွန် ချမ်းသာတယ်၊ သူ စုဆောင်းထားတဲ့ ရွှေငွေရတနာတွေဟာလဲ အလွန် များပြားတယ်၊ ပျောက်သွားတယ်ဆိုတော့ ဓားပြတိုက်ခံရတာလား၊ သူခိုး ခိုးခံရတာလား'

တယန်ကျောင်းက....
'ခိုးသွားတာပါ'

သိမ်းငှက်လောက်ချစ်က မျက်မှောင်ကုတ်သွား၏။
အမှန်ဆိုလျှင် ဤမျှ များပြားသော ရွှေငွေရတနာများအား ခိုးယူသွားရန်မှာ လွယ်ကူမည် မဟုတ်ပါ။
မည်သူမျှမသိအောင် ခိုးယူသွားရခြင်းက ပို၍ ခက်ခဲပေမည်။
သိမ်းငှက် လောက်ချစ်က....
'အဖြစ်အပျက်ကို ပြောပါဦး'

တာယန်ကျောင်းက ရွှေငွေရတနာများ အခိုးခံရပုံကို သေချာစွာ ပြောပြလိုက်၏။

သိမ်းငှက်လောက်ချစ်က....

'မြေတိုက် တံခါးသော့ကို ဘယ်လို ဖွင့်ဝင်သလဲ'

တာယန်ကျောင်းက....

'ဘာမှ လက်ရာခြေရာမပျက်ပါဘူး၊ သော့တူနဲ့ ဖွင့်ဖို့ဆိုတာ မှာလဲ ဒီမြေတိုက်ခန်းသော့ဟာ အထူး စီမံပြုလုပ်ထားပြီး သူဌေးကြီး လျှုပင်းက နေ့ညမပြတ် ကိုယ်နဲ့မကွာဘဲ ထားလေ့ရှိပါတယ်'

သိမ်းငှက်လောက်ချစ်က....

'သူခိုးက သေသေချာချာ အကွက်ချစီစဉ်ပြီးမှ ခိုးယူသွားတာပဲ'

တာယန်ကျောင်းက....

'ဟုတ်ပါတယ်'

သိမ်းငှက်လောက်ချစ်က....

'ကောင်းပြီလေ၊ ကျုပ် ဒီကိစ္စ စဉ်းစားပါမယ်'

တာယန်ကျောင်းက....

'ခင်ဗျား အကူအညီမပေးနိုင်ဘူးလား ၊ ကူညီပါဗျာ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး အစောင့်တွေ ဒုက္ခရောက်နေပါတယ်'

သိမ်းငှက်လောက်ချစ် တွေဝေသွား၏။



သူသည် တစ်ကိုယ်ကောင်းဆန်သော သူဌေးကြီး လျှုပင်းအား ကြည့်မရပါ။

ကူညီချင်စိတ်လည်း မရှိပါ။

ထို့အပြင် သူက သူဌေးများနှင့်လည်း မပတ်သက်ချင်ပါ။

သို့သော် ပစ္စည်းလုံခြုံရေးတာဝန်ယူထားရသူ အစောင့်များ ဒုက္ခရောက်ရမည်ကို ကိုယ်ချင်းစာမိ၏။

ထိုမျှ မကသေးပါ။

အလွန် ဥာဏ်သွားလှသော သူခိုးကိုလည်း သူက စိတ်ဝင်စားနေမိ၏။

သိမ်းငှက်လောက်ချစ်က....

'လောလောဆယ် ကျုပ်မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိသေးတယ်၊ ဒီတော့ ဒီကိစ္စပြီးရင်တော့ ကူညီပါမယ်'

တာယန်ကျောင်းက....

'ကျုပ်တို့ကိစ္စကို အရင်....'

သိမ်းငှက်လောက်ချစ်က လက်ကာပြလိုက်၏။

'ကျုပ်အနေနဲ့ အစောင့်တွေကို ကိုယ်ချင်းစာလို့ အကူအညီပေးမယ် ပြောတာပါ၊ ခင်ဗျားတို့ အရေးကြီးနေရင် တစ်ခြားလူထံက အကူအညီ သွားတောင်းပါ'

ဟု ပြတ်သားစွာ ပြောလိုက်၏။

တာယန်ကျောင်း မျက်နှာပျက်သွား၏။

'ဟာ...မဟုတ်ပါဘူး၊ ခင်ဗျားကူညီမယ်ဆိုရင်ပဲ ကျေနပ်လှပါပြီဗျာ'

သိမ်းငှက်လောက်ချစ်က....

'ကျုပ်အခန်းထဲက အမြန်ဆုံး ထွက်သွားဖို့ပါပဲ'

တယုယန်ကျောင်းက သက်ပြင်းချလိုက်၏။

သူသည် သိမ်းငှက်သောက်ချစ်အားဂါရဝပြုလိုက်ပြီးနောက် အခန်းထဲမှ ထွက်သွားလေတော့သည်။

…ြ…

သိမ်းငှက်လောက်ချစ်သည် အိပ်ရာထက်တွင် လဲလျောင်းလိုက်၏။

ယနေ့နံနက်ပိုင်းတွင်ပင် သူက မျှော်လင့်မထားခဲ့ အမှုနှင့်ခုကို လက်ခံလိုက်ရ၏။

ထိုနှစ်မှုစလုံးသည် အလွန် ထူးဆန်းနေ၏။

အပြေရှာမရအောင် ရှုပ်ထွေးလွန်းလှ၏။

စနစ်တကျ အကွက်ချပြီးမှ ပိရိစွာ ခိုးယူသွားခြင်း ဖြစ်၏။

ခေါးနှစ်လက်အာမခံဌာနအမှုက ပို၍ရှုပ်ထွေး၏။



စဉ်းစားလေ ရှုပ်လေပင်။

သိမ်းငှက်သောက်ချစ်က သက်ပြင်းချလိုက်ပြီး သူဌေးကြီးလျှုပင်းအမှုကို စဉ်းစားလိုက်၏။

သူဌေးကြီးလျှုပင် ၏ များပြားသော ရွှေငွေရတနာများကို ခိုးယူသွားခြင်းကမူ ရိုးရှင်း၏။

တုယန်ကျောင်း၏ တွေးတောချက်နှင့် စုံစမ်းချက်တို့ မဆိုးလှပါ။

သူခိုးခြေရာပျောက်သွား၍သာ တုယန်ကျောင်းလက်လျှော့သွားရခြင်း ဖြစ်သည်။

သိမ်းငှက်လောက်ချစ်က အမှုကိုအစအဆုံး တစ်ခေါက်ပြန်၍ စဉ်းစားပြန်၏။

သူဌေးကြီးလျှုပင်း၏ မြေတိုက်ခန်းအား ဖောက်ထွင်း၍ ခိုးယူသွားခြင်း မဟုတ်ပါ။

အထူးစီမံထားသော တံခါးကိုပင်ဖွင့်တာ ခိုးယူသွားခြင်း ဖြစ်သည်။

ထိုသော့၏ လျှို့ဝှက်ချက်ကိုလည်း သူဌေးကြီးလျှုပင်း တစ်ယောက်သာ သိ၏။

လောက၌ လျှို့ဝှက်ချက်ဆိုသည်မှာ ကြာရှည် မတည်မြဲပါချေ။

သူဌေးကြီးလျှုပင်း၏ တံခါးသော့လျှို့ဝှက်ချက် ပေါက်ကြားသွား၍လော။

သို့တည်းမဟုတ် သော့ကိုဖွင့်နိုင်သော သော့ဝိဇ္ဇာတစ်ဦး၏ လက်ချက်လော။

သိမ်းငှက်လောက်ချစ်မှာ ထိုသို့တွေးမိလိုက်သည်နှင့် လူတစ်ယောက်အား သတိရသွားသည်။

ထိုလူကား သော့ဝိဇ္ဇာမှန်ယုပင် ဖြစ်သည်။

သိမ်းငှက်လောက်ချစ်မှာ အိပ်ရာထက်မှ ဝေါက်ခနဲ ထထိုင်လိုက်၏။

သော့ဝိဇ္ဇာမှန်ယုသည် မည်မျှခိုင်မာသည့် တံခါးကိုမဆို အလွယ်တကူဖွင့်နိုင်သည် မဟုတ်ပါသော။

ထိုမျှသာ မကသေးပါ။

သော့ဝိဇ္ဇာမှန်ယုကို အထင်မှား၍လည်း မဖြစ်ပါ။

သော့ဝိဇ္ဇာမှန်ယုသည် အဖြူရောင်သိုင်းသမားစစ်စစ် တစ်ဦး မဟုတ်သော်လည်း နာမည်ပျက်ရှိသူတစ်ယောက်ကား မဟုတ်ပါချေ။

သိမ်းငှက်လောက်ချစ်က ဘာပဲဖြစ်ဖြစ် သော့ဝိဇ္ဇာမှန်ယုကိုလည်း သံသယရှိသူစာရင်းတွင် ထည့်သွင်းလိုက်၏။

ထိုစဉ်....

'ဒေါက်....ဒေါက်....ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာ၏။

သိမ်းငှက်လောက်ချစ်က မျက်မှောင်ကုတ်သွား၏။



'ဝင်ခဲ့ပါ၊ တံခါးစေ့ထားတယ်'

ဟု လှမ်းပြောလိုက်၏။

သူ၏အသံ ဆုံးသွားသည်နှင့် အခန်းတံခါးက ဖြည်းညှင်းစွာ ပွင့်သွားသည်။

အခန်းတံခါးဝတွင် အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ယောက်ကို တွေ့လိုက်ရ၏။

ထိုလူမှာ အသက်ခြောက်ဆယ်ခန့်ရှိသော အဘိုးအိုတစ်ဦး ဖြစ်၏။

ထိုအဘိုးအိုအား တွေ့လိုက်ရသောအခါ သိမ်းငှက်လောက်ချစ်၏ မျက်ခုံးအစုံမှာ နဖူးပေါ်သို့ ခုန်တက်သွားလေတော့သည်။

သိမ်းငှက်လောက်ချစ်က လက်နှစ်ဘက်ဆုပ်လိုက်ပြီး....

'သော့ဝိဇ္ဇာ မှန်ယုပါလား၊ ကြိုဆိုပါတယ်'

ဟု ပြောလိုက်၏။

တံခါးဝတွင် ရပ်နေသူမှာ သော့ဝိဇ္ဇာ မှန်ယုပင် ဖြစ်ပါသည်။

သော့ဝိဇ္ဇာမှန်ယု၏မျက်နှာက ညှိုးနေ၏။

အဝတ်အစားမှာလည်း သေသပ်မှုမရှိပါ။

ရုပ်ရည်မှာလည်း ရှိရင်းစွဲအသက်ထက် ပို၍ကြီးရင့်နေသလို ထင်ရပေသည်။

သော့ဝိဇ္ဇာမှန်ယုက....
'ကျုပ်ကို ဝင်ခွင့်ပြုပါ'
ဟု ခွင့်တောင်းလိုက်၏။

သိမ်းငှက်လောက်ချစ်က....
'ဝင်ခဲ့ပါ'

သူသည် သော့ဝိဇ္ဇာမှန်ယုအား နေရာထိုင်ခင်း ပေးလိုက်လေ၏။

စောစောကပင် သူက မှန်ယုအကြောင်း တွေးတောနေရာ ယခု မမျှော်လင့်ဘဲရောက်ရှိလာသောကြောင့် အံ့အားသင့်သွားမိ၏။

တွေ့ဆုံခိုက်တွင် မှန်ယုအား မသိမသာအကဲခတ် စကားတောက်ကြည့်ရန် ဆုံးဖြတ်လိုက်၏။

မှန်ယုက....
'တော်ပါသေးရဲ့၊ ကျုပ်ကမင်းနဲ့ တွေ့မှ တွေ့ပါ့မလားလို့'
ဟု စတင်ပြောလိုက်၏။

သိမ်းငှက်လောက်ချစ်က....
'ကျွန်တော့်ကိုတွေ့ချင်နေတာ ဘာကိစ္စများရှိလို့လဲ'

မှန်ယုက....
'မင်းဆီက အကူအညီ တောင်းချင်လို့ပါ'
သိမ်းငှက်လောက်ချစ်မှာ ထိုစကားကို ကြားရသောအခါ မျက်လုံးပြူးကျယ်သွား၏။



'ဗျာ.... ကျွန်တော့်ဆီက အကူအညီလိုချင်လို့ ဟုတ်လား'
မှန်ယုက....
'ဟုတ်ပါတယ်၊ မင်းရဲ့အကူအညီကို မဖြစ်မနေ ရယူဖို့ လိုအပ်နေလို့ပါ'

သိမ်းငှက်လောက်ချစ်က....
'ကဲ... ဘာများဖြစ်လာသလဲဆိုတာ ပြောပါဦး'

မှန်ယုက သက်ပြင်းချလိုက်၏။

သူသည် အတန်ကြာသည်အထိ ပြောမထွက်ဘဲ ရှိနေ၏။
သိမ်းငှက်လောက်ချစ်က....
'ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်း ပြောပါ'
ဟု ထပ်ပြောလိုက်၏။

မှန်ယုက....
'ဒီကိစ္စကို မင်းအနေနဲ့ လျှို့ဝှက်ထားဖို့ ကျုပ်မေတ္တာရပ်ခံပါရစေ'

သိမ်းငှက်လောက်ချစ်က ပြုံးလိုက်၏။
'ဒါတွေကို ကျွန်တော် နားလည်ပါတယ်၊ ပြောစရာသာ ပြောပါ'
မှန်ယုက....
'လောကမှာ ကျုပ်မဖွင့်နိုင်တဲ့တံခါး သော့မရှိဘူးဆိုတာ မင်းသိမှာပါ'
သိမ်းငှက်လောက်ချစ် ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့'

သော့ဝိဇ္ဇာ မှန်းယုက....

'ကျုပ်လဲ ဒီပညာတွေကို ဘယ်သူ့ကိုမှ သင်ကြားမပေးခဲ့ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ပညာအမွေ ဆက်ခံတဲ့သူဟာ ရှိးသားမှုမရှိရင် ပြည်သူတွေ ဒုက္ခရောက်ရဦးမယ်'

သိမ်းငှက်လောက်ချစ်က ခေါင်းညိတ်လိုက်၏။

'မှန်ပါတယ်'

မှန်ယုက....

'စိတ်ချရတဲ့ တပည့်ရှာဖွေရင်းနဲ့ပဲ ကျုပ်အသက်အရွယ် ထောက်လာခဲ့ပြီ၊ တကယ်လို့များ ကျုပ်သာ သေဆုံးသွားခဲ့ရင် ကျုပ်ရဲ့ပညာတွေ ပျောက်ကွယ်ဆုံးရှုံးသွားမှာကို ကျုပ်မလိုလားဘူး'

သိမ်းငှက်လောက်ချစ်မှာ မှန်ယု၏ ရှည်လျားသော စကားကို စိတ်ရှည်ရှည်ထားကာ နားထောင်လိုက်၏။

မှန်ယုက ဆက်ပြောလိုက်၏။

'ဒါကြောင့် ကျုပ်မသေခင် ကျုပ်ဘတ်ကျမ်းသမျှ ပညာရပ်တွေကို ကျမ်းတစ်စောင် ပြုစုခဲ့ပါတယ်၊ အခုတော့....

သိမ်းငှက်လောက်ချစ်က....

'အဲဒီကျမ်းစာအုပ် ပျောက်ဆုံးသွားတယ်ဆိုပါတော့'



မှန်ယုက မျက်လုံးပြူးသွားပြီး....

'ဟင် ... ဒီ.... ဒီကိစ္စ မင်း....မင်းဘယ်လိုလုပ် သိတာလဲ'

ဟု အထိတ်တလန့်နှင့် မေးလိုက်၏။

သိမ်းငှက်လောက်ချစ်က....

'ကျုပ်မသိပါဘူး၊ ခင်ဗျားပြောစကားနဲ့ ရောက်လာပုံကို ဆက်စပ်ပြီး မေးကြည့်တာပါ'

မှန်ယုက....

'ဟုတ်တယ်၊ ကျုပ်ရဲ့ ကျမ်းစာအုပ်ဟာ ပျောက်ဆုံးသွားပါတယ်၊ ဒီကိစ္စကို မင်းကူညီစုံစမ်းပေးဖို့ ကျုပ် မေတ္တာရပ်ခံပါတယ်၊ ဒီကျမ်းစာအုပ်သာ မသမာသူလက်ထဲရောက်သွားရင် နေ့စဉ်နဲ့အမျှ လူတွေဒုက္ခရောက်ဖို့ပဲ ရှိပါတယ်'

သိမ်းငှက်လောက်ချစ်က....

'ဟုတ်ကဲ့၊ ပျောက်ဆုံးသွားပုံကို ပြောပြပါဦး'

မှန်ယုက....

'အဲဒီအချိန်က ကျုပ်က အိမ်မှာမရှိဘူး၊ ကျုပ်မိတ်ဆွေတင်းပုကျိုထံသွားဖို့ ထွက်လာခဲ့ပါတယ်၊ ကျုပ်ထွက်လို့မှ နှစ်ရက် မပြည့်သေးဘူး ကျုပ်အိမ်မှာ ပြဿနာဖြစ်ပွားတဲ့ သတင်းရလို့ ပြန်လာခဲ့ရတယ်'

'ဟုတ်ကဲ့ ပြောပါဦး'

'ကျွန်ုပ်အိမ်မှာ အစောင့်သုံးယောက်ရှိပြီး နှစ်ယောက်က ယျွန်ုပ်အိမ်မှာနေတယ်၊ နောက်တစ်ယောက်ကတော့ မြို့ဝန်အိမ်မှာ နေထိုင်ပါတယ်၊ အဲဒီနေ့ညမှာ မသမာသူတစ်စုက ကျွန်ုပ်ရဲ့ အိမ်ထဲ ကျူးကျော်ဝင်ခဲ့ပြီး ကျွန်ုပ်ရဲ့ အစောင့်နှစ်ယောက်ကို သတ်ပြီး ကျွန်ုပ်ရဲ့ ကျမ်းစာအုပ်ကို ယူဆောင်သွားခဲ့တာပဲ'

သိမ်းငှက်လောက်ချစ်က...

'တရားခံ ဘယ်သူလို့ ထင်သလဲ'

မှန်ယုက....

'မြို့ဝန်ရဲ့ အာဏာသားတွေ စစ်ဆေးချက်အရ သိုင်းလောကသားနှမ်ယောက်၊ ဒါမှမဟုတ် အဆင့်မြင့်သိုင်းသမားတစ်ဦး ဖြစ်တယ်လို့ ဆိုပါတယ်'

လောက်ချစ်က....

'သေဆုံးသွားတဲ့ အစောင့်တွေကိုယ်ပေါ်က ဘာသဲလွန်စ များ ရခဲ့သလဲ'

မှန်ယုက....

'သဲလွန်စအဖြစ် ခြေရာလက်ရာမရှိဘူး၊ ကျွန်ုပ်အစောင့်နှစ်ယောက်စလုံး သွေးကြောပိတ်ခံရပြီး သေဆုံးခဲ့တာပါ'

သိမ်းငှက်လောက်ချစ်က....

'ခင်ဗျား အစောင့်တွေရဲ့ သိုင်းပညာ အဆင့်အတန်းက ကော'



သော့ဝိဇ္ဇာမှန်ယုက....

'သူတို့ဟာ တော်ရုံရန်သူကို ကောင်းကောင်း ရင်ဆိုင်နိုင်ပါတယ်၊ အခု ကျွန်ုပ်ခန့်မှန်းရသလောက်က သူတို့အငိုက်မိသွားတာ မဟုတ်ရင်တော့ တရားခံရဲ့သိုင်းပညာဟာ အလွန်မြင့်မားလို့ပဲ ဖြစ်ရမယ်'

သိမ်းငှက်လောက်ချစ်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

သူသည် ထပ်၍သိလိုသည်များ မေးမြန်းလိုက်သည်။

သော့ဝိဇ္ဇာမှန်ယုကလည်း သိသမျှ ဖြေကြားလိုက်ပြီး....

'ဒီကိစ္စကို ကျွန်ုပ်လဲ တတ်နိုင်သလောက် ကြိုးစားစုံစမ်းပေမယ့် အခုထက်ထိ တရားခံကိုမရှာနိုင်ခဲ့ပါဘူး၊ မင်းတစ်ယောက်ပဲ ကျွန်ုပ်ကို ကူညီနိုင်မယ် ထင်ပါတယ်'

သိမ်းငှက်လောက်ချစ်က....

'ဟုတ်ကဲ့ ကျွန်ုပ်ကူညီချင်ပါတယ်.... ဒါပေမယ့် ကျွန်ုပ်မှာ လက်ခံထားတဲ့အမှုတွေက ရှိနေတော့....'

သော့ဝိဇ္ဇာမှန်ယုက....

'ကျွန်ုပ်ပေးတာ မဟုတ်ပါဘူး၊ ဒီကျမ်းစာအုပ်ဟာ မသမာသူတွေ လက်ထဲတစ်ချက်ရှိရင် ပြည်သူတွေအတွက်အန္တရာယ် ရှိနေတာကို မမေ့စေချင်ပါဘူး'

သိမ်းငှက်လောက်ချစ်က သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ၊ ခင်ဗျားလဲကြိုးစား စုံစမ်းပါ၊ ကျုပ်လဲ တတ်နိုင်သလောက် ကြိုးစားစုံစမ်းပေးပါ့မယ်'

သော့ဝိဇ္ဇာမှန်ယုက ယခုမှ စိတ်သက်သာဟန်ဖြင့်....

'ကျေးဇူးပါပဲဗျာ၊ တရားခံ အမြန်ဆုံး ရှာတွေ့ပါစေလို့ ကျုပ် ဆုတောင်းပါတယ်'

သူသည် သိမ်းငှက်လောက်ချစ်အား နှုတ်ဆက်ကာ အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

....o....

သိမ်းငှက်လောက်ချစ်မှာ အခန်းတွင်း၌ ထိုင်နေသည်။

ယနေ့တစ်နေ့တည်း သူကမှူခင်းသုံးခုတိတိ လက်ခံလိုက်ရပြီ မဟုတ်ပါလား။



ခေါးနှစ်လက် အာမခံငွေနှ....

သူဌေးကြီးလျှုပင်း....

သော့ဝိဇ္ဇာမှန်ယု....

သိမ်းငှက်လောက်ချစ်က အပြန်ပြန်အလှန်လှန် စဉ်းစားလိုက်၏။

ထို့နောက် သူသည် ခေါးနှစ်လက်အာမခံကို ဦးစားပေး၍ ကူညီရန် ဆုံးဖြတ်လိုက်လေသည်။

....o....

ဤနေရာသည် အေးချမ်းသာယာပြီး တိတ်ဆိတ်သောနေရာတစ်ခု ဖြစ်သည်။

ညှော်ခန်းဆောင်၏ အနောက်ဘက်အတော်ပင် အလှမ်းကွာသော နေရာလည်းဖြစ်၏။

တိတိကျကျဆိုရလျှင် ရွှေကျားရဲ့တိုက် အနောက်ဘက်တောင်ကုန်း ဆင်ခြေလျှောနေရာပင် ဖြစ်သည်။

ရွှေကျားရဲတိုက်တည်ရှိသော တောင်ကုန်းသည် အတော် မတ်စောက်သော်လည်း အနောက်ဘက်တွင်မူ ဆင်ခြေလျှော တင်ခုရှိပြီး မြေအတော်ကျယ်ပေသည်။

ထိုဆင်ခြေလျှောပြီးလျှင်မူ မတ်စောက်သော ချောက်ကမ္ဘားသာ ကျန်ရစ်ပေတော့သည်။ ရုတ်တရက်ကြည့်လျှင် အနောက်ဘက်ကတက်ရန် လွယ်မည်ထင်ရသော်လည်း လက်တွေ့တွင်မူ မည်သို့မျှမလွယ်ပေ။

ထို့ကြောင့်လည်းရွှေကျားရဲတိုက်ရှင်နှင့်တကွအားလုံးသော လူများသည် ဤအနောက်ဘက်လမ်းကို အသုံးမပြုကြပေ။

ရွှေကျားရဲတိုက်သည် တောင်စောင်းတွင် တင်လျက် ဆောက်လုပ်ထားခြင်း ဖြစ်လေသည်။

ဤဆင်ခြေလျှောမှကြည့်လျှင်ချောက်ကမ္ဘားထိပ်တွင် တည်ရှိနေသလို အသည်းယားဖွယ် ကောင်းလှ၏။

လေပြင်းပြင်းသာ တိုက်ခတ်ပါက ရွှေကျားရဲတိုက်တစ်ခုလုံး ချောက်ကမ္ဘားထဲသို့ လွင့်သွားနိုင်သည်ဟု ထင်ရပေသည်။

သိမ်းငှက်လောက်ချစ်မှာ ရွှေကျားရဲတိုက် အနောက်ဘက် ချောက်ကမ္ဘားထဲတွင် ရှိနေ၏။

ထိုချောက်ကမ္ဘားထဲတွင် သစ်ပင်ပန်းမန် ချုံနွယ်များ ရှုပ်ထွေးထူထပ်စွာ ပေါက်နေ၏။



သိမ်းငှက်လောက်ချစ်က အဘယ်ကြောင့် လူသူကင်းမဲ့သော ဤချောက်ကမ္ဘားအတွင်း ရောက်ရှိနေပါသနည်း။

အကြောင်းရင်းကား ရှိပါသည်။

သူ၏အခန်း၌ အေးဆေးငြိမ်သက်စွာ နေထိုင်၍မရပါ။

ယခုသူက အလွန်ထူးဆန်း ရှုပ်ထွေးသော မှုခင်းသုံးခုကို လက်ခံမိနေပြီ ဖြစ်၏။

ထိုမှုခင်းများကို မည်သို့ဖြေရှင်းရမည်ကို အေးအေး ဆေးဆေး တွေးတောလိုသောကြောင့် ဖြစ်ပါသည်။

သိမ်းငှက်လောက်ချစ်မှာ ချောက်ကမ်းပါးအတွင်း ဆင်းလာခဲ့ပြီး တွေ့ရသော ကျောက်တုံးတစ်တုံးပေါ် တက်ထိုင်လိုက်သည်။

ထို့နောက် ဓားနှစ်လက်အာမခံဌာနမှ ပစ္စည်းပျောက်ဆုံးသွားသည့် အကြောင်းကို တွေးတော ဆင်ခြင်လိုက်၏။

ထိုစဉ်မှာပင်....

'ကယ်ကြပါဦး ရှင်'

စူးရှသော အော်သံတစ်ချက် ထွက်ပေါ်လာ၏။
မိန်းကလေးတစ်ယောက်၏ ကြောက်လန့်တကြား အော်ဟစ်လိုက်သံပင် ဖြစ်ပါသည်။

သိမ်းငှက်လောက်ချစ်ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

သူသည် ကျောက်တုံးပေါ်မှ ခုန်ဆင်းကာ အသံလာရာသို့ ပြေးသွားရန် ဟန်ပြင်လိုက်၏။

ထိုအခိုက် သစ်ပင်ချုံနွယ်များကြားမှ တိုးဝှေ့ကာ ပြေးထွက်လာသော မိန်းကလေးတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးအား တွေ့ရသောအခါ သိမ်းငှက်လောက်ချစ်၏ ခြေလှမ်းများ ရပ်တန့်သွား၏။

သူ ကြည့်နေစဉ်ပင် ချုံနွယ်များကြားမှ လူတစ်ယောက် ခုန်ထွက်လာပြီး မိန်းကလေးအား ဖမ်းချုပ်လိုက်လေသည်။

သိမ်းငှက်လောက်ချစ်မှာ မျက်မှောင်ကုတ်သွား၏။

ထိုမိန်းကလေးကို သူသိ၏။

ထိုမိန်းကလေးသည် ဓားနှစ်လက်အာမခံဌာန ခေါင်းဆောင်တုကျူး၏သမီး တုလင်းလင်းပင် မဟုတ်ပါလော။

သိမ်းငှက်လောက်ချစ်က ထိုမိန်းကလေးအား သိသိ မသိသိ အမြင်မတော်လျှင် ကူညီရမည်ဟု တွေးမိလိုက်၏။

ထို့ကြောင့် သူက ကူညီရန် ရှေ့သို့တိုးလိုက်၏။

ခြေနှစ်လှမ်းပင် မတိုးရသေးပါ။

'ဟေ့....မတရား မလုပ်နဲ့၊ မိန်းကလေးကို လွှတ်လိုက်စမ်း'

အော်ငေါက်သံတစ်ချက် ပေါ်ထွက်လာ၏။



အသံနှင့်အတူ လူရိပ်တစ်ရိပ်က သူတို့ရှေ့သို့ ပြူတီကျလာလေသည်။

ထိုလူမှာ အသက်နှစ်ဆယ်ကျော်ခန့်သာရှိသော လူရွယ်တစ်ယောက် ဖြစ်ပေသည်။

ရုပ်ရည်တည်ကြည်ခန့်ညားပြီး အဖိုးတန်ကတ္တီပါဝတ်စုံရှည်ကို ဝတ်ဆင်ထားပေသည်။

ထိုလူရွယ်အား တွေ့ရလျှင် တုလင်းလင်းအား ဖမ်းချုပ်ထားသောလူမှာ မျက်နှာတစ်ချက် ပျက်သွား၏။

ထိုလူရွယ်အား မကျေမနပ်ကြည့်လိုက်ပြီး....

'သခင်လေး အော့စန်းပါလား'

အော့စန်းဟူသောအမည်ကို ကြားရလျှင် ထိုလူရွယ်သည် ရွှေကျားရဲတိုက်သခင် အော့ဝါး၏ တစ်ဦးတည်းသောသားဖြစ်ကြောင်း သိမ်းငှက်လောက်ချစ်က သိလိုက်ရလေသည်။

အော့စန်းက တုလင်းလင်းအား ဖမ်းချုပ်ထားသောလူအား စိုက်ကြည့်လိုက်၏။

ထိုလူမှာ အသက်သုံးဆယ်ကျော်ခန့် ရှိ၏။

အညိုရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

သူ၏မျက်နှာမှာရှည်ပြီး မျက်လုံးများက ကောက်ကျစ်သူတစ်ယောက်နှင့် တူ၏။

အော့စန်းက တစ်ချက်မဲ့လိုက်ပြီး....

'ကျုပ်ကို သိနေပါလား၊ ခင်ဗျား ဘယ်သူလဲ'

ဟု ခပ်မာမာ မေးလိုက်၏။

ထိုသူက....

'ရှဖုံး....'

ဟု အေးတိအေးစက် ပြန်ပြောလိုက်၏။

အော့စန်း ရင်ထိတ်သွား၏။

ရှဖုံးဟူသော အမည်ကိုကြားရသည်နှင့် သူသည် အဘယ်ကြောင့် ယခုလို ဤနေရာတွင် မိန်းကလေး တစ်ယောက်အား စော်ကား မော်ကား လုပ်ရဲသည်ကိုပါ ကောင်းစွာ နားလည်လိုက်၏။

ရှဖုံးသည် မိုးမြေဂိုဏ်းချုပ်၏နောက်ပါးမှ ကပ်လျက်ပါလာသောလူပင် ဖြစ်၏။

မိုးမြေဂိုဏ်းချုပ်၏ ကိုယ်ရံတော်ဟုပြောလျှင် မှားမည်မဟုတ်ပါ။

သူသည် မိုးမြေဂိုဏ်းချုပ်၏ အရှိန်အဝါအားကိုးဖြင့် ထင်ထလို ပြုမူနေခြင်းပင် ဖြစ်ပါသည်။

အော့စန်းက လက်နှစ်ဘက်ဆုပ်လိုက်ပြီး....

'လက်စသတ်တော့ ခနောင်ကြီးက ရှဖုံးကိုး၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ဒီမှာ ဘာပြဿနာများ ရှိနေပါသလဲ'

ဟု လေးစားမဲမာရဲတဲ မေးလိုက်၏။



ရှဖုံးက ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး....

'ကျုပ်မှာ ဘာပြဿနာမှမရှိဘူး၊ အခု မင်းရောက်လာမှပဲ ပြဿနာ ရှိလာတော့တယ်'

ဟု မကျေမနပ်နှင့် ပြောလိုက်၏။

အော့စန်းက နားမလည်ဟန်ဖြင့်....

'ခင်ဗျာ....ကျွန်တော် ရောက်လာမှ ပြဿနာ ရှိလာတယ် ဟုတ်လား'

ရှဖုံးက ဒေါသထွက်သွား၏။

'ဟုတ်တယ်၊ မင်းဒီကို ရောက်လာတော့ ကျုပ်အလုပ်ကို လာပြီး နှောင့်ယှက်တာပဲ'

ထိုအချိန်တွင် ရှဖုံး၏ မျက်နှာသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် တင်းမာ ခက်ထန်နေ၏။

တုလင်းလင်းမှာ ရှဖုံး၏လက်တွင်းမှ မည်သို့မျှ ရုန်းထွက်မရဘဲ ရှိနေ၏။

သူမ၏ မျက်နှာဖြူလျော်နေ၏။

ကြောက်ရွံ့၍ အသားများပင် တဆတ်ဆတ်တုန်နေ၏။

ရှဖုံး၏ မောက်မာသောစကားကြောင့် အော့စန်းမှာ မကျေမနပ် ဖြစ်သွားလေသည်။

အိမ်ရှင်အား ညွှန်သည်က စော်ကားလိုက်သည် မဟုတ်ပါလား။

သို့သော် မိုးမြေကိုကား ချုပ်၏မျက်နှာက ရှိနေ၏။

အော့စန်း ဒေါသကို ချုပ်တည်းလိုက်ပြီး ...

'နောင်ကြီး ရှုဖုံး၊ ဒီနေရာရောက်လာတဲ့သူတိုင်းဟာ ကျုပ်တို့ ရွှေကျားရဲ့တိုက်ရှဲ့ခြင်းသည်တွေပါပဲ၊ တစ်ယောက်နဲ့ တစ်ယောက် အနှောင့်အယှက်မပြုဘဲ နေကြရင် ကောင်းမယ် ထင်ပါတယ်'

ဟု ပြောလိုက်၏။

ထိုစကားကြောင့် ရှုဖုံးက ပို၍ ဒေါသထွက်သွား၏။

သူသည် အော့စန်းအား စိုက်ကြည့်လိုက်၏။

'မင်းက ကျုပ်ကို တရား ဟောနေတာလား'

အော့စန်းက....

'တရားဟောတာ မဟုတ်ဘူး၊ ကျုပ်က အမှန်ပြောနေတာ ရှုဖုံး'

ရှုဖုံး၏ မျက်လုံးတွင် အရောင်ဟာ်ချက် လင်းလက်သွားသည်။

သူသည် လက်ထဲတွင် ချုပ်ကိုင်ထားသော တုလင်းလင်းအား လွှတ်ပေးလိုက်၏။

ထို့နောက် အော့စန်းအား အေးစက်စွာ ပြုံးပြလိုက်ပြီး....

'ကျုပ်ကို နှောင့်ယှက်ရင် ဆုံးမခံရလိမ့်မယ်'

ဟု ပြောရင်း အော့စန်းထံသို့ တစ်လှမ်းချင်း လျှောက်သွားလိုက်လေသည်။

အော့စန်းက အံကြိတ်လိုက်၏။



မောက်မာလှသော ရှုဖုံးအား သူက သည်းညည်းမခံနိုင်တော့ပါ။

တိုက်ခိုက်ရန် အသင့်ပြင်လိုက်လေသည်။

သိမ်းငှက်လောက်ချစ်က ရပ်ကြည့်မနေနိုင်တော့ပါ။

သူသည် ရှုဖုံးနှင့် အော့စန်းကြားသို့ လျှပ်တစ်ချက် ခုန်ဝင်လိုက်၏။

'အားလုံး ရပ်ကြပါ'

ဟုလည်း အော်ဟစ်ဟန့်တားလိုက်၏။

ရှုဖုံးက ကြားဝင်လာသော သိမ်းငှက်လောက်ချစ်အား ဒေါသမျက်လုံးများဖြင့် ကြည့်လိုက်၏။

သူသည် သိမ်းငှက်လောက်ချစ်အား မသိပါ။

ရှုဖုံးက သိမ်းငှက်လောက်ချစ်အား မကျေမနပ်နှင့် ကြည့်လိုက်ပြီး....

'မင်း ဘယ်သူလဲ၊ ဘာကြောင့် မဆိုင်တဲ့ကိစ္စထဲ ဝင်ရှုပ်ချင်တာလဲ၊ ကျုပ် နောက်ဆုံးပြောမယ်၊ မသေချင်ရင် ဒီက အမြန်ဆုံးထွက်သွားစမ်း'

ဟု ဟိန်းဟောက်လိုက်လေ၏။

သိမ်းငှက်လောက်ချစ်က ပခုံးတစ်ချက် တွန့်လိုက်သည်။

'ခက်တာပဲ၊ ကျုပ်က မျက်စိရှေ့မှောက်မှာ မတရားမှုတွေ နေရင် လက်ပိုက်ပြီးကြည့်နေတတ်တဲ့အကျင့်မျိုး မရှိဘူးဗျ'

ရှဖုံးမှာ သူ့အား ခွန်းတုံ့ပြန်ပြောလာသော သိမ်းငှက်လောက်ချစ်အား ဒေါသပိုထွက်သွား၏။

ယခု သိမ်းငှက်လောက်ချစ်က ကြားဝင်လာသော အခါ သူ့အတွက် အကွက်ကောင်းဖြစ်သွား၏။

သူ၏ဒေါသများကို သိမ်းငှက်လောက်ချစ်အပေါ်သို့ ပုံချလိုက်လေသည်။

'မင်းကလဲ သေချင်နေတာကိုး'

သူသည် စကားဆုံးသည်နှင့် ရုတ်တရက် သိမ်းငှက်လောက်ချစ်အား ခုန်အုပ်ကာ တိုက်ခိုက်လိုက်လေသည်။

သိမ်းငှက်လောက်ချစ်က ရှဖုံး၏တိုက်ခိုက်မှုကို မမြင်သည့်အလား ရပ်နေ၏။

ရှဖုံးက ဘယ်လက်သီးအယောင်ပြကာ ညာလက်သီးဖြင့် သိမ်းငှက်လောက်ချစ်၏မျက်နှာကို ထိုးချလိုက်၏။

သူ၏လက်သီးချက်က အလွန်ပင် လျင်မြန်လှသည်။

'ဖတ်....'

သို့သော် ရှဖုံး၏လက်သီး သိမ်းငှက်လောက်ချစ်၏မျက်နှာအား မထိပါ။

သိမ်းငှက်လောက်ချစ်က လက်တစ်ဘက် အသာဝေ့ယမ်းကာ ရှဖုံး၏လက်သီးကို ဖမ်းဆုပ်ထားလိုက်သည်။

ရှဖုံး ရင်ထိတ်သွား၏။



သူသည် လက်ကို အမြန်ပြန်ရုပ်လိုက်သည်။

သို့သော် သိမ်းငှက်လောက်ချစ်၏ လက်အတွင်းမှ မည်သို့မျှ ပြန်ရုပ်၍မရ ဖြစ်နေသည်။

ရှဖုံး၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

အလွန်ထိတ်လန့်သွား၏။

သူ့အား တစ်ကွက်တည်းနှင့်အနိုင်ယူလိုက်သော သိမ်းငှက်လောက်ချစ်အား မျက်လုံးပြူး ကြည့်လိုက်ပြီး....

'မင်း....မင်း....ဘယ်သူလဲ'

ဟု ထိတ်လန့်စွာ မေးလိုက်၏။

သိမ်းငှက်လောက်ချစ်က ပြုံးပြလိုက်ပြီး....

'ကျုပ် ဘယ်သူဆိုတာ အရေးမကြီးပါဘူး၊ ခင်ဗျားက နောက်ဆိုရင် ဒီလိုအကျင့်မျိုး ဆင်ခြင်ပါ'

သူသည် ပြောပြီးသည်နှင့် ဖမ်းဆုပ်ထားသောလက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်သည်။

'ဝုန်း....'

ရှဖုံး၏ခန္ဓာကိုယ်မှာ ဒယီးဒယိုင်နှင့် နောက်သို့ ခြေလှမ်းငါးလှမ်းခန့် ဆုတ်သွားပြီးမှ ကိုယ့်ကိုကိုယ် ပြန်ထိန်းလိုက်နိုင်သည်။

ရှဖုံး၏မျက်နှာ နီရဲသွား၏။

သူသည် ရှက်သွားပြီး ခေါ်သလည်း အလွန်ထွက်သွား၏။ သို့သော် သိမ်းငှက်လောက်ချစ်အား ထပ်၍လည်း မတိုက်ခိုက်ဝံ့ဘဲ ရှိနေလေသည်။

ရှုဖုံးက အံကြိတ်လိုက်ပြီး....

'မင်း....မင်း....အခုမဲ ကျုပ်အကြောင်း သိစေရမယ်'

သူသည် ကြိမ်းမောင်းပြီးသည်နှင့် ချောက်ကမ်းပါးအပေါ်သို့ ခုန်အက်သွားသေတော့သည်။

ပထမပိုင်းပြီး၏။

[ဒုတိယပိုင်းဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်]

နန္ဒကျော်သူ